ပူဇာစ ပူဇနေယျာနံ ဧတံ မင်္ဂလ မုတ္တမံ၊ ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၅ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်၊ ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၁)၊ အမှတ်(၉၁)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ် ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှအတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့်တိုင်းရင်းသားပြည်သူတို့၏ လက် ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုး သားရေးလက္ခဏာများမပျောက်ပျက် အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုစိတ်ဓာတ်တွင် အခြေပြုသည့် သွေးရင်းသားချင်းများ

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသား လူမျိုးများ မှီတင်းနေထိုင်လျက်ရှိကြရာ အသီးတစ်ရာ အညှာ တစ်ခုဆိုသည့်အတိုင်း ယဉ်ကျေးမှုဓလေ့ထုံးတမ်း၊ ဘာသာ စကားနှင့် လူမှုရေးစနစ်များအရ အသွင်သဏ္ဌာန် ကွဲပြား သယောင်ရှိစေကာမူ အနှစ်သာရအားဖြင့် ပြည်ထောင်စုသွေး၊ ပြည်ထောင်စုစိတ်ဓာတ်တွင် အခြေပြုထားသည်ဖြစ်၍ အညှာ တစ်ခုတည်းမှ ပေါက်ဖွားသီးပွင့်နေကြသော သွေးရင်း သားချင်းများ ဖြစ်ကြပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

(၅၆)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာမှ–

မြို့ပတ်ရထားလမ်းပိုင်းတွင်အစားထိုးအသုံးပြုမည့် ရထားတွဲဆိုင်းသစ် စတင်အသုံးပြုခြင်းအခမ်းအနား တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေတက်ရောက်အားပေး

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ မြို့ပတ်ရထားလမ်းပိုင်းတွင် အစားထိုးအသုံးပြုမည့် ရထား တွဲဆိုင်းသစ် စတင်အသုံးပြုခြင်း အခမ်းအနားတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဒီဇင်ဘာ ၂၉

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ မြို့ပတ်ရထားလမ်းပိုင်းတွင် အစားထိုးအသုံးပြုမည့် ရထား တွဲဆိုင်းသစ် စတင်အသုံးပြုခြင်း အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်ဘူတာကြီး အမှတ်(၁)စကြံ၊ အမှတ်(၁) ပလက်ဖောင်း၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အားပေးသည်။

ဒီဇိုင်းဆွဲတည်ဆောက်ခဲ့

ရှေးဦးစွာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက မြို့ပတ်ရထားလမ်းပိုင်းတွင် အစားထိုး အသုံးပြုမည့် ရထားတွဲဆိုင်းသစ် စတင်အသုံးပြုခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာ၌ နိုင်ငံတော် အကြီးအကဲက ပြည်သူများကို ဝန်ဆောင်မှုပေးနေသည့်ရထားပြေးဆွဲရေး လုပ်ငန်းကို အဆင့်မြှင့်တင်ရေး၊ ပြည်ပမှ မှာယူတင်သွင်း နေရသည့် စက်ခေါင်းနှင့်တွဲများကို ပြည်တွင်းမှာပင် တီထွင် အစားထိုးပြေးဆွဲနိုင်ရေးအတွက် လမ်းညွှန်ခဲ့ကြောင်း၊ ထိုလမ်း ညွှန်ချက်များကို

စာမျက်နှာ ၃ ကော်လံ ၄ ✻

ရန်ကုန်နှင့်တိုးကြောင်ကလေးအကြား ပြေးဆွဲမည့်ရထားတွဲဆိုင်းသစ်ကြီး မြို့တော်နေပြည်သူများသွားလာမှုအဆင်ပြေရေး မြန်မာ့မီးရထားကကြိုးပမ်းတီထွင်ထုတ်လုပ်

သတင်းဆောင်းပါး–မောင်မောင်ထွေး
သတင်းမှတ်တမ်း–ရွှေထူး၊ လှမိုး(သတင်းစဉ်)

ရန်ကုန် ဒီဇင်ဘာ ၂၉

ပြီးခဲ့သော နိုဝင်ဘာ ၁၅ရက်က ရထားပို့ဆောင်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထား၏စီစဉ်မှုဖြင့် ဖောက်လုပ်ခဲ့သော အုတ်ဖိုစု–သီလဝါရထားလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ သတင်းထုတ်ပြန်ရေးတာဝန်ဖြင့် ရထားလမ်းသစ်ကြီး တစ်လျှောက် ရထားကြီးနှင့်အတူ လိုက်ပါစီးနင်းခွင့်ရခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

မြို့တော်ရန်ကုန်မှမြို့တော်သူမြို့တော်သားများ သွားလာမှု အဆင်ပြေချောမွေ့ရေး ပြေးဆွဲပေးမည့် ရထား တွဲဆိုင်းသစ်ကြီးကို မြို့တော်ရန်ကုန်ဘူတာကြီး၌ မထွက်ခွာမီ တွေ့ရစဉ်။ ဓာတ်ပုံမှတ်တမ်း–ရွှေထူး (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

အယ်ဒီတာ့ အာဘော်

(၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်)

ကန်တော်ကြီးနှင့် တိရစ္ဆာန်ဥယျာဉ် အဆင့်မြှင့်ရေး ဝီရိယစိုက်ထုတ် စေတနာထား ကြိုးပမ်းဆောင်ရွက်

ရန်ကုန်မြို့တော်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ မြို့တော်ဖြစ်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံတကာ ဆက်သွယ်ဆက်ဆံရေး ကဏ္ဍအသီးသီး၏ ဗဟိုချက်လည်းဖြစ်သည်။ နိုင်ငံတော်၏ ဂုဏ်ကျက်သရေဆောင် မြို့တော်ကြီးလည်းဖြစ်သည်။

နိုင်ငံတော်က ရန်ကုန်မြို့တော်ကြီးကို နိုင်ငံတကာမြို့တော်များ၏ ဂုဏ်အင်္ဂါရပ်များနှင့် အညီအညွတ်ဖြစ်စေရန် အဆင့်မြင့်အိမ်ရာများ၊ အထပ်မြင့်အဆောက်အအုံများ၊ ခေတ်မီဟိုတယ်ကြီးများ၊ ပန်းဥယျာဉ်များ၊ ခေတ်မီဈေးများ၊ သန့်ရှင်းသပ်ရပ်သော လမ်းမကြီးများ၊ လူသွားလမ်းများ၊ လမ်းလယ်ကျွန်းများနှင့် အဝိုင်းများ စသည်တို့ကို ရှုချင်စဖွယ် ပသာဒလှပရေး ပြုပြင်မွမ်းမံ တည်ဆောက်ပေးလျက်ရှိသည်။

ကန်တော်ကြီးဥယျာဉ်နှင့် တိရစ္ဆာန်ဥယျာဉ်တို့သည် ရန်ကုန်မြို့တော်၏ ကျက်သရေဆောင် ဥယျာဉ်များဖြစ်သည်။ စိတ်ပင်ပန်းနွမ်းနယ်နေသူများကို ပျော်ရွှင်ကြည်နူး အပန်းဖြေစေနိုင်သည့် နေရာဒေသများဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်က ကန်တော်ကြီးဥယျာဉ်နှင့် တိရစ္ဆာန်ဥယျာဉ်တို့ကို အဆင့်မြှင့် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြှင့်တည်ဆောက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာလ ၁၄ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ကန်တော်ကြီးဥယျာဉ် Central Symbol Zone ရှိ Water Plaza တည်ဆောက်ရေးလုပ်ငန်းယာယီရှင်းလင်းဆောင်၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင်–

“ယနေ့ရန်ကုန်မြို့တော်ကြီးကို နိုင်ငံတကာမြို့တော်ကြီးများကဲ့သို့ မြို့တော်အင်္ဂါရပ်များနှင့်အညီ သာယာလှပရေးနှင့် ကန်တော်ကြီးနှင့် တိရစ္ဆာန်ဥယျာဉ်များ ဘက်စုံအဆင့်မြှင့်တင်ရေးအတွက် ကော်မတီများ ဖွဲ့စည်းတာဝန်ပေးထားပြီးဖြစ်ရာ မိမိတို့ကဏ္ဍအလိုက် လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစေရေးအတွက် လုပ်ဆောင်ဖွယ်ရာများကို အသိတရားနှင့် စေတနာထားပြီး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရေး”

မှာကြားသည်။

ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြှင့် တည်ဆောက်ရေးလုပ်ငန်းများကို ဇုန်လေးဇုန်ခွဲ၍ ဇုန်များအလိုက် လုပ်ငန်းများတစ်ချိန်တည်း တစ်ပြိုင်တည်း ဆောင်ရွက်လျက်ရှိသည်။ Central Symbol Zone, Water Plaza, Education Zone, Relaxation Zone, Central Forest Zone တည်ဆောက်ရေးလုပ်ငန်းများကို ကော်မတီအသီးသီးက အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။

မြန်မာနိုင်ငံသည် သဘာဝသယံဇာတ အရင်းအမြစ်များ ပေါများကြွယ်ဝသည့် နိုင်ငံဖြစ်သည်။ နေရာတိုင်း၊ ဒေသတိုင်းတွင် သဘာဝကပေးအပ်ထားသည့် အခြေခံကောင်းများကို တီထွင်ကြံဆပြီး တန်ဖိုးမြင့်မားလာစေရန် ဖန်တီးဖော်ဆောင်ကြမှသာလျှင် စီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်၍ လူနေမှုဘဝ မြင့်မားလာနိုင်မည်ဖြစ်သည်။ ထို့ကြောင့် မိမိတို့တွင် ရှိပြီးဖြစ်သည့် သဘာဝအခြေခံကောင်းများကို တီထွင်ကြံဆမှု၊ ဝီရိယစိုက်ထုတ်မှုတို့ဖြင့် ပိုမိုကောင်းမွန် တန်ဖိုးမြင့်မားလာစေရန် ဖော်ထုတ်အလုပ်လုပ်သွားကြရန် လိုအပ်ပေသည်။

ကမ္ဘာပေါ်တွင် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာအလယ်၌ ရင်ပေါင်တန်း ဝင်ဆံ့နိုင်ရေးအတွက် မိမိတို့တွင်ရှိသည့် အခြေအနေများကို တီထွင်ကြံဆပြီး ဝီရိယစိုက်ကြိုးပမ်းအားထုတ် အလုပ်လုပ်မှုကြောင့် အောင်မြင်တိုးတက်မှုများ ရရှိသည့်နိုင်ငံများကို တွေ့မြင်နေရသည်။ ယင်းနိုင်ငံများ တိုးတက်ကြီးပွားလာခြင်း၏ ပင်ကိုအနှစ်သာရမှာ တီထွင်ကြံဆနိုင်မှုနှင့် ဝီရိယစိုက်ထုတ် အလုပ်လုပ်ကိုင်နိုင်မှုတို့ကြောင့်ပင် ဖြစ်သည်။

သို့ဖြစ်ရာ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) ဘက်စုံအဆင့်မြှင့် တည်ဆောက်ရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် ဗဟိုမှသည်အောက်ခြေအထိ ဌာနဆိုင်ရာများအနေဖြင့် မိမိတို့၏ အတွေ့အကြုံ၊ အတတ်ပညာ၊ အသိအမြင်များကို အရင်းပြု၍ ဝီရိယစိုက်ထုတ် စေတနာထား ကြိုးပမ်းလုပ်ကိုင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းနှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဒီဇင်ဘာ ၂၉

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း ဒသမအကြိမ် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို ဒီဇင်ဘာ ၂၆ရက် ညနေ၅နာရီက ရန်ကုန်မြို့ ပြည်လမ်း ခြောက်မိုင် အမှတ် ၈၈ ရှိ အပြည်ပြည်ဆိုင်ရာစီးပွားရေးဗဟိုဌာန(IBC)၌ ကျင်းပရာ သမဝါယမဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဇွေးဦး၊ သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အသင်းဝင်သစ်လုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိမြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်လွင်က အဖွင့်အမှာစကားပြောကြားပြီး သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးအေးလွင်က အလုပ်အမှုဆောင်အဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြ၍ အတည်ပြုချက်ရယူသည်။

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်လွင်က နိဂုံးချုပ် အမှာစကားပြောကြားကြောင်း သိရသည်။

(က–ပ)

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်က ကြီးမှူးဖွင့်လှစ်သည့် အသုံးချ စာရင်းနှင့် အုပ်ချုပ်မှု ပညာ (Applied Accounting & Management) UMFCCI Level I,II,III သင်တန်းဆင်းပွဲတွင် ပညာရေးဆိုင်ရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင် သင်တန်းဆင်းလက်မှတ် ပေးအပ်စဉ်။ (က–ပ)

ကွန်ပျူတာသင်တန်းများ တက်ရောက်နိုင်

ရန်ကုန် ဒီဇင်ဘာ ၂၉

ACE Data Systems မှ Software Engineering သင်တန်းများအပြင် Company ဝန်ထမ်းများနှင့် Company တွင် အလုပ်လုပ်ရန် ရည်ရွယ်ထားသူများအတွက် လိုအပ်သောအခြေခံသင်တန်း(IT for Office Work)ကို လစဉ်တန်းခွဲသစ်များဖွင့်လှစ်၍လည်းကောင်း၊တစ်ဦးချင်းစီကိုလည်းကောင်း စနစ်တကျသင်ကြားပေးလျက်ရှိသည်။ဘာသာရပ်များမှာ Microsoft Word,Microsoft Excel,Microsoft Powerpoint , Microsoft Access တို့ဖြစ်ပြီး Computer အသုံးပြုတတ်သူတိုင်း Internet အသုံးပြုနိုင်စေရန် ရည်ရွယ်၍ Internet/E.mail ဘာသာရပ်ကိုပါ ထည့်သွင်းသင်ကြားပေးလျက်ရှိသည်။

ထို့ပြင် စာရင်းကိုင်ပညာဖြင့် နေ့စဉ်လုပ်ငန်းဆောင်တာများအတွက် Computer ကို အသုံးပြုပြီး လုပ်ကိုင်နိုင်ရန်နှင့် IT knowledge & skill များ ရရှိလာစေရန် (IT for Accountants)သင်တန်းကို အတွေ့အကြုံရှိ C.P.A များက ကြီးကြပ်၍ လစဉ်တန်းခွဲသစ်များ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ သင်တန်းများအတွက် ၃၈လမ်း၊ပလာဇာ(ဒုတိယထပ်)၊ဆိပ်ကမ်းသာလမ်း၊ ဖုန်း–၂၅၄၈၂၄ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က–ပ)

သီးသန့်ကောင်းကင် စာပေ တိုက် အမှတ် ၆၂ ဦးကြွယ်ဟိုးလမ်း ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း– ၅၁၂၅၈၃ က ထုတ်ဝေဖြန့်ချိသော ဆရာတက်တိုး၏ လန်ချားသမားစာအုပ်မျက်နှာဖုံး။ (က–ပ)

အသုံးချစာရင်းနှင့် အုပ်ချုပ်မှုပညာ သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်က ကြီးမှူး ဖွင့်လှစ်သော အသုံးချစာရင်းနှင့် အုပ်ချုပ်မှုပညာသင်တန်း (Applied Accounting & Management , UMECCI Level) I,II,III ဆင်းပွဲကို ဒီဇင်ဘာ၂၄ရက်က ရန်ကုန်မြို့ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌဦးဝင်းမြင့်နှင့် အထွေထွေ အတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်တို့က သင်တန်းဆင်း အမှာစကားပြောကြားကြပြီး ပညာရေးဆိုင်ရာ လုပ်ငန်းကော်မတီဝင်များနှင့် တာဝန်ရှိသူများက သင်တန်းဆင်း လက်မှတ် ပေးအပ်ကြ၍ အကြံပေး ပုဂ္ဂိုလ် ဦးခင်မောင်ရီက ဆုရသူများနှင့် သင်တန်း ဆရာ ဆရာမများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြောက်ဦးမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဒီဇင်ဘာ ၂၉

မြောက်ဦးမြို့နယ်အသင်း(ရန်ကုန်)၏ (၁၀)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊သက်ကြီးပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုပေးပွဲကို ၂၀၀၄ခုဇန်နဝါရီ၁ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ဦးထောင်ဗိုလ်လမ်း ဩဝတီ သာသနာပြုကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။ အသက်(၈၀)ပြည့်ပြီး အသင်းဝင်များနှင့် ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့်အောင်မြင်ကြသောသားသမီးများသည် အမှတ်စာရင်း ထောက်ခံချက်နှင့်အတူ တိုက် ၅အခန်း၆ အမှတ် ၁ရပ်ကွက်၊ ရန်ကင်း ဖုန်း–၅၇၂၉၄၄ သို့ ဇန်နဝါရီ ၆ရက် နောက်ဆုံးထား ပေးပို့ရမည် ဖြစ်သည်။

(သတင်းစဉ်)

■ ရန်ကုန်မှ

ယခုမူ ရှိနှင့်ပြီး ရထားလမ်းပိုင်းပေါ်တွင် ရထားတွဲဆိုင်းသစ်ကြီးနှင့်အတူ လိုက်ပါစီးနင်းခွင့် ရခဲ့ပြန်ချေပြီ။ ရန်ကုန်ဘူတာကြီးရောက်သည်နှင့် သတင်းအဖွဲ့ကို အမှတ်(၁)စကြံ၊ အမှတ်(၁)ပလက်ဖောင်းရှေ့တွင် လှပသစ်လွင်သော ရထားတွဲဆိုင်း တစ်စင်းက အသင့်ဆီးကြိုနေသည်။

သိပ်သည်းများပြား

ရန်ကုန်မြို့တော်ကြီးသည် အခြားသော နိုင်ငံတကာမြို့ပြများနည်းတူ လူဦးရေနေထိုင်မှုမှာ သိပ်သည်းများပြားလှသည်။ နိုင်ငံတော်က ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးအဖြစ် အဘက်ဘက်က တည်ဆောက်နေချိန်တွင် လူတိုင်းလူတိုင်း ကဏ္ဍအလိုက် အလုပ်တာဝန်ကိုယ်စီကိုယ်စီဖြင့် နံနက်မိုးသောက် အလင်းရောက်ချိန်မှ ညမိုးချုပ်သည်အထိ မြို့ပြအတွင်း စီးမျောသွားလာလျက်ရှိကြသည်။

ခေတ်မီမြို့ပြသင်္ကေတအဖြစ် ရန်ကုန်မြို့တော်ကြီး၏ ယာဉ်ကြောတစ်လျှောက်တွင် ကားကြီး၊ ကားငယ် အသွယ်သွယ်ဖြင့် ယာဉ်တန်းတို့က အဆက်မပြတ်၊ မြို့တော်နေပြည်သူတို့လည်း လူးလာခတ်တုံ အမျှင်တန်းမပြတ်ကြ။

မြို့တော်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရေးအတွက် မြန်မာ့မီးရထားသည် နေ့စဉ်

ရထား ၁၄ ဆိုင်းသုံးပြီး ရထားခရီးစဉ် ၁၅၄ ခေါက်ကို ပြေးဆွဲ ဝန်ဆောင်လျက်ရှိပြီး ခရီးသည် ၇၀၀၀၀ ခန့်ကို သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။

ယခုလက်ရှိ မြို့ပတ်နှင့် ဆင်ခြေဖုံးတွင် ပြေးဆွဲလျက်ရှိသည့် ရထားတွဲဆိုင်းများမှာ ပြင်သစ်နိုင်ငံလုပ် ရထားစက်ခေါင်းများနှင့် ဂျာမနီနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံလုပ် လူစီးတွဲများ ပေါင်းစပ်ပြီး ဖွဲ့စည်းထားသည့် တွဲဆိုင်းများ ဖြစ်ကြသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပြည်သူများကို ဝန်ဆောင်မှုပေးနေသည့် ရထားပြေးဆွဲရေးလုပ်ငန်းကို အဆင့်မြှင့်တင်နိုင်ရန်၊ ပြည်ပမှ မှာယူတင်သွင်းနေရသည့် စက်ခေါင်းနှင့် တွဲများကို ပြည်တွင်းမှာပင် တီထွင်အစားထိုးပြေးဆွဲနိုင်ရန် လမ်းညွှန်မှာကြားခဲ့ရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ ယခုလက်ရှိ ပြေးဆွဲနေသည့် စက်ခေါင်း၊ လူစီးတွဲများ သက်တမ်းအိုမင်းလာသည်နှင့်အမျှ အစားထိုးနိုင်ရန် စဉ်းစားရာတွင် ယခုထက် အဆင့်အတန်းမြင့်ပြီး ကုန်ကျစရိတ် သက်သာစေမည့် ရထားတွဲဆိုင်းများကို ပြည်တွင်းမှာပင် ထုတ်လုပ်နိုင်ရန် စတင်ကြိုးပမ်းခဲ့ကြသည်။

မြန်မာ့မီးရထားက ထိုသို့ ကြိုးပမ်းဖော်ဆောင်ရာတွင် ပထမခြေလှမ်းအဖြစ် ဒီအမ်ယူ ရထားတွဲဆိုင်းကို တီထွင်ထုတ်လုပ်နိုင်ခဲ့ပြီး ဒီအမ်ယူတွဲဆိုင်း လေးဆိုင်းမှာ ခရီးသည်သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် အောင်မြင်စွာ ပြေးဆွဲလျက်ရှိသည်။

ပေါင်းစပ်ဖွဲ့စည်း

ယခု ဒုတိယခြေလှမ်းအဖြစ် Rail Bus ကိုထုတ်လုပ်နိုင်ခဲ့ပြန်ပါသည်။ ယခုတွဲဆိုင်းသစ်မှာ လူစီးစက်ခေါင်း နှစ်ခေါင်းနှင့် လူစီးတွဲ လေးတွဲကို ပေါင်းစပ်ဖွဲ့စည်းထားခြင်းဖြစ်သည်။

လူစီးစက်ခေါင်း နှစ်ခေါင်းမှာမူ နိုင်ငံတော်ဝန်ကြီးချုပ်မှ တစ်ဆင့် ဂျပန်နိုင်ငံ System Chubu Co., Ltd. နှင့် ဒို့ပြည်သား Enterprises Ltd. တို့က မြန်မာ့မီးရထားသို့ ပေးလှူခဲ့သည့် လူစီးစက်ခေါင်းများ ဖြစ်ကြသည်။

ဒီဇိုင်းရေးဆွဲတည်ဆောက်

လူစီးတွဲ လေးတွဲကိုမူ မြန်မာ့မီးရထား မြစ်ငယ်တွဲတည်ဆောက်ရေးစက်ရုံက ဒီဇိုင်းဆွဲတည်ဆောက်ခဲ့ခြင်းဖြစ်ပေသည်။ တည်ဆောက်ရာတွင် ဂျပန် လူစီးစက်ခေါင်း အရွယ်အစားနှင့် လိုက်လျောညီထွေရှိစေရန် တွက်ချက်ပြီး ဒီဇိုင်းပုံစံသစ် ရေးဆွဲကာ ကြိုးပမ်းတည်ဆောက်ခဲ့ခြင်းဖြစ်ပေသည်။ လူစီးတွဲတစ်တွဲ တန်ဖိုးမှာ မြန်မာငွေကျပ် ၂၈ ဒသမ ၅ သန်း ကုန်ကျခဲ့သည်။

တင်ဆောင်နိုင်သည့် ခရီးသည်ဦးရေမှာ လူစီးစက်ခေါင်း နှစ်ခေါင်းတွင် ထိုင်စီးခရီးသည် ၇၂ ဦးနှင့် ရပ်စီးခရီးသည် ၁၁၂ ဦး၊ လူစီးတွဲ လေးတွဲတွင် ထိုင်စီးခရီးသည် ၁၆၀ ဦးနှင့် ရပ်စီးခရီးသည် ၃၂၀ ဦး စုစုပေါင်းခရီးသည် ၆၆၄ ဦးကို သယ်ယူပို့ဆောင်နိုင်မည် ဖြစ်ပေသည်။

အလားတူ လူစီးတွဲဆိုင်းသစ်များကို ဆက်လက်တည်ဆောက်လျက်ရှိပြီး မြို့ပတ်နှင့် ဆင်ခြေဖုံးခရီးစဉ်များတွင် အစားထိုးအသုံးပြုသွားမည်ဟု ကြားသိရသည်။

ယခု ရထားတွဲဆိုင်းသစ်ကို ဒီဇင်ဘာ ၃၀ ရက်မှ အစပြု၍ ရန်ကုန်-တိုးကြောင်ကလေး လမ်းပိုင်းတွင် အသုံးပြုသွားမည် ဖြစ်ပေသည်။

ဘူတာစဉ်ပေါင်း

မိမိတို့ စီးနင်းလိုက်ပါလာသော ရထားတွဲဆိုင်းသစ်သည် ရန်ကုန်ဘူတာကြီးမှအစပြု၍ မြို့ပတ်ရထားလမ်းခရီးစဉ်မိုင်ပေါင်း ၂၈ ဒသမ ၅ မိုင်၊ မြို့ပတ်ဘူတာစဉ်ပေါင်း ၃၈ ဘူတာကို တရိပ်ရိပ်ကျော်ဖြတ်၍ ခရီးနှင်လျက်ရှိသည်။ ဆင်ခြေဖုံးဒေသအသီးသီးက ပြည်သူများသည် ရထားတွဲဆိုင်းသစ်ကြီးကို လက်များဝှေ့ယမ်းနှုတ်ဆက်၍ ခရီးဦးကြိုဆိုလျက် ရှိကြသည်။

ရထားတွဲဆိုင်းသစ် စက်ခေါင်း တစ်ဖက်တစ်ချက်ဆီမှ လွင့်ထူထားသော ပြည်ထောင်စုအလံတော်သည် တဖျပ်ဖျပ်၊

မြို့တော်ရန်ကုန်နေ မြို့တော်သူ မြို့တော်သားများ သက်သောင့်သက်သာ အဆင့်အတန်းမြင့်မြင့် စီးနင်းနိုင်ရေးအတွက် မြန်မာ့မီးရထား မြစ်ငယ် တွဲတည်ဆောက်ရေးစက်ရုံက ပုံစံထုတ်တည်ဆောက်ထားသည့် ရထားတွဲဆိုင်းသစ် လူစီးတွဲကို တွေ့ရစဉ်။

ဓာတ်ပုံ-လှမိုး (သတင်းစဉ်)

တလှပ်လှပ်နှင့် ဝင့်ဝင့်ဝါးဝါး လွင့်ပျံလျက်ရှိပေသည်။ လမ်းဘေးဝဲယာ တစ်ဖက်တစ်ချက်မှ မြို့တော်နေပြည်သူအပေါင်းမှာလည်း လက်များဝှေ့ယမ်း၍ ခရီးဦးကြိုဆိုလျက် ရထားတွဲဆိုင်းသစ်ကြီးပေါ်မှ မြင်လိုက်ရသော ထိုမြင်ကွင်း၊ ထိုပုံရိပ်နှင့် ရင်တွင်းခံစားမှုတို့ ပေါင်းစုံအခိုက်တွင် နှုတ်ဖျားမှ "ဩော်-သမိုင်းတစ်ခေတ် ဆန်းသစ်နေပြီပဲ" ဟု တီးတိုးရွတ်ဆိုမိပါတော့သည်။ ။ **(မြန်မာ့အလင်း)**

ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလဆောက်တည်ကြသည့် ဥပုသ်နေ့ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေး နှိုးဆော်အပ်ပါသည်။

✻ မြို့ပတ်မှ

အကောင်အထည်ဖော်နိုင်ရန် မြန်မာ့မီးရထားက ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပထမခြေလှမ်းအဖြစ် ဒီအမ်ယူ ရထားတွဲဆိုင်းကို တီထွင်ထုတ်လုပ်နိုင်ခဲ့ပြီး ဒီအမ်ယူတွဲဆိုင်း လေးဆိုင်းမှာ ခရီးသည် သယ်ယူပို့ဆောင်ရေး ကဏ္ဍတွင် အောင်မြင်စွာ ပြေးဆွဲလျက်ရှိကြောင်း၊ ယခုတစ်ဖန် မြန်မာ့မီးရထား၏ ဒုတိယခြေလှမ်းဖြစ်သည့် Rail Bus ကို ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ ယခု တွဲဆိုင်းသစ်မှာ လူစီးစက်ခေါင်း နှစ်ခေါင်းနှင့် လူစီးတွဲ လေးတွဲကို ပေါင်းစပ်ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ လူစီးစက်ခေါင်း နှစ်ခေါင်းကို နိုင်ငံတော်ဝန်ကြီးချုပ်က တစ်ဆင့် ဂျပန်နိုင်ငံ System Chubu Co., Ltd. နှင့် ဒို့ပြည်သား Enterprises Ltd. တို့က မြန်မာ့မီးရထားသို့ ပေးလှူသည့် လူစီးစက်ခေါင်းများဖြစ်ပြီး လူစီးတွဲ လေးတွဲကိုမူ မြန်မာ့မီးရထား မြစ်ငယ် တွဲတည်ဆောက်ရေးစက်ရုံက ဒီဇိုင်းဆွဲတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း။

အထူးကျေးဇူးတင်

မြန်မာ့မီးရထား အခန်းကဏ္ဍ မြှင့်တင်နိုင်ရေး၊ ခရီးသွားပြည်သူများကို ပိုမိုဝန်ဆောင်မှုပေးနိုင်ရေးအတွက် ကူညီခဲ့ကြသည့် နိုင်ငံတော်အကြီးအကဲများ၊ ဌာနဆိုင်ရာများ၊ လူစီးစက်ခေါင်း လှူဒါန်းခဲ့သော ဂျပန်နိုင်ငံ System Chubu Co., Ltd. နှင့် ဒို့ပြည်သား Enterprises Ltd. နှင့် မြန်မာ့မီးရထားဝန်ထမ်းအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ဒုတိယဝန်ကြီးများသည် မြို့ပတ်ရထားလမ်းပိုင်းတွင် အစားထိုး အသုံးပြုမည့် ရထားတွဲဆိုင်းသစ်ကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် တိုင်းမှူး၊ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်နှင့် ဒုတိယဝန်ကြီးများသည် ရထားတွဲဆိုင်းသစ်ဖြင့် ရန်ကုန်မြို့ပတ်ရထားလမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးကြသည်။

တင်ဆောင်နိုင်

မြို့ပတ်ရထားလမ်းပိုင်းတွင် လက်ရှိအသုံးပြုထားသော ရထားတွဲဆိုင်းများမှာ ပြင်သစ်နိုင်ငံလုပ် စက်ခေါင်းများ၊ ဂျာမနီနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံလုပ် လူစီးတွဲများကို အသုံးပြုထားခြင်းဖြစ်ပြီး ယခု အစားထိုး ပြေးဆွဲမည့် ရထားတွဲဆိုင်းသစ်တွင် ဂျပန်နိုင်ငံမှ Rail Bus စက်ခေါင်း နှစ်ခေါင်းနှင့် မြန်မာ့မီးရထား မြစ်ငယ် တွဲတည်ဆောက်ရေးစက်ရုံမှ တည်ဆောက်ထားသော လူစီးတွဲ လေးတွဲဖြင့် ခရီးသည် စုစုပေါင်း ၆၆၄ ဦး တင်ဆောင်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

တောင်ဥက္ကလာပမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော မြို့နယ်မှုကြိုကျောင်း၊ ရပ်ကွက်အသင်းခွဲများ၏ မူကြိုကျောင်းများပါဝင်သော မူကြိုကျောင်းပေါင်းစုံ ဉာဏ်စွမ်းရည်ပြိုင်ပွဲနှင့် ဆုပေးပွဲကို ဒီဇင်ဘာ၂၇ရက်က အထက(၁) သီရိရတနာခန်းမတွင်ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေးက ဆုရကလေးငယ်တစ်ဦးအား ဆုချီးမြှင့်စဉ်။ (က-ပ)

မြောက်ပိုင်းခရိုင်အဆင့် ဝတ်ရွတ်ပြိုင်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၉

ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရန်ကုန်မြောက်ပိုင်းခရိုင်မိသားစု စည်းကမ်းထိန်းသိမ်းရေးကော်မတီ)က ကြီးမှူးကျင်းပသော ခရိုင်အဆင့် မိသားစုဝတ်ရွတ်ပြိုင်ပွဲကို ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်ကြို့ကုန်းအရှေ့ရပ်ကွက်၊ သီရိရတနာဓမ္မာရုံတွင် ဒီဇင်ဘာ ၂၆ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့သည်။

ဝတ်ရွတ်ပြိုင်ပွဲသို့ ခရိုင်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်မှ ဝတ်ရွတ်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပထမဆုရ ရွှေပြည်သာမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဝတ်ရွတ်အသင်းအား ရန်ကုန်တိုင်း အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန တိုင်းအုပ်ချုပ်ရေးမှူး၏ ဇနီး ဒေါ်ခင်မျိုးသူက ဆုချီးမြှင့်သည်။

(ယာပုံ)(က-ပ)

ဆုချီးမြှင့်

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း (၁၀)နှစ်ပြည့် အထိမ်းအမှတ် လျှပ်တစ်ပြက်ဓာတ်ပုံပြိုင်ပွဲ ဆုပေးပွဲကို ဒီဇင်ဘာ ၂၆ ရက်က မြန်မာနိုင်ငံ ဓာတ်ပုံအသင်းတိုက်၌ ကျင်းပရာ ပန်းဝါသနာရှင်အသင်းမှ ဦးစောလွင်က ဒုတိယဆုရရှိသော ကိုဟန်မင်းဦး Best Digital Photo Studio အား ဆုချီးမြှင့်စဉ်။ (က-ပ)

ဟာသဂျာနယ်ဖြန့်ချိ

ရန်ကုန် ဒီဇင်ဘာ ၂၉

ကာတွန်း တွတ်တွတ်၏ မျက်နှာဖုံး ကာတွန်းနှင့် ကာတွန်း မြေဇာ၏ ကိုကိုစိန်ရိုး ကာတွန်းဇာတ်လမ်းတို့ အပါအဝင် ဆရာ သာဂဒိုး၊ ဆရာ လဒ၊ ကာတွန်း မြင့်သိန်း၊ သုဝဏ္ဏကျော်စိန်၊ အဏ္ဏဝါစိုးမိုး၊ ဖိုးဉာဏ်၊ ကာတွန်းမြင့်စိုးလေး၊ မိုးကြို(ဗေဒင်)၊ ဆြာကြီးထိန်၊ မောင်သွေးရင့်၊ ကျော်သစ်၊ အောင်ဟိန်း(ရေဦး)၊ ဇေရယ်၊ တေးသံရှင် ကြည်အောင်၊ အေးလွင်ဦး (တမ္ပဝတီ)တို့၏ ဟာသအတွေးအရေးများဖြင့် ဟာသဂျာနယ် အတွဲ(၂)၊ အမှတ်(၂၂)ကို ဝါမိုးအောင်စာပေ အမှတ် ၅၂၉ ကုန်သည်လမ်း (စာပေဗိမာန်ဘေး) ရန်ကုန်မြို့က ဖြန့်ချိထားသည်။ **(အပေါ်ပုံ)** **(က-ပ)**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ဆက်ဒမ်ဘက်မှ အမှုလိုက်ရန် ရှေ့နေများအသင့်ရှိ

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၈

ဖမ်းမိထားသော ဆက်ဒမ်ဟူစိန်အား မည်သည့်တရားရုံး၌ မည်သို့ စစ်ဆေးမည်ကို အသေအချာ မသိရသေးသော်လည်း အီရတ်သမ္မတဟောင်း ဆက်ဒမ်ဟူစိန်အား ကာကွယ်လိုက်ပါဆောင်ရွက်ပေးလိုသည့် ရှေ့နေ အရေအတွက်က လတ်တလော ပိုမိုများပြားလာသည်ဟု သိရသည်။

ရှေ့နေများက ဆက်ဒမ်ဟူစိန်၏အမှုကိုလိုက်ရင်း ကုလသမဂ္ဂ၏ ဥပဒေနှင့် ဆန့်ကျင်မှုမှသည် အမေရိကန်တို့၏ ကျူးကျော်မှုအဆုံး အမေရိကန်တို့အပေါ် ဝေဖန်ပြီး သူတို့၏အမြင်များကို ဖော်ထုတ်ရန် မျှော်လင့်ထားကြသည်ဟု ဆို၏။

ဆက်ဒမ်ဟူစိန်ကို အီရတ်တရားရုံးတွင် သို့မဟုတ် နိုင်ငံတကာတရားရုံးတွင် စစ်မည်ကို အမေရိကန်အာဏာပိုင်များက မဆုံးဖြတ်ရသေးသော်လည်း ဆက်ဒမ်ဟူစိန်ဘက်မှ လိုက်ပါလိုသူ ရှေ့နေများမှာ အများအပြားရှိနေသည်။

(အင်တာနက်)

အီရတ်တောင်ပိုင်း၌ ခုခံရေးသမားများတိုက်ခိုက် အမေရိကန်အပေါင်းပါတပ်ဖွဲ့ဝင်ခြောက်ဦး သေဆုံး၊ ၃၅ ဦးဒဏ်ရာရ

ကာဘာလာ ဒီဇင်ဘာ ၂၈

အီရတ်တောင်ပိုင်း ကာဘာလာမြို့တော်ဝန်၏ရုံးနှင့် တက္ကသိုလ်ဝင်းရှိ ပူးပေါင်းတပ်များ အသုံးပြုသော အခြေစိုက်စခန်းနှစ်ခု ဒီဇင်ဘာ ၂၇ ရက်၌ ဗုံးပေါက်ကွဲထိမှန်ခြင်းခံခဲ့ရရာ ပူးပေါင်းတပ်ဖွဲ့ဝင်ခြောက်ဦးထက်မနည်း သေဆုံးပြီး ၃၅ ဦး ဒဏ်ရာရခဲ့သည်။ သေဆုံးသည့် ပူးပေါင်းတပ်ဖွဲ့ဝင်များမှာ မည်သည့်နိုင်ငံသားများ ဖြစ်ကြသည်ဆိုသည်ကို မသိသေးဘဲရှိသည်။ ဒဏ်ရာရသူငါးဦးမှာ အခြေအနေဆိုးသည်ဟု သိရသည်။ ထို့ပြင် အီရတ်လူမျိုးအများအပြားလည်း ဒဏ်ရာရသည်ဟု ဆိုသည်။

ထိုသို့ တိုက်ခိုက်ရာ၌ ကားဗုံး လေးလုံးကို အသုံးပြုခဲ့သည့်ပြင် ဒုံးပစ်လောင်ချာများနှင့် လက်နက်ငယ်များကိုလည်း အသုံးပြုခဲ့ကြောင်း သိရသည်။

ပျက်ပြား

ခရစ္စမတ်ကာလအတွင်း အကြမ်းဖက် တိုက်ခိုက်မှုကြီးတစ်ရပ် ပေါက်ခဲ့ရာ ဆက်ဒမ်ဟူစိန်ကို ဖမ်းဆီးရမိပြီး နောက်ပိုင်း၌ တိုက်ခိုက်မှုများ အဆုံးသတ်သွားမည်ဆိုသော မျှော်လင့်ချက်များသည် ပျက်ပြားခဲ့ကြရသည်။

ဒဏ်ရာရ

တိုက်ခိုက်ရေးသမားများသည် ယမန်နေ့၌ သီးခြားတိုက်ခိုက်မှုများတွင် လက်လုပ်ဗုံး သုံးလုံးကို ဖောက်ခွဲတိုက်ခိုက်ခဲ့ကြရာ လောင်စာသိုလှောင်ကန်တစ်ခု မီးလောင်ပြီး အမေရိကန်တပ်ဖွဲ့ဝင် ခြောက်ဦး ဒဏ်ရာရခဲ့သည်။

သေဆုံး

ရဲစခန်းကို တိုက်ခိုက်ရာ၌ ရဲအရာရှိ တစ်ဦးနှင့် တိုက်ခိုက်သူတစ်ဦးသေဆုံးခဲ့ပြီး သောကြာနေ့တွင် ဗုံးဖောက်ခွဲတိုက်ခိုက်မှုနှင့် စိန်ပြောင်းဖြင့် တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်လေးဦး သေဆုံးခဲ့သည်။ အခြားအမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးမှာ ယာဉ်မတော်တဆမှုကြောင့် သေဆုံးခဲ့သည်။

တိုက်ခိုက်

အီရတ်မြောက်ပိုင်း မိုဆူးလ်မြို့တွင်လည်း ယမန်နေ့၌အမေရိကန်စစ်ယာဉ်တန်းတစ်ခုကို တိုက်ခိုက်ရေးသမားများက ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားကြသည်။ **(အင်တာနက်)**

ဒီဇင်ဘာ၂၈ရက်က အီရတ်နိုင်ငံကာဘာလာမြို့တွင် ဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားပြီးနောက် ပျက်စီးသွားသော ကားတစ်စီးအနီး လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကိုတွေ့ရစဉ်။ (ယင်းဗုံးခွဲတိုက်ခိုက်မှုကြောင့် ပူးပေါင်းတပ်ဖွဲ့ဝင်ခြောက်ဦးသေဆုံးပြီး တပ်ဖွဲ့ဝင်၃၇ဦးဒဏ်ရာရရှိခဲ့သည်။) (ဓာတ်ပုံ–အင်တာနက်)

စစ်ဆန့်ကျင်သည့်နိုင်ငံများကို အမေရိကန်ခွဲခြားဆက်ဆံသကဲ့သို့ အီရတ်အုပ်ချုပ်မှုကောင်စီက လိုက်လုပ်မည်မဟုတ်ဟု ပြောကြား

ကိုင်ရို ဒီဇင်ဘာ ၂၈

အီရတ်ကို အမေရိကန်ကျူးကျော်တိုက်ခိုက်ခြင်းအား ဆန့်ကျင်ကန့်ကွက်ခဲ့ကြသော နိုင်ငံများမှ ကုမ္ပဏီများကို အမေရိကန်ပြည်ထောင်စုက ခွဲခြားဆက်ဆံခြင်းမျိုး အီရတ်အုပ်ချုပ်မှုကောင်စီက လိုက်လုပ်မည်မဟုတ်ကြောင်း အီရတ်အုပ်ချုပ်မှုကောင်စီဝင် အီရတ်နိုင်ငံခြားရေးဝန်ကြီးတစ်ဦးက အီဂျစ်နိုင်ငံခြားရေးဝန်ကြီးအား စနေနေ့က အာမခံပြောကြားလိုက်သည်။

ပြန်လည်တည်ဆောက်ရေး ကန်ထရိုက်များပေးရာတွင် အမေရိကန် ပြည်ထောင်စုက ငွေကြေးပံ့ပိုးသော ကန်ထရိုက်လုပ်ငန်းများကိုသာခွဲခြားမှုပြုရန် အမေရိကန်ပြည်ထောင်စုက ဆုံးဖြတ်ကြောင်း အီရတ်နိုင်ငံခြားရေးဝန်ကြီး ဟိုရှီယာဇီဘာရီက အီဂျစ်နိုင်ငံခြားရေးဝန်ကြီး အာမက်မာဟာနှင့် ဆွေးနွေးအပြီး၌ သတင်းထောက်များကို ပြောကြားသည်။ ဆုံးဖြတ်ချက်သည် အမေရိကန် ဆုံးဖြတ်ချက်၊ ငွေကြေးသည် အမေရိကန် ငွေကြေးဖြစ်ပြီး ယင်းငွေကြေးသည် အီရတ်ကိုကမ်းလှမ်းထားသော ကူညီထောက်ပံ့ငွေဒေါ်လာ ၁၈ ဘီလီယံမှ လာသောငွေကြေးဖြစ်ကြောင်း။

အမေရိကန်ပြည်ထောင်စုသည် အီရတ်ကိုကျူးကျော်တိုက်ခိုက်မှုတွင် ထောက်ခံသည့်နိုင်ငံများမှ ကုမ္ပဏီများကိုသာ အမေရိကန်ငွေကြေးပံ့ပိုးထားသော ပြန်လည်တည်ဆောက်ရေး ကန်ထရိုက်များရရှိစေရန် ယခုလအစောပိုင်း၌ ဆုံးဖြတ်ခဲ့သည်။

ယင်းဆုံးဖြတ်ချက်ကြောင့် အီရတ်နိုင်ငံ၌ လုပ်ငန်းဆောင်ရွက်ရန် နေရာကောင်းများရရှိသော အီဂျစ်နိုင်ငံကုမ္ပဏီအချို့ကို ထိခိုက်စေခဲ့သည်။

အီဂျစ် မိုဘိုင်းလ်ဖုန်းကုမ္ပဏီတစ်ခုဖြစ်သော အိုရာစ်ကွမ်သည် အီရတ်နိုင်ငံ၌ ကန်ထရိုက်ရထားသော်လည်း ယင်းကန်ထရိုက်သည် အမေရိကန်အခွန်ထမ်းဆောင်သူများ ငွေကြေးပံ့ပိုးထားသော ကန်ထရိုက်မဟုတ်ပေ။

အမ်အင်အေ၊ရိုက်တာ

အဖျက်စွမ်းအားကြီးသည့်လက်နက်များစမ်းသပ်ပြုလုပ်သည့်ဓာတ်ခွဲခန်းများ အီရတ်၌ရှိဆဲဆိုသည်မှာ မဟုတ်ကြောင်း ပေါလ်ဘရီမာငြင်းဆို

လန်ဒန် ဒီဇင်ဘာ ၂၈

အဖျက်စွမ်းအားကြီးမားသော လက်နက်များစမ်းသပ်ပြုလုပ်သည့်ဓာတ်ခွဲခန်းများ အီရတ်၌ရှိဆဲဖြစ်သည်ဆိုခြင်းကို အမေရိကန်အရပ်ဘက်အုပ်ချုပ်ရေးမှူး ပေါလ်ဘရီမာက မမှန်ကန်ကြောင်း ငြင်းဆိုလိုက်သည်။

ထိုအဖျက်စွမ်းအားကြီးမားသော လက်နက်များနှင့် ပတ်သက်သည့် အထောက်အထားများစွာ အမေရိကန်ပြည်ထောင်စု၌ရှိကြောင်း ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲက ပြောကြားထားခဲ့သည်။

မသိရှိ

အီရတ်ရှိအမေရိကန်အရပ်ဘက် အုပ်ချုပ်ရေးမှူး ပေါလ်ဘရီမာက ဤစကားလုံးများ မည်သည့်နေရာကလာသည်မိမိမသိကြောင်း သို့ရာတွင် အီရတ်စူးစမ်းလေ့လာရေးအုပ်စုအကြီးအကဲ ဒေးဗစ်ကေး ပြောဆိုခြင်းမဟုတ်ကြောင်း ပြောကြားသည်။

ရှာဖွေနေ

အမေရိကန်ဦးဆောင်သော အီရတ်စူးစမ်းလေ့လာရေးအုပ်စုသည် အဖျက်စွမ်းအားကြီးမားသော လက်နက်များကို အီရတ်၌ ရှာဖွေလျက်ရှိသည်။

ကေး၏ အစီရင်ခံစာကို မိမိဖတ်ရှုရကြောင်း သို့ဖြစ်၍ ထိုစကားကိုမည်သူပြောကြားသည် မိမိမသိကြောင်းဘရီမာက တွေ့ဆုံမေးမြန်းခန်း၌ ပြောဆိုသည်။

ပြောကြား

ဗြိတိသျှဝန်ကြီးချုပ်တိုနီဘလဲက အီရတ်စူးစမ်းလေ့လာရေးအုပ်စုသည် အီရတ်တွင်လျှို့ဝှက်ဓာတ်ခွဲခန်းအများအပြားရှိသည့် အထောက်အထားများကို တွေ့ရှိခဲ့ကြောင်း ယခုလ၌ ပြောကြားခဲ့သည်။

တွေ့ရှိ

ဘရီမာက အဆိုပါ အုပ်စုသည် ဇီဝနှင့်ဓာတုအစီအစဉ်များ၏ အထောက်အထားများကို ရှာတွေ့ခဲ့ကြောင်း ပြောကြားသည်။ **(အင်တာနက်)**

ကင်းလှည့်

ဒီဇင်ဘာ ၂၈ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် လုံခြုံရေးအတွက် ကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

လျှော့ချရေး ကယ်ဆယ်ရေးကျွမ်းကျင်သူများအဖွဲ့ အီရန်သို့ရောက်ရှိ

တီဟီရန် ဒီဇင်ဘာ ၂၈

အီရန်နိုင်ငံတွင် ပျက်စီးထိခိုက်မှုကြီးမားလှသော မြေငလျင်ကယ်ဆယ်ရေး လုပ်ငန်းများ၌ ပါဝင်ကူညီရန် အာဏာပိုင်များက နိုင်ငံတကာသို့ မေတ္တာရပ်ခံခဲ့ပြီးနောက် ငလျင်ဘေးအန္တရာယ်ကယ်ဆယ်ရေးကျွမ်းကျင်သူ ပညာရှင်များပါဝင်သည့် နိုင်ငံတကာမှ အဖွဲ့တစ်ဖွဲ့သည် အီရန်နိုင်ငံသို့ ဒီဇင်ဘာ ၂၇ရက်တွင် ရောက်ရှိလာကြသည်။

အီရန်နိုင်ငံ၏ သမိုင်းဝင် ရှေးဟောင်းမြို့ကြီးဖြစ်သော ဘမ်းမြို့တွင် ဒီဇင်ဘာ ၂၆ရက်က အင်အားပြင်းထန်သော မြေငလျင်လှုပ်ခဲ့ပြီးနောက် ယင်းငလျင်ကြောင့် လူပေါင်း ၁၀၀၀၀မှ ၂၅၀၀၀အထိ သေဆုံးနိုင်သည်ဟု ခန့်မှန်းချက်များ ပေါ်ထွက်လျက်ရှိသည်။

အီရန်နိုင်ငံတွင် ဖြစ်ပွားသော မြေငလျင်ကယ်ဆယ်ရေးလုပ်ငန်းများ၌ ပါဝင်ကူညီမည်ဟု ဗြိတိန်၊ တူရကီ၊ ဂျာမနီ၊ ဆွစ်ဇာလန်၊ အီတလီ၊ ပြင်သစ် နှင့် ရုရှားနိုင်ငံတို့အပါအဝင် ကမ္ဘာ့နိုင်ငံအများအပြားက ကတိပြုခဲ့ကြသည်။ အမေရိကန်ပြည်ထောင်စုသည်လည်း မြေငလျင် ကယ်ဆယ်ရေးလုပ်ငန်းများအတွက် အကူအညီပေးရန် အသင့်ရှိသည်ဟု ပြောကြားခဲ့သည်။ မိမိ၏နိုင်ငံသည် အစ္စရေးနိုင်ငံမှအပ အခြားသော ကမ္ဘာ့မည်သည့်နိုင်ငံများမှမဆို အကူအညီပေးမှုကို လက်ခံမည်ဟု အီရန်အာဏာပိုင်များက ပြောကြားကြသည်။ **(အင်တာနက်)**

မြန်မာ့အလင်း

အီရတ်မြင်ကွင်း

အီရတ်သမ္မတဟောင်း ဆက်ဒမ် ဟူစိန်အား ဖမ်းမိပြီး နှစ်ပတ် အကြာတွင် အီရတ်ခုခံတိုက်ခိုက်ရေး သမားများက အမေရိကန်နှင့်အပေါင်းပါ တပ်များကို အပြင်းထန်ဆုံး တိုက်ခိုက်လျက် ရှိသည်။

(ယာပုံမှာ ဘဂ္ဂဒက်မြို့မြောက်ဘက် မိုင် ၄၀ အကွာရှိ ဘာကူဘာမြို့၌ အမေရိကန်နှင့် အပေါင်းပါတပ်များကို တိုက်ခိုက်ရန် လှုံ့ဆော် ဆန္ဒပြနေကြသူများကို တွေ့ရစဉ်။)

(ဓာတ်ပုံ– အင်တာနက်)

အီရတ်နိုင်ငံအားကျူးကျော်သည့် အမေရိကန်နှင့် အပေါင်းပါတပ် အခြေစိုက်စခန်းနှစ်ခု ဆက်ဒမ်ဖမ်းမိပြီး နှစ်ပတ်အကြာ ပြောက်ကျားများက အပြင်းထန်ဆုံး တိုက်ခိုက်

ပျက်စီး

ဝဲပုံမှာ ဒီဇင်ဘာ ၂၈ ရက်က အီရတ်နိုင်ငံ ကာဘာလာမြို့ရှိဘူဂေးရီးယား စစ်အခြေစိုက် စခန်း တစ်ခုအား ပြောက်ကျား တို့က ပစ်ခတ် တိုက်ခိုက် ပြီးနောက် ပျက်စီးသွား သည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ– အင်တာနက်)

ဒီဇင်ဘာ ၂၈ရက်က အီရတ်နိုင်ငံ ကာဘာလာမြို့ရှိ ဘူဂေးရီးယား စစ်အခြေစိုက်စခန်းနှစ်ခုကို ပြောက်ကျားများက ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ (အပေါ်ပုံမှာ ဘူဂေးရီးယား စစ်အခြေစိုက်စခန်းကို စိန်ပြောင်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခံရပြီးနောက် ပျက်စီးနေစဉ်။ ယင်းတိုက်ခိုက်မှုကြောင့် အမေရိကန်နှင့်အပေါင်းပါခြောက်ဦး၊ အီရတ် ရဲတပ်ဖွဲ့ဝင်ခြောက်ဦးနှင့် အရပ်သားတစ်ဦးသေဆုံးကာ ၁၇၂ဦး ဒဏ်ရာရရှိသွားသည်။) (ဓာတ်ပုံ– အင်တာနက်)

အမေရိကန်နှင့် အပေါင်းပါတပ်များကို အီရတ်ပြည်သူများက အမျက်ဒေါသထွက်လျက်ရှိသည်။ (အပေါ်ပုံမှာ ဒီဇင်ဘာ ၂၇ရက်က ဆာမာရာမြို့ရှိ စစ်ဆေးရေးစခန်းတစ်ခု၌ လုံခြုံရေးဆောင်ရွက်နေသော အမေရိကန်တပ်ဖွဲ့ဝင်များရှေ့တွင် အီရတ်တစ်ဦးက ပမာမခန့်ပြု၍ ဖြတ်လျှောက်သွားစဉ်။) (ဓာတ်ပုံ– အင်တာနက်)

တိုက်ခိုက်ခံရ

ဒီဇင်ဘာ ၂၇ရက်က ကာဘာလာမြို့၌ ဗုံးခွဲ တိုက် ခိုက် ခံ ရ ပြီး ပျက်စီးသွားသော ရဲ တပ်ဖွဲ့ ကားတစ်စီးကို အမေရိကန် အထူး တပ်ဖွဲ့ဝင် တစ်ဦးက စောင့်ကြပ်နေစဉ်။

(ဓာတ်ပုံ– အင်တာနက်)



မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အမေရိကန်တို့ အီရတ်နိုင်ငံကို ကျူးကျော်ဖျက်ဆီးနေ အီရတ်ပြည်သူတို့၏ အခြေခံလိုအပ်ချက်များကို မဖြည့်ဆည်းနိုင်

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၉

အီရတ်နိုင်ငံသူနိုင်ငံသား အမြောက်အများတို့သည် စက်သုံးဆီ ရှားပါးပြတ်လပ်မှုများနှင့် ကြုံတွေ့နေရခြင်းကြောင့် အခက်အခဲများနှင့် ကြုံတွေ့နေကြရသည်။

အီရတ်နိုင်ငံသည် စက်သုံးဆီ ပေါများကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း နိုင်ငံ၏စက်သုံးဆီများ ဘယ်မှာနည်းဟု မေးမြန်းမည်ဖြစ်ကြောင်း အိမ်ရှင်မတစ်ဦးက ပြောကြားခဲ့သည်။

အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များက အီရတ်နိုင်ငံကို ဖျက်ဆီးခဲ့ခြင်းကြောင့် အခြေခံလိုအပ်ချက်ဖြစ်သော စက်သုံးဆီ ဖြန့်ဝေမှုကို အမေရိကန်တို့က ဆောင်ရွက်မပေးခဲ့ကြောင်း ဒေသကောင်စီအဖွဲ့ဝင်တစ်ဦးက ပြောကြားခဲ့သည်။

မေးမြန်း

အမေရိကန်နှင့် အပေါင်းအပါများက ဒီမိုကရေစီဖြစ်ထွန်းရေးကို ပြောကြားခဲ့သော်လည်း ပြည်သူများမှာ အလုပ်အကိုင်မရှိဘဲ ဒီမိုကရေစီကို မည်သို့တည်ထောင်နိုင်မည်နည်းဟု ဒေသခံအကြီးအကဲများက မေးမြန်းခဲ့သည်။

မျှော်လင့်

နေ့စဉ်လိုအပ်မှုများနှင့်ပတ်သက်ပြီး မေးမြန်းစရာ များစွာရှိကြောင်း၊ အီရတ်နိုင်ငံကို အသစ်တစ်ဖန်တည်ဆောက်ရေးတွင် ကိုယ်စားပြုပုဂ္ဂိုလ် များကို ၎င်းတို့ကိုယ်တိုင် ရွေးချယ်နိုင်ရန် မျှော်လင့်ထားကြောင်း၊ အခြေခံလိုအပ်ချက်များ ရရှိမည့် လွတ်လပ်မှုကိုရလျှင် ပြည်သူများစွာ ပျော်ရွှင်ဝမ်းမြောက်ကြမည်ဖြစ်ကြောင်း ပြောကြားသည်။ **(စီအင်န်အင်န်)**

ဘဂ္ဂဒက်မြို့လယ်၌ ဗုံးပေါက်ကွဲ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၉

ဘဂ္ဂဒက်မြို့လယ်ကောင် လူစည်ကားရာလမ်းပေါ်တွင် ဒီဇင်ဘာ ၂၈ရက်က အင်အားပြင်းလမ်းဘေး၌ထောင်ထားသော ဗုံးပေါက်ကွဲသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးနှင့် အီရတ်ကလေးနှစ်ဦး သေဆုံးသွားသည်။

ထိုဖောက်ခွဲမှုသည် နိုင်ငံခြား တပ်ဖွဲ့ဝင်ခြောက်ဦးနှင့် အီရတ်လူမျိုး ၁၂ဦးတို့ ကာဘာလာမြို့၌ အတိုက်ခံရသဖြင့် သေဆုံးခဲ့ပြီး နောက်တစ်နေ့တွင် ဖြစ်သည်။

ဒဏ်ရာရ

ဘဂ္ဂဒက်၌ တနင်္ဂနွေနေ့က ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရသူ ၄၄ဦး ထက်မနည်းရှိပြီး အမေရိကန်တပ်ဖွဲ့ဝင် ငါးဦးနှင့် အီရတ်ပြည်သူ့ ကာကွယ်ရေးတပ်ဖွဲ့ဝင်ရှစ်ဦးနှင့် အီရတ်စကားပြန်တစ်ဦးတို့ ပါဝင်ခဲ့သည်။

ဖြစ်ပွား

ပေါက်ကွဲမှုသည် နံနက် ၁၀နာရီ ကျော်ကျော်ခန့်၌ ဘဂ္ဂဒက်မြို့၏ ကာရာဒါခရိုင်ရှိလမ်းမကြီးပေါ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

သေဆုံး

ယခုတိုက်ခိုက်မှုကြောင့် မေ ၁ ရက်နောက်ပိုင်း အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၂၁၁ဦး ရှိသွားပြီဖြစ်သည်။

တိုးမြင့်နေ

အီရတ်နိုင်ငံတစ်ဝန်း၌ အမေရိကန် ဦးဆောင်တပ်ဖွဲ့ဝင်များကို အီရတ်ခုခံတိုက်ခိုက်ရေးပျောက်ကျားများက နည်းလမ်းမျိုးစုံဖြင့် တိုက်ခိုက်လျက်ရှိရာ အမေရိကန် ဦးဆောင်တပ်ဖွဲ့ဝင်များ၏ သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုအရေအတွက် နေ့စဉ် တိုးမြင့်လျက်ရှိသည်။

ဆက်ဒမ်ဟူစိန် အဖမ်းခံရပြီးနောက် ခုခံတိုက်ခိုက်မှုများ လျော့ပါးသွားမည်ဟု အမေရိကန်တို့၏ မျှော်လင့်ချက်များမှာလည်း ပျက်ပြယ်ခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ

ဒီဇင်ဘာ ၂၈ ရက်က အီရတ်နိုင်ငံကာဘာလာမြို့တွင် ကားဗုံးခွဲတိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားပြီးနောက် လုံခြုံရေး အထူးကြပ်မတ်စောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်၌ရေနံစူးစမ်းရှာဖွေရေး ပါတာမီနာပြန်လည်စတင်မည်

ဂျကာတာ ဒီဇင်ဘာ ၂၈

အင်ဒိုနီးရှားနိုင်ငံ၏ နိုင်ငံပိုင်ရေနံနှင့်ဓာတ်ငွေ့ကုမ္ပဏီဖြစ်သော ပါတာမီနာသည် အီရတ်နိုင်ငံ၌ ရေနံစူးစမ်းရှာဖွေရေးလုပ်ငန်းကို ပြန်လည်စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း ဘိစနစ်အင်ဒိုနီးရှားသတင်းစာက စနေနေ့၌ ရေးသားဖော်ပြလိုက်သည်။

စေလွှတ်မည်

စူးစမ်းရှာဖွေရေးလုပ်ငန်း ဆောင်ရွက်မှုအစိတ်အပိုင်းအဖြစ် ရှေ့နှစ်တွင် အီရတ်အနောက်ပိုင်း သဲကန္တာရ၌ မြေလျှင်တိုင်းတာရေး လုပ်ဆောင်ရန် အဖွဲ့တစ်ဖွဲ့ကို ကုမ္ပဏီက စေလွှတ်မည်ဟု သတင်းစာက ဖော်ပြသည်။

လက်မှတ်ထိုး

ပါတာမီနာသည် ယခင် အီရတ်အစိုးရက ကန်ထရိုက်စာချုပ်ကို လက်မှတ်ရေးထိုးထားခဲ့ကြောင်း ပါတာမီနာ ပြောခွင့်ရှိသူ ရစ်ဝမ်ညက်ဘိခ်က ပြောကြားသည်။

စီစဉ်ထား

ပါတာမီနာကုမ္ပဏီသည် လွန်ခဲ့သည့်နှစ်တွင် အီရတ်အစိုးရထံမှ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိခဲ့ပြီးနောက် အနောက်သဲကန္တာရ လုပ်ကွက်တွင် ဒေါ်လာ၂၄သန်း မြှုပ်နှံရန် စီစဉ်ထားခဲ့ကြောင်း သိရသည်။

သို့ရာတွင် ပါတာမီနာလက်မှတ်ရေးထိုးချုပ်ဆိုခဲ့သည်မှာ ယခင်အစိုးရနှင့်ဖြစ်ရာ ကန်ထရိုက်စာချုပ် တရားဝင်ရေးသည် ပြဿနာဖြစ်ခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ

အီရတ်နိုင်ငံအနှံ့တိုက်ခိုက်မှုများ ပြင်းထန်နေဆဲ

မိုဆူးလ် ဒီဇင်ဘာ ၂၈

အီရတ်နိုင်ငံတွင် အမေရိကန်ဦးဆောင်သော အပေါင်းအပါတပ်ဖွဲ့ဝင်များ တိုက်ခိုက်နေသည့် အီရတ်ခုခံရေးသမားများအား နှိမ်နင်းရန် ရည်ရွယ်ပြီး အမေရိကန်တို့က အိုင်းယွန်းဂရစ်ပ်စစ်ဆင်ရေးကို ဆင်နွှဲနေသော်လည်း ဗုံးဖောက်ခွဲမှုများ တိုက်ခိုက်မှုများသည် ဖြစ်ပွားဆဲပင် ဖြစ်သည်။ ပြီးခဲ့သည့်ရက်အနည်းငယ်အတွင်း ဆွန်နီဒေသ၌ တိုက်ခိုက်မှုများမြင့်တက်လာ သည့်နည်းတူ မြောက်ပိုင်းရှိ မိုဆူးလ်၌လည်း တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။

အမေရိကန်တို့က တိုက်ခိုက်မှုများနောက်ကွယ်တွင် ရှိနေနိုင်သော ခုခံရေးသမားများ၏ ခေါင်းဆောင်ကို ရှာဖွေဖမ်းဆီးလျက်ရှိရာတွင် အီရတ်သမ္မတဟောင်း ဆက်ဒမ်ဟူစိန်နှင့် အခြားခေါင်းဆောင်များကို ဖမ်းဆီးရမိသော်လည်း နိုင်ငံအနှံ့တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားဆဲနေဖြစ်သည်။

(စီအင်န်အင်န်)

ထိုးဖောက်ကစား

ဒီဇင်ဘာ ၂၈ ရက်က အင်္ဂလိပ်ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ မန်ချက်စတာယူနိုက်တက်နှင့်မစ်ဒယ်ဘရော့အသင်းတို့ပွဲစဉ်တွင် မန်ချက်စတာအသင်းမှ တိုက်စစ်မှူးရူဗင်နစ္စတယ်ရွိုင်းထိုးဖောက်ကစားစဉ်။

(ယင်းပွဲတွင် မန်ချက်စတာယူနိုက်တက်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။) (ဓာတ်ပုံ-အင်တာနက်)

ဒေလီမြို့၌ ညလုံးပေါက် ဆီးနှင်းများ ထူထပ်စွာကျဆင်း မီတာ၁၀၀ထက် ပိုမမြင်ရ၍ လေယာဉ်နှင့်ရထားခရီးစဉ်များဖျက်သိမ်းရ

နယူးဒေလီ ဒီဇင်ဘာ ၂၈

အိန္ဒိယနိုင်ငံမြောက်ပိုင်းတွင် ဆိုးရွားပြင်းထန်သော အအေးလှိုင်း သောကြာနေ့က ကျရောက်ခဲ့ရာ အမျိုးသမီးတစ်ဦးသေဆုံးသွားကြောင်းနှင့် တစ်နိုင်ငံလုံးတွင် အအေးလွန်ကဲမှုကြောင့် စုစုပေါင်း သေဆုံးသူ ၃၄ဦးရှိကြောင်း ပီတီအိုင်သတင်းဌာနက ဖော်ပြသည်။ တောင်တန်းဒေသများတွင် အအေးဒီဂရီ သုညမှတ်ရှိရာ လူများအိမ်ထဲ၌ နေခဲ့ကြရသည်။

လွင်ပြင်များနှင့်တောင် ကုန်းများ၌ နှင်းများထူထပ်စွာ ဖုံးအုပ်နေသည်။ ဒေလီမြို့၌ ညလုံးပေါက်နှင်းများ ထူထပ်စွာကျဆင်းနေပြီး မီတာ ၁၀၀ ထက် ပိုမမြင်ရ၍ လေယာဉ်များ ပျံသန်းရန်နှင့် ရထားများမောင်းနှင်ရန် မဖြစ်နိုင်ဘဲ ရှိသည်။ လေယာဉ်နှင့် ရထားခရီးစဉ်အချို့ ဖျက်သိမ်းထားရသည်။

အမ်အင်အေ၊ ဆင်ဟွာ

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဦးတည်ချက်

(က) နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး အတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ် စောင့်ရှောက်ရေး။

(ခ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

(ဂ) ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရေး။

စက်မှုစွမ်းအား ခေတ်ကျော်လွှား ၂၀

ပြန်ကြားရေးဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းအား လာအိုပြန်ကြားရေးနှင့်ယဉ်ကျေးမှုဝန်ကြီးတွေ့ဆုံ

ရန်ကုန် ဒီဇင်ဘာ ၂၉

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ရန်ကုန်မြို့တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြန်ကြားရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Phandouangchit Vongsa ခေါင်းဆောင်သော အဖွဲ့ဝင်ခြောက်ဦးပါရှိသည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံးရှိ ဝန်ကြီး၏ဧည့်ခန်း၌ လာရောက် တွေ့ဆုံနှုတ်ဆက်သည်။ (အောက်ပုံ)

ထိုသို့တွေ့ဆုံရာသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Chanthavy Bodhisane၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အထူးအရာရှိနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာ၌ သတင်းနှင့်မီဒီယာလုပ်ငန်းများတွင် နှစ်နိုင်ငံအတွင်း အပြန်အလှန်အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

(၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့ပြပွဲ

နေ့ရက် – ၃–၁–၂၀၀၄ မှ ၁၁–၁–၂၀၀၄

အချိန် – နံနက်(၀၉း၀၀)နာရီမှ ညနေ(၁၇း၀၀) နာရီ

နေရာ – တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

မည်သူမဆိုအခမဲ့လာရောက်ကြည့်ရှုနိုင်ပါသည်။

မြဝတီရုပ်မြင်သံကြား

၃၀-၁၂-၂၀၀၃ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၀ ၇။ မျိုးချစ်တပ်မတော်
၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)ပထမနှစ်(ဥပဒေပညာ) (ခ)ပထမနှစ်(ဒဿနိကဗေဒ)
၅း၃၀ ၉။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်းကြိုးပမ်းစို့
၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ မြန်မာ့ရှုခင်း
၆း၄၀ ၁၅။ လျှပ်တစ်ပြက်
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ညီအစ်မလေးဖော်"** (အပိုင်း–၁၁)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ လျှပ်တစ်ပြက်
၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး"** (အပိုင်း–၁၃)
၂၄။ ပြီးပါပြီ။

ကောင်းသန့်စာပေ အမှတ် ၂၀၉၊ ပထမထပ်(ယာ) ၃၈လမ်း (ထက်) ကျောက်တံတားမြို့နယ် ရန်ကုန် ဖုန်း–၇၂၂၀၅၃ က ဖြန့်ချိသည့် ကောင်းသန့်၏ သမီးလေးဖတ်ဖို့ (၇) စာအုပ် မျက်နှာဖုံး။ (က–ပ)

လာအိုပြန်ကြားရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီးနှင့်အဖွဲ့ အမျိုးသားပြတိုက်လေ့လာ၊ ရွှေတိဂုံစေတီတော်ဖူးမြော်ကြည်ညို

ရန်ကုန် ဒီဇင်ဘာ ၂၉

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၏ဖိတ်ကြားချက်အရ ရန်ကုန်မြို့တွင်ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြန်ကြားရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး H. E. Mr. Phandouangchit Vongsa နှင့်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Chanthavy Bodhisane၊ ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွှန့်ဟန်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်သို့ သွားရောက် ကြည့်ရှုလေ့လာကြရာ ယဉ်ကျေးမှုဇိမာန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းဆွေနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဧည့်သည်တော် လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတ နိုင်ငံ ပြန်ကြားရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီးနှင့်အဖွဲ့ဝင်များအား ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက အမျိုးသားပြတိုက်အတွင်း လိုက်လံရှင်းလင်းပြသသည်။

ဖူးမြော်ကြည်ညို

ဆက်လက်၍ ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတ နိုင်ငံ ပြန်ကြားရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီးနှင့်အဖွဲ့ဝင်များ သည် ညနေပိုင်းတွင် ရွှေတိဂုံစေတီ တော်သို့ သွားရောက်ဖူးမြော်ကြည်ညို ကြရာ ဂေါပကအဖွဲ့ဝင်များက ကြိုဆို ကြသည်။

ထို့နောက် ဧည့်သည်တော် လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတ နိုင်ငံ ပြန်ကြားရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီးနှင့်အဖွဲ့ဝင်များ သည် ရွှေတိဂုံစေတီတော်အား လှည့်လည် ဖူးမြော်ကြည်ညိုကြရာ ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူ များက ရွှေတိဂုံစေတီတော်သမိုင်း၌ သိကောင်းစရာများကို လိုက်လံရှင်းလင်း ပြသကြသည်။

အလှူငွေပေးအပ်လှူဒါန်း

ဆက်လက်၍ ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတ နိုင်ငံ ပြန်ကြားရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီးက စေတီတော် အနောက်ဘက်အာရုံခံတန်ဆောင်း၌ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး စေတီတော်ကြီး အတွက် အလှူငွေများပေးအပ်လှူဒါန်း ရာ ဂေါပကအဖွဲ့ဝင်များ ဖြစ်ကြသော ဦးမြသိန်းနှင့် ဦးခင်မောင်မြင့်တို့က လက်ခံကာ ရွှေတိဂုံစေတီတော်ပုံ တော်ကို ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က ညပိုင်းတွင် ရန်ကုန်မြို့ကန်တော်ကြီးရှိ ကရဝိက် နန်းတော်၌ ဧည့်သည်တော် လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြန်ကြားရေးနှင့်ယဉ်ကျေးမှု ဝန်ကြီး ဌာန ဝန်ကြီးနှင့်အဖွဲ့အား ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး H.E.Mr.Phandouangchit Vongsa နှင့် အဖွဲ့ဝင်များ အမျိုးသားပြတိုက်တွင်လှည့်လည်ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ရက္ခိုင်မောင်မယ် တံမြက်စည်းလှည်းအသင်း နှစ်လည်စည်းဝေးမည်

ရန်ကုန် ဒီဇင်ဘာ ၂၉

ရွှေတိဂုံစေတီတော် ရက္ခိုင်မောင် မယ်တံမြက်စည်းလှည်းအသင်း၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး ကို ၂၀၀၄ခုနှစ် ဇန်နဝါရီ၄ရက်(တနင်္ဂနွေနေ့) မွန်းတည့်၁၂နာရီတွင် ဗဟန်းမြို့နယ် ရေတာရှည်လမ်းနှင့် ဦးထောင်ဗိုလ်လမ်းထောင့်ရှိ ဧဝတီသာသနာပြုကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(က–ပ)**

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြို ဂုဏ်ပြုဆောင်းပါးနှင့် မှတ်တမ်းဓာတ်ပုံ

မြန်မာနိုင်ငံသည် ရေသယံဇာတကြွယ်ဝသော နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံရှိ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊စစ်တောင်းမြစ် နှင့် သံလွင်မြစ်တို့ အပါအဝင် အခြားမြစ်ငယ်၊ ချောင်းငယ်များစွာမှ နှစ်စဉ်စီးဆင်းနေသည့် ရေပမာဏမှာ ဧကပေသန်း ၈၇၀ ကျော်ရှိသည်။ ထို့ပြင် မြေအောက်ရေနှင့် သဘာဝမိုးရေရရှိနိုင်မှု အခြေခံကောင်းများလည်းရှိသဖြင့် ၎င်းတို့ကို လယ်ယာ စိုက်ပျိုးရေးအတွက် လုံလောက်စွာ အသုံးပြုနိုင်သည်။

ရှေးမြန်မာမင်းများလက်ထက်ကပင် လယ်ယာစိုက်ပျိုးရေးအတွက် မြစ်ရေကိုမှီကာ ရေသွင်းစိုက်ပျိုးသည့် အတတ်ပညာ၊ တာတမံ ဆည်ဖို့၍ရေကိုစုဆောင်းသည့်အတတ်ပညာများ ရှိခဲ့ပြီးဖြစ်သည်။ အေဒီ ၁၁ ရာစု ပုဂံခေတ် အနော်ရထာမင်း လက်ထက် လယ်တွင်းကိုးခရိုင်ဒေသ အတွင်း ဆည်တမံများကို တည်ဆောက်ခဲ့သည်။

အနော်ရထာမင်းလက်ထက်တွင် ပန်းလောင်မြစ်အနီး၌ ကင်းတားဆည်၊ ငနိုင်သေဥ်ဆည်၊ ပြောင်းပြာဆည်၊ ဂူမည်းဆည်၊ မက္ခရာမြစ်နား၌ နွားတက်ဆည်၊ ကွမ်းဆေးဆည်၊ ဂူတော်ဆည် စသည်တို့ကို တည်ဆောက်ခဲ့ကြောင်း မြန်မာ့သမိုင်းတွင် ဖော်ပြထားသည်။ ထို့နောက် ပုဂံခေတ်တွင်ပင် သင်းတွဲဆည်၊ ဆီးတောဆည်၊ ငကြည်းဆည်တို့ကို တည်ဆောက်ခဲ့သည်။ ကျန်စစ်သားလက်ထက်တွင် တည်ဆောက်ခဲ့သော မြကန်ဆည်ကိုကား ယနေ့တိုင် ပုဂံမြို့ရှိ တူရွင်းတောင်အနီးတွင် တွေ့နိုင်သေးသည်။

ဤသို့မြန်မာမင်းများလက်ထက်မှစ၍ ဆည်တမံများကို တည်ဆောက်ခဲ့ရာတွင် ၁၉၆၂ခုနှစ်အထိ မြန်မာနိုင်ငံ၌ ဆည်တမံလုပ်ငန်း ၆၉ခု တည်ဆောက်ခဲ့ပြီး အကျိုးပြုဧက ၈ ဒသမ ၅ သိန်းရှိခဲ့သည်။ ၁၉၆၂ခုမှ ၁၉၈၈ခုနှစ်အထိ ဆည်တမံလုပ်ငန်း ၆၉ခု တည်ဆောက်ခဲ့ပြီး အကျိုးပြုဧက ၄ဒသမ၈သိန်းရှိခဲ့သည်။

၁၉၈၈ ခုနှစ်မှ ယနေ့အထိ တပ်မတော်အစိုးရ လက်ထက် တည်ဆောက်ခဲ့သော ဆည်တမံလုပ်ငန်းမှာ ၁၅၅ခုရှိခဲ့ပြီ ဖြစ်သည်။

အဆိုပါဆည်တမံများမှ စိုက်ပျိုးမြေဧက ၂၁၁၀၂၁၉ကို အကျိုးပြုနိုင်ခဲ့ပြီဖြစ်သည်။ အဆိုပါ ဆည်တမံ ၁၅၅ခုအတွက် နိုင်ငံတော်က ကျပ် ၆၇၈၆၁ ဒသမ ၁၅သန်း အကုန်အကျခံခဲ့သည်။

စိုက်ပျိုးမြေ သယံဇာတများ ဖော်ထုတ်တိုးချဲ့ စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေ ဖူလုံစွာ ရရှိရေးတို့မှာ ဆက်စပ်မှုရှိပေသည်။ ထို့ကြောင့် ၎င်းတို့ကို သဟဇာတဖြစ်အောင် ထိန်းညှိဆက်စပ်ဆောင်ရွက်သည့် အနေဖြင့် စိုက်ပျိုးရေများ ရရှိအောင်၊ ရေတော် မိုးတော် စိုက်ပျိုးနိုင်အောင် စနစ်တကျ စီမံဆောင်ရွက်လျက် ရှိသည်။ ရေလိုအပ်သည့်ဒေသများတွင် လိုသလောက် ရရှိနိုင်ရေးအတွက်ဆည်တမံများ၊ မြစ်ရေတင်လုပ်ငန်းများ၊ မြေအောက် ရေရှိရေးလုပ်ငန်းများကို အကောင်အထည်ဖော်ပေးခဲ့သည်။

ပြည်နယ်နှင့်တိုင်းအလိုက် ၁၉၈၈ခုနှစ်နောက်ပိုင်း တည်ဆောက်ပြီးစီးခဲ့သော ဆည်တမံများမှာ ကယားပြည်နယ်၌ နှစ်ခု၊ ကရင်ပြည်နယ်၌ တစ်ခု၊ ချင်းပြည်နယ်၌ တစ်ခု၊ စစ်ကိုင်းတိုင်း၌ ၁၅ခု၊ တနင်္သာရီတိုင်း၌ တစ်ခု၊ ပဲခူးတိုင်း၌ ၃၈ခု၊ မကွေးတိုင်း၌ ၂၆ခု၊ မန္တလေးတိုင်း၌ ၃၉ခု၊ မွန်ပြည်နယ်၌ ခြောက်ခု၊ ရခိုင်ပြည်နယ်၌ လေးခု၊ ရန်ကုန်တိုင်း၌ ၁၃ခု၊ ရှမ်းပြည်နယ်၌နှစ်ခု၊ ဧရာဝတီတိုင်း၌ ခုနစ်ခုတို့ဖြစ်ကြသည်။

မြစ်ချောင်းများမှရေကို ဒီဇယ်အင်ဂျင်ရေစုပ်စက်များဖြင့် မြစ်ရေတင်ခြင်း၊ လျှပ်စစ်မြစ်ရေတင် စီမံကိန်းများဖြင့် ရေတင်ရေ စုပ်ယူခြင်း၊ မြေအောက်ရေ ရရှိနိုင်သော ဒေသ များတွင် စက်ရေတွင်း၊ လက်ရိုက်တွင်းများ တူးဖော်ခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့သည်။

မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုမှာ နိုင်ငံနှင့်အဝန်း ၂၆၅ခုရှိပြီဖြစ်သည်။ လျှပ်စစ်မြစ်ရေတင် ၈၃ခုနှင့် ဒီဇယ်ရေတင် ၁၈၂ခုရှိပြီး အကျိုးပြုဧရိယာဧကမှာ ၂၈၂၁၀၈ဖြစ်သည်။

ဒီဇယ်ဖြင့် မြစ်ရေတင်ခြင်းလုပ်ငန်းသည် ကချင်ပြည်နယ်၌ နှစ်ခု၊ စစ်ကိုင်းတိုင်း၌ ၃၉ခု၊ တနင်္သာရီတိုင်းတွင် နှစ်ခု၊ ပဲခူးတိုင်းတွင် ၃၅ခု၊ မကွေးတိုင်းတွင် ၂၈ ခု၊ မန္တလေးတိုင်းတွင် ၅၄ ခု၊ မွန်ပြည်နယ်တွင် လေးခု၊ ရခိုင်ပြည်နယ်တွင် တစ်ခု၊ ရန်ကုန်တိုင်းတွင် ရှစ်ခု၊ ဧရာဝတီတိုင်းတွင် ကိုးခု တည်ဆောက်ခဲ့ပြီး ဖြစ်သည်။ လျှပ်စစ်မြစ်ရေတင် လုပ်ငန်းသည် ကယားပြည်နယ်တွင် တစ်ခု၊ ကရင်ပြည်နယ်တွင် တစ်ခု၊ စစ်ကိုင်းတိုင်းတွင် တစ်ခု၊ ပဲခူးတိုင်းတွင် ၂၀ ခု၊ မကွေးတိုင်းတွင် ၁၆ ခု၊ မန္တလေးတိုင်းတွင် ၁၆ ခု၊ ရန်ကုန်တိုင်းတွင် ခုနှစ်ခုနှင့် ဧရာဝတီတိုင်းတွင် ၁၃ ခု ဖြစ်သည်။

မြေအောက်ရေသုံးစွဲခြင်းလုပ်ငန်းတွင် စက်ရေတွင်းပေါင်း ၄၆၁၆ခု၊ လက်ရိုက်တွင်းပေါင်း ၂၈၆၂ခုဖြစ်ရာ နှစ်ရပ်ပေါင်း အကျိုးပြုဧကမှာ ၉၀၃၀၂ဖြစ်သည်။

ဆည်တမံတည်ဆောက်ခြင်းနှင့် မြစ်ရေတင်လုပ်ငန်းများကို နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် ဌာနဆိုင်ရာဝန်ထမ်းတို့ ပူးပေါင်းကြိုးပမ်းဆောင်ရွက်ခဲ့ရာ နှစ်တိုကာလတွင် အောင်မြင်မှုများစွာ ရရှိခဲ့သည်။

ယခုအခါတိုးတက်စိုက်ပျိုးလာသည့် သီးနှံတစ်မျိုးမှာ ဆီအုန်းဖြစ်သည်။ စားအုန်းဆီကို စားသုံးမှုပိုမိုများပြား လာသည့်အပြင် ကမ္ဘာ့ဈေးကွက်၌ပင် တွင်ကျယ်စွာရောင်းချလျက်ရှိသဖြင့် မြန်မာနိုင်ငံတွင် ဆီအုန်းစိုက်ပျိုးမှု ပိုမိုတိုးတက်လာခဲ့သည်။ စာအုန်းဆီမှာ ဆီအုန်းအသီးမှ ထုတ်ယူသောအခွံဆီဖြစ်သည်။ ဆီထွက်သီးနှံများအနက် ဆီထွက်အကောင်းဆုံးဖြစ်သည်။ ဆီထွက်တစ်ဧက ပိဿာ ၆၀၀ ကျော် ရရှိနိုင်ကြောင်းသိရသည်။

ယခုအခါ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် စီးပွားဖြစ် စိုက်ပျိုးလျက်ရှိကြောင်းသိရသည်။ ဆီအုန်းပင်သည် နှစ်ရှည်ပင်ဖြစ်ပြီး မြန်မာနိုင်ငံတွင်တစ်နှစ်လျှင် မိုးရေချိန်လက်မ ၈၀ ရှာသွန်းသော ဒေသများတွင် ပိုမိုဖြစ်ထွန်းသည်။

ဆည်တမံလုပ်ငန်းများမှသည် သီးနှံစိုက်ပျိုး အထွက်တိုးစေမည်



အာဆီယံအဖွဲ့ဝင် နိုင်ငံများ အတွင်း၌ အချိန်တိုကာလ အတွင်း မြန်မာနိုင်ငံတွင် ဆည်မြောင်း တာတမံများ အံ့မခန်းဖြစ်လောက်အောင် တည်ဆောက်ပြီးစီးခဲ့သဖြင့် အာဆီယံ အင်ဂျင်နီယာ အသင်းချုပ်ကြီးက ချီးမြှင့်ခဲ့သော ၂၀၀၂ ခုနှစ် အင်ဂျင်နီယာလုပ်ငန်း ထူးချွန်ဆုကို တွေ့ရစဉ်။

ထို့ကြောင့် အာဆီယံအင်ဂျင်နီယာအသင်းချုပ်ကြီးက ချီးမြှင့်သော ဆည်တမံစီမံကိန်းလုပ်ငန်းအတွက် ၂၀၀၂ ခုနှစ် အင်ဂျင်နီယာလုပ်ငန်း ထူးချွန်ဆုကို မြန်မာနိုင်ငံကရရှိခဲ့သည်။ ထိုဆုကို ၂၀၀၂ခုနှစ် စက်တင်ဘာ ၂ ရက်မှ ၄ ရက်နေ့အထိ ကမ္ဘောဒီးယားနိုင်ငံဖနွမ်းပင်မြို့၌ ကျင်းပခဲ့သည့် အကြိမ်(၂၀)မြောက် အာဆီယံအသင်းချုပ်ကြီး၏ အစည်းအဝေးက ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးနိုင်သည့် မြေဧက၄၅သန်းရှိရာတွင် ဧက ၂၄သန်းခန့်သာ စိုက်ပျိုးရသေးသဖြင့် ပြည်တွင်းရိက္ခာနှင့် ပြည်ပတင်ပို့မှုတိုးမြှင့်နိုင်ရန်အတွက် ကျန်ဧက၂၁သန်းရှိ မြေလပ်၊ ပလပ်မြေ၊ ရေနက်ကွင်းနှင့်မြေလွတ်မြေရိုင်းများကို ဖော်ထုတ် လုပ်ကိုင် လျက်ရှိသည်။

ယခုအခါ အဓိကစားသုံးသီးနှံဖြစ်သည့် စပါးကို နှစ်စဉ် မိုးစပါးဧက ၁၄သန်း၊ နွေစပါးဧကလေးသန်း စုစုပေါင်းဧက ၁၈သန်း စိုက်ပျိုးထုတ်လုပ်ရေးနှင့် တစ်ဧကပျမ်းမျှစပါးတင်း ၁၀၀ ထွက်ရှိရေး ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယခုအခါ ငရုတ်ကောင်း၊ဆီအုန်း၊ သစ်ဆိမ့်ပင်၊ဂုန်လျှော်၊ ရော်ဘာနှင့် လက်ဖက်စိုက်ပျိုးရေးလုပ်ငန်းများကို နိုင်ငံတော်က အားပေးပံ့ပိုးလျက်ရှိသည့်နည်းတူ စိုက်ပျိုးရေးလုပ်ငန်းရှင်များကလည်း တိုးတက်စိုက်ပျိုးထုတ်လုပ်လာကြသည်ကို တွေ့ရသည်။ငရုတ်ကောင်းကို အိမ်ခြံရှိသူတိုင်း၊ ဥယျာဉ်ခြံရှိသူတိုင်း စိုက်သင့်သောသီးနှံဖြစ်သည်။ ပျိုးပင်များကိုလည်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဈေးနှုန်းချိုသာစွာရောင်းချပေးပြီး စိုက်ပျိုးမှုနည်းပညာပေးခြင်းတို့ကိုဆောင်ရွက်လျက်ရှိသည်။ ငရုတ်ကောင်းသည် ပူအိုက်စွတ်စို မိုးများသောဒေသကို ကြိုက်သော်လည်း ပူပြင်းသည့် ဒေသမှာပင် ရေရနိုင်လျှင် စိုက်ပျိုး၍ရသည်။ မြန်မာနိုင်ငံတွင် ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ မွန် ပြည်နယ်၊တနင်္သာရီတိုင်း၊ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ချင်းပြည်နယ်၊ပဲခူးတိုင်းတို့တွင်များစွာ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိပြီး ကျန် တိုင်းနှင့်ပြည်နယ်များ၌လည်း စီးပွားဖြစ်စိုက်ပျိုးလျက်ရှိကြောင်းသိရသည်။

စီးပွားဖြစ် စိုက်ပျိုးနိုင်သော အခြားဆီထွက်ပင်တစ်မျိုးမှာ သစ်ဆိမ့်ပင်ဖြစ်သည်။ သစ်ဆိမ့်ပင်မှ တစ်နှစ်လျှင် တစ်ဧက ဆီပိဿာ ၃၀၀ခန့်ထွက်ရှိနိုင်ကြောင်းသိရသည်။ ၂၀၀၂ခုနှစ်မှ ၂၀၀၆ခုနှစ်အထိ ငါးနှစ်စီမံကိန်းဖြင့် နိုင်ငံတစ်ဝန်းတွင် သစ်ဆိမ့်ပင်၄ဒသမ၉သန်း နှစ်စဉ်စိုက်ပျိုးရန်စီစဉ်လျက်ရှိပြီး မကွေးတိုင်း၊ စစ်ကိုင်းတိုင်းတို့တွင် နှစ်စဉ် အပင် ၂၅သိန်းကျော်စိုက်ပျိုးသွားရန် စီမံဆောင်ရွက်လျက်

မြင့် ဝေ လှိုင်

ရှိကြောင်းသိရသည်။ သစ်ဆိမ့်ဆီကို စားသုံးခြင်းဖြင့် ရောဂါအမျိုးပေါင်း ၂၀ ခန့်ပျောက်ကင်းပြီး ဆေးဖက်ဝင်လှသဖြင့် သစ်ဆိမ့်ပင်ကို အမြောက်အမြား စိုက်ပျိုးသင့်ပေသည်။

ဂုန်လျှော်စိုက်ပျိုးရေးကိုလည်း တစ်ဧကအထွက်နှုန်း ပိဿာ ၇၀၀ အထိ ရရှိရေးအတွက် ကြိုးပမ်း ဆောင်ရွက်လျက်ရှိပေသည်။ စိုက်ပျိုးနေသည့် မျိုးများမှာ ဘီစီ ၉၉ နှင့် ဘီအို ၂၃ တို့ ဖြစ်ကြသည်။

နှစ်ရှည်ပင်ဖြစ်သည့် ရော်ဘာကို ယခုအခါ တိုးချဲ့စိုက်ပျိုးလျက်ရှိရာ တစ်ဧက အစေးထွက်နှုန်း ပေါင် ၁၀၀၀ ထွက်ရှိသည်အထိ မျှော်မှန်းဆောင်ရွက်လျက်ရှိသည်။

ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းတွင် ခေတ်စားလာသည့် နှစ်ရှည်ပင်မှာ လက်ဖက်ဖြစ်သည်။ လက်ဖက်ကို ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ရှမ်းပြည်နယ်တို့တွင် အဓိကထား စိုက်ပျိုးကြသည်။ အထူးသဖြင့် ချင်းပြည်နယ်သည် လက်ဖက်စိုက်ပျိုးရန် ရာသီဥတုနှင့် ရေခံ မြေခံကောင်းမွန်သဖြင့် မကြာမီကာလတွင် ချင်းပြည်နယ်ကို လက်ဖက် အများဆုံးစိုက်ပျိုးသည့် ပြည်နယ်ဖြစ်ရေး ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ယခုအခါ မြန်မာနိုင်ငံ၏ ရာသီဥတုနှင့်လည်းကိုက်ညီ၊ ရိက္ခာဖူလုံရေးအတွက်လည်း အထောက်အကူပြု၊ အထွက်နှုန်းလည်း သိသိသာသာ တိုးနိုင်သည့် အထွက်တိုးမျိုးကောင်းမျိုးသန့် သီးနှံ ၁၀မျိုးကို စီမံချက်များ ချမှတ်စိုက်ပျိုးလျက်ရှိသည်။

အဆိုပါအထွက်တိုးမျိုးကောင်းမျိုးသန့် သီးနှံ၁၀မျိုးမှာ စပါး၊မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ အစေ့ထုတ်ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ကြံနှင့်ဝါ တို့ဖြစ်ကြသည်။ ၎င်းတို့ကိုအထွက်နှုန်းတိုးပြီးပန်းတိုင်အထွက်နှုန်းရရှိစေရန် စိုက်ပျိုးနည်းစနစ်ကို လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာနက သတ်မှတ်ဖော်ပြထားသည်။

စပါး၏ပန်းတိုင်အထွက်နှုန်းမှာ တစ်ဧက တင်း ၁၀၀ ဖြစ်သည်။









မန္တလေးတိုင်း ရမည်းသင်းခရိုင် တပ်ကုန်းမြို့နယ်ရှိ ဆင်သေချောင်း ပေါ်တွင် တည် ဆောက် ထား သည့် ဆင်သေ ရေလှောင်တမံကို ၃–၁–၁၉၉၉ ရက်နေ့က ဖွင့်လှစ်ခဲ့သည်။ အဆိုပါ ရေလှောင်တမံသည် လယ်မြေဧက ၃၂၄၀၀ ကို ရေပေးဝေလျက် ရှိသည်။



လာသည့် သီးနှံတစ်မျိုးမှာ ဆီအုန်းဖြစ်
မှုပိုမိုများပြား လာသည့်အပြင် ကမ္ဘာ့
ျာင်းချလျက်ရှိသဖြင့် မြန်မာနိုင်ငံတွင်
ခဲ့သည်။ စာအုန်းဆီမှာ ဆီအုန်းအသီးမှ
ဆီထွက်သီးနှံများအနက် ဆီထွက်
က်တစ်ဧကေ ပိဿာ ၆၀၀ ကျော် ရရှိနိုင်

ပ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊
င်းတို့တွင် စီးပွားဖြစ် စိုက်ပျိုးလျက်
င်သည် နှစ်ရှည်ပင်ဖြစ်ပြီး မြန်မာနိုင်ငံ
က်မ ၈၀ရှာသွန်းသော ဒေသများတွင်

ွက်တိုးစေမည်

အခြားဆီထွက်ပင်တစ်မျိုးမှာ သစ်ဆိမ့်
တစ်နှစ်လျှင် တစ်ဧကေ ဆီပိဿာ
သည်။ ၂၀၀၂ခုနှစ်မှ ၂၀၀၆ခုနှစ်အထိ
ဝန်းတွင် သစ်ဆိမ့်ပင်၄ဒသမ၉သန်း
၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်းတို့တွင်
ိုက်ပျိုးသွားရန် စီမံဆောင်ရွက်လျက်

ဝေ လှိုင်

ကို စားသုံးခြင်းဖြင့် ရောဂါအမျိုးပေါင်း
ဝင်လှသဖြင့် သစ်ဆိမ့်ပင်ကို အမြောက်

ည်း တစ်ဧကေအထွက်နှုန်း ပိဿာ ၇၀၀
ဆောင်ရွက်လျက်ရှိပေသည်။ စိုက်ပျိုးနေ
ာ် ဘီအို ၂၃ တို့ ဖြစ်ကြသည်။
ာကို ယခုအခါ တိုးချဲ့စိုက်ပျိုးလျက်
န်း ပေါင် ၁၀၀၀ ထွက်ရှိသည်အထိ
ည်။
န်းတွင် ခေတ်စားလာသည့် နှစ်ရှည်ပင်
က်ကို ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊
တွင် အဓိကထား စိုက်ပျိုးကြသည်။
ဉ် လက်ဖက်စိုက်ပျိုးရန် ရာသီဥတုနှင့်
မကြာမီကာလတွင် ချင်းပြည်နယ်ကို
ဉ် ပြည်နယ်ဖြစ်ရေး ကြိုးပမ်းဆောင်ရွက်

ဆည်မြောင်းဝန်ကြီးဌာနက ယခုအခါ
ာ်ကိုက်ညီ၊ ရိက္ခာဖူလုံရေးအတွက်လည်း
းလည်း သိသိသာသာ တိုးနိုင်သည့်
သီးနှံ ၁၀မျိုးကို စီမံချက်များ ချမှတ်

င်းမျိုးသန့် သီးနှံ၁၀မျိုးမှာ စပါး၊မတ်ပဲ၊
ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ကြံနှင့်ဝါ
ွက်နှုန်းတိုးပြီးပန်းတိုင်အထွက်နှုန်းရရှိ
လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာနက

းမှာ တစ်ဧကေ တင်း၁၀၀ဖြစ်သည်။

ဆည်ရေသောက်ဒေသများတွင် မိုးစပါးအဖြစ် မနောသုခ၊ဆင်းသီဂိ၊ ရောမင်း၊ညော့်မထစော၊ရွှေသွယ်ရင်၊သီးထပ်ရင်၊အမ်အာ–၉၊ ရေဆင်းလုံးသွယ်နှင့်မိုးစပါးအဖြစ် ရွှေသွယ်ရင်၊ သီးထပ်ရင်၊ ညော့်မထစော၊ သုခယဉ်၊ရေဆင်းလုံးသွယ်၊ ရေဆင်းစပ်မျိုးတို့ကို စိုက်ပျိုးသွားရန်ဖြစ်သည်။ မိုးရေသောက်ဒေသတွင် မိုးစပါးအဖြစ် ကျော်ဇေယျ၊ မနောသုခ၊ မော်ဘီ–၁၊မော်ဘီ–၂၊ ရောမင်းနှင့်နွေစပါး အဖြစ်သီးထပ်ရင်၊ ရွှေသွယ်ရင်၊အမ်အာ–၉၊ရေဆင်းလုံးသွယ်တို့ကို စိုက်ပျိုးရန်ဖြစ်သည်။ တောင်ပေါ် ဒေသတွင် မိုးစပါးအဖြစ် ဆင်းဧကရီ–၃၊ဆင်းရွှေဝါ၊ ရတနာအောင်၊ ရေဆင်း–၃နှင့် နွေစပါးအဖြစ် ဆင်းဧကရီ–၃၊ ရတနာအောင်၊ ရေဆင်း–၃တို့ကို စိုက်ပျိုးရန်ဖြစ်သည်။

မတ်ပဲ၏ ပန်းတိုင်အထွက်နှုန်းမှာ တစ်ဧကေ တင်း ၂၀ ဖြစ်သည်။ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် အပင်ပေါက်နှုန်း ၈၀ ရာခိုင်နှုန်း အထက်ရှိသော ရေဆင်း(၂)၊ (၃)၊ (၄)၊ (၅) မျိုးများကို စိုက်ပျိုးသင့်ကြောင်း သိရသည်။

ပဲတီစိမ်း၏ ပန်းတိုင်အထွက်နှုန်းမှာ တစ်ဧကေ တင်း ၂၀ ဖြစ်သည်။ မျိုးများအဖြစ် အပင်ပေါက်ရာခိုင်နှုန်း ၈၀ အထက်ရှိသည့် ရေဆင်း (၄)၊ (၅)၊ (၆) (၈)၊ (၉)တို့ကို စိုက်ပျိုးရန်ဖြစ်ကြောင်း သိရသည်။

ပဲစင်းငုံ၏ ပန်းတိုင်အထွက်နှုန်းမှာ တစ်ဧကေ ၂၅ တင်းဖြစ်သည်။ အပင်ပေါက် ရာခိုင်နှုန်း ၈၀ ရှိသော သက်ကြီးမျိုးဖြစ်သည့် ကျွဲခြံရွှေဒင်္ဂါး၊ ရွှေဒင်္ဂါး၊ သက်လတ်မျိုးဖြစ်သည့် ရေဆင်း(၄)၊ သက်လျင်မျိုးဖြစ်သည့် ရေဆင်း(၃)တို့ကို စိုက်ပျိုးရန် သင့်လျော်ကြောင်းသိရသည်။

အစေ့ထုတ်ပြောင်း၏ ပန်းတိုင်အထွက်နှုန်းမှာ တစ်ဧကေတင်း ၈၀ဖြစ်သည်။ စိုက်ပျိုးရန် မျိုးများအဖြစ် တောင်ပေါ်ဒေသတွင် ဧကရီ၊ ရေဆင်းစပ်မျိုး (၃)၊ ရေဆင်းစပ်မျိုး (၅)ဖြစ်ပြီး မြေပြန့်ဒေသတွင် ရွှေဝါ (၁)၊ စူဝမ် (၃)၊ ရေဆင်းစပ်မျိုး (၂)၊ (၃)၊ (၄)၊ (၅)နှင့် မျိုးစေ့ကော်မတီမှ ထောက်ခံထားသော နိုင်ငံခြားမျိုးများ ဖြစ်သည်။

မြေပဲ၏ ပန်းတိုင် အထွက်နှုန်းမှာ တစ်ဧကေ တင်း ၅၀ ဖြစ်သည်။ စိုက်ပျိုးသင့်သော အထွက်နှုန်းကောင်းမျိုးများမှာ မျိုးပွားခြင်းကို ခံနိုင်သည့် ဆင်းပဒေသာ–၅၊ ရေငတ်ခြင်းကို ခံနိုင်သည့်ဆင်းပဒေသာ–၆၊ အထွက်နှုန်းမြင့်မား၍ မြေကောင်းကိုကြိုက်သည့် ဆင်းပဒေသာ–၇ တို့ဖြစ်သည်။

နှမ်း၏ပန်းတိုင်အထွက်နှုန်းမှာ တစ်ဧကေတင်း ၂၀ဖြစ်သည်။ စိုက်ပျိုးသင့်သော မျိုးများအဖြစ် ရေငတ်ခံပြီးအထွက်ကောင်းသော ဆင်းရတနာ–၃၊ ဆင်းရတနာ–၄၊ အပူဒဏ်ခံနိုင်သည့် ဆင်းရတနာ–၅တို့ဖြစ်ကြသည်။

နေကြာ၏ ပန်းတိုင်အထွက်နှုန်းမှာ တစ်ဧကေတင်း ၅၀ဖြစ်သည်။ မျိုးများအဖြစ် အထွက်ကောင်းပြီး ရောဂါဒဏ်ခံနိုင်သည့် ရေဆင်းစပ်မျိုး–၁၊ ယိုင်လဲမှုဒဏ်ခံ၊ ရောဂါဒဏ်ခံနိုင်သည့် ဆင်းရွှေကြာ–၂မျိုးများကို စိုက်ပျိုးသင့်သည်။

ကြံ၏ပန်းတိုင်အထွက်နှုန်းမှာ တစ်ဧကေ တန် ၃၀ဖြစ်သည်။ မိုးနည်းဒေသတွင် နဝဒေး(၁)(၂)နှင့်မိုးကောင်း သည့်ဒေသတွင်ပျဉ်းမနား (၄)(၅)(၆)တို့ကို စိုက်ပျိုးရန်သင့်လျော်ကြောင်းသိရသည်။

ဝါသီးနှံ၏ ပန်းတိုင်အထွက်နှုန်းမှာ တစ်ဧကေပိဿာ (၄၀၀)ဖြစ်သည်။ မျိုးအဖြစ် အယ်လ်အာအေ(၅၁၆၆)၊အန်စီယူ–(၉)၊ အန်စီယူ (၄ VT)၊ ဆူရာဖီနှင့်ဆူပရီရာမျိုးများကိုပြောင်းလဲစိုက်ပျိုးရန်ဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံတွင် ရေအရင်းအမြစ်များစွာ ရှိရာစနစ်တကျ စုတ်ယူ သုံးစွဲနိုင်သည်နှင့်အမျှ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ အတွက် များစွာ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါသည်။

ယခုအခါ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ လက်ထက်ဆည်တမံများ၊ မြစ်ရေတင် စီမံကိန်းများ အပြင် မြေအောက်ရေ ရရှိရေးလုပ်ငန်းများကိုပါစနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်လာခဲ့ သဖြင့် တစ်ချိန်က မိုးနည်းရေရှားခဲ့သော ဒေသများတွင်ပင်ရေများ အလုံအလောက်ရရှိနေပြီဖြစ်ပေသည်။ မြစ်ကိုမြင်လျက် ရေမတင် နိုင်သောဒေသ၊ မြေရှိသော်လည်းရေမရှိသည့်အတွက် စိုက်ပျိုးခြင်း မပြုနိုင်သေးသော ဒေသများတွင် ရွှေကိုမလိုရေကိုသာလိုခဲ့ကြပါသည်။ သီးနှံစိုက်ပျိုးအထွက်တိုးစေဖို့ ယခုအခါ ဆည်တမံများမှ ရေများ အလျှံပယ် ရရှိနေပါပြီ။ ၎င်းမှာ နိုင်ငံတော်နှင့်ပြည်သူတို့၏ လက်တွဲညီညီပူးပေါင်းဆောင်ရွက်မှု၏ အကျိုးရလဒ်ကောင်းများဖြစ်ပါတော့သည်။ ။



ဘုတလင်မြို့နယ် ခိုချောင်းဒေသရှိ ရေဘုတလင် လျှပ်စစ်မြစ်ရေတင်စီမံကိန်း။

စဉ်	ဆည်တမံ မြို့	အကျိုးပြု ဧက
၁။	နတ်မော် (ရွှေတောင်)	၈၀၀၀
၂။	စဉ့်ကူးချောင်းဂေါင် (အုတ်ဖို)	၁၅၀၀
၃။	ကင်ပွန်းတောင် (တောင်တွင်းကြီး)	၅၀၀၀
၄။	စလေပခန်းငယ် (ချောက်)	၅၄၀၀
၅။	ဒုရင်္ဂဗိုလ် (အောင်လံ)	၁၀၄၀၀
၆။	ကင်းတား(ကျောက်ဆည်)	၂၀၁၅၀၀
၇။	သဖန်းချောင်း (ပျော်ဘွယ်)	၁၂၀၀
၈။	အဇင်း (မုဒုံ)	၃၀၀၀
၉။	အောက်မြန်မာပြည်စပါး(၂) (ဘိုကလေး/လပွတ္တာ/မအူပင်)	၁၈၃၄၂၁
၁၀။	လက်ယက်မ (မြောင်)	၇၅၀
၁၁။	စေတီ (တမူး)	၈၄၅
၁၂။	ဝက်ရှု (တမူး)	၇၀၂
၁၃။	မြေအောက်ရေ (၁) (မုံရွာ/ချောင်းဦး/ဘုတလင်)	၂၂၉၃၅
၁၄။	ရွှေတောင် (ရွှေတောင်)	၁၂၀၀
၁၅။	ဘုတ်ချောင်း (မြို့သစ်)	၅၀၀
၁၆။	ပွဲသာ (အောင်လံ)	၁၀၀၀
၁၇။	သီးခြောက် (ပေါက်)	၁၂၅၀
၁၈။	နွယ်ခွေ (ချောင်းဦး)	၁၂၅၀
၁၉။	တုန်းကျော် (တမူး)	၄၆၂
၂၀။	တောင်မောက် (ပန်းတောင်း)	ရေပေးဝေရေး
၂၁။	မြိုင်ချောင်း (မြိုင်)	၁၀၀၀
၂၂။	ကန်စွမ်းမ(ဝန်ချောင်း) (ဆိပ်ဖြူ)	၆၇၅
၂၃။	ကျောက်တစ်လုံး (တောင်သာ)	၂၀၀၀
၂၄။	တောင်လုံးမြောင် (လှည်းကူး)	၃၀၀
၂၅။	ရေဦးဆည်မြောင်းများပြန်လည် ထူထောင်ရေးစီမံကိန်း(ရေဦး/အရာတော်)	၁၂၁၀၀၀
၂၆။	တောင်နဝင်းရေထိန်းတမံ(ပေါက်ခေါင်း)	၄၅၀၀
၂၇။	တောင်ခရမ်း (ဂန့်ဂေါ)	၅၀၀၀
၂၈။	ဆင်ချောင်း (ရေစကြို)	၁၀၀၀
၂၉။	စမုံ (သာစည်)	၁၂၀၀၀
၃၀။	စွန်းလွန်း (မြင်းခြံ)	၂၅၀၀
၃၁။	ကင်းသာ (တပ်ကုန်း)	၂၀၀၀
၃၂။	ဝါးပါး (သထုံ)	၂၄၀၀
၃၃။	ကိုကိုးကျွန်း	ရေပေးဝေရေး
၃၄။	လိုင်ဗား (ဖလမ်း)	၅၀၀
၃၅။	မင်းရဲ (အုတ်တွင်း)	၂၀၀
၃၆။	ကျီးပင် (ပန်းတောင်း)	ရေပေးဝေရေး
၃၇။	မတောင့်တ (ပြည်)	၁၂၅၂၀
၃၈။	ဆိတ်ဖူးတောင် (တောင်ငူ)	၂၀၀၀
၃၉။	ကမ်းနီ (တောင်ငူ)	၂၀၀၀
၄၀။	တောင်ပင်လယ် (မြင်းခြံ)	၂၃၀၀
၄၁။	ချောင်းကောက် (ပျော်ဘွယ်)	၂၅၀၀
၄၂။	ဒိုးကွင်း (ပြင်ဦးလွင်)	၃၀၀
၄၃။	သက်တော် (သာစည်)	၂၅၀၀
၄၄။	ဘီးလင်း (ဘီးလင်း)	၃၀၀၀
၄၅။	ကြိုးကြာကွင်း (တောင်ကုတ်)	၁၅၀
၄၆။	ဘန့်ဘွေးကုန်း (ကျောက်တန်း)	၃၀၀
၄၇။	တဘူးလှ (တိုက်ကြီး)	၄၀၀၀
၄၈။	ငမိုးရိပ် (လှည်းကူး)	၇၀၀၀၀
၄၉။	နတ်မောက်ရေလွှဲဆည် (နတ်မောက်)	၅၀၀
၅၀။	သာစည် (မုံရွာ)	၁၅၀၀
၅၁။	တဘူးလှ (တိုက်ကြီး)	၅၂၀၀၀
၅၂။	တောင်နဝင်း (ပေါက်ခေါင်း)	၆၂၅၀၀
၅၃။	မုန်းချောင်း (တပ်ကုန်း)	၄၈၅၀
၅၄။	ချောင်းကောက် (ပျော်ဘွယ်)	၁၁၅၀၀
၅၅။	နတ်မောက် (နတ်မောက်)	၃၆၀၀၀
၅၆။	ဇာမဏီအင်း (သန်လျင်)	၁၀၀၀
၅၇။	(၉၉)ကန် (ယင်းမာပင်)	၉၉၀၀
၅၈။	ယင်းဝါ (ကော့သောင်)	ရေပေးဝေရေး
၅၉။	စစ်တောင်းမြစ် (အုတ်တွင်း)	၇၀၀၀
၆၀။	ရေနီ (တပ်ကုန်း)	၄၂၀၀
၆၁။	ပန်းလှိုင် (ညောင်တုန်း)	၂၀၀၀၀
၆၂။	လဲဖြူ (ရမည်းသင်း)	၆၂၀၀
၆၃။	ရေဘုတ်ချောင်း (ရမည်းသင်း)	၄၅၀
၆၄။	တောင်ညို (နတ္တလင်း)	၅၀၀၀၀
၆၅။	မြင်းခြံမြစ်ရေတင် (မြင်းခြံ	၄၀၀၀
၆၆။	မြောက်ပင်လယ် (မြင်းခြံ)	၃၀၀၀
၆၇။	ရွှေနတ်တောင် (မော်လမြိုင်)	၄၀၀
၆၈။	ရွှေပြည်(၃) (ပဲခူး)	၁၂၅၀
၆၉။	ထန်းဇလုတ် (မုံရွာ)	၂၀၀၀
၇၀။	မြကန် (ညောင်ဦး)	၂၀၀
၇၁။	ဆင်တဲဝ (တောင်သာ)	၃၈၀၀
၇၂။	ကင်းတပ် (ကျွန်းလှ)	၁၅၀၀၀၀
၇၃။	ကမ်းသာယာ (ငွ)	၁၅၀
၇၄။	ဘန်းကုန်း (တောင်တွင်းကြီး)	၂၀၀၀
၇၅။	ဇောင်းတူ (ပဲခူး)	၃၆၂၅၀
၇၆။	ပသိ (တောင်ငူ)	၄၀၀၀
၇၇။	စွန်ကန် (တောင်သာ)	၄၇၀၃
၇၈။	စွန်ကန် (တောင်သာ)	၄၇၀၃
၇၉။	ယောချောင်းအမှတ်(၂) (ပေါက်)	၁၇၉၄
၈၀။	ဇောဂျီ (ရပ်စောက်)	၁၁၀၀၀၀
၈၁။	နန်ကသူရေလွှဲဆည် (အင်္ဂပူ)	၁၀၀၀
၈၂။	မဲဇလီရေထိန်းတံခါး (ညောင်တုန်း)	၂၀၀၀၀
၈၃။	တောင်သာ (တောင်သာ)	၂၀၀၀
၈၄။	ဒေါတချ (ဘောလခဲ)	၁၀၀၀
၈၅။	မြောက်ယမား (ယင်းမာပင်)	၁၀၀၀
၈၆။	ငမြွေချောင်း (ဖြူး)	၅၀၀
၈၇။	ရေးသိုး (အုတ်တွင်း)	၂၀၀၀
၈၈။	ဟူးမွန် (လားရှိုး)	၈၄၃
၈၉။	ဆဒ္ဒန် (မြို့သစ်)	၁၀၀၀၀
၉၀။	ဇလပ်ထော် (ပဲခူး)	၂၀၀၀
၉၁။	ဝဲလောင် (တောင်သာ)	၂၀၀၀
၉၂။	ပင်းချောင်း (ကျောက်ပန်းတောင်း)	၅၀၀၀
၉၃။	မန်းချောင်း (ငဖဲ)	၄၇၅၀၀
၉၄။	ဆင်သေ (တပ်ကုန်း)	၃၂၄၀၀
၉၅။	ဘောနီ (ဒိုက်ဦး)	၆၀၀၀
၉၆။	ဝါးတောရေထိန်းတံခါး (မအူပင်)	၁၅၀၀၀
၉၇။	စည်သာရေလှောင်တမံ (ပြင်ဦးလွင်)	၂၅၀
၉၈။	မဇင်းရေလှောင်တမံ (ပဲခူး)	၆၅၀
၉၉။	သပြေရိုးရေလှောင်တမံ (ဝမ်းတွင်း)	၃၁၃၆
၁၀၀။	ငမင်ရေလှောင်တမံ (တောင်တွင်းကြီး)	၄၀၀၀
၁၀၁။	ဝဲကြီးရေလှောင်တမံ (ပေါင်းတည်)	၄၅၀၀၀
၁၀၂။	ဆင်သေရေလွှဲဆည် (တပ်ကုန်း)	၃၂၄၀၀
၁၀၃။	ညောင်ကိုင်း (ပန်းတောင်း)	၃၀၀၀
၁၀၄။	ထိန်းရေထိန် (မအူပင်)	၁၅၀၀၀

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

စာဆိုတော်နေ့အထိမ်းအမှတ်တာမွေ၌စာပေဟောပြောမည်

ရန်ကုန် ဒီဇင်ဘာ ၂၉

၁၃၆၅ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် ဆုရသူများအား ထပ်ဆင့်ဂုဏ်ပြုပွဲ အခမ်းအနား ကျင်းပရေး အစည်းအဝေးကို တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက်၉ နာရီတွင်ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိုးအောင်(စိုးအောင်/တိုင်းရင်းဆေးသိပ္ပံ)တို့က အမှာစကားပြောကြားကြသည်။

တာမွေမြို့နယ် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲတွင် ဦးမျိုးသန့်(မောင်ဆုရှင်)နှင့် ဦးချစ်နိုင် (ချစ်နိုင်–စိတ်ပညာ)တို့က ဟောပြောကြမည်ဖြစ်ပြီး ၂၀၀၂ ခုနှစ် အမျိုးသားစာပေဆု၊ ဝတ္ထုတိုပေါင်းချုပ်ဆုရ သန်းမြင့်အောင်၊ စာပေဗိမာန်စာမူဆု ဘာသာပြန်စာပေ ပထမဆုရ ဇော်ထွန်းအောင်၊ (၁၄)ကြိမ်မြောက် အမျိုးသားရေး ဆောင်ပုဒ်၊ စာပေနှင့်ခေတ်ပုံပြိုင်ပွဲတွင် ဆောင်းပါးပထမဆုရ စုခင်လေးဦး၊ ခေတ်ပုံအထူးဆုရ ညောင်ဦးဖိုးချိုတို့အား ထပ်ဆင့်ဂုဏ်ပြုပွဲကို ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာမျက်နှာ ၉ မှ

၁၀၅။	တောင်ယမား (မြိုင်)	၇၀၀၀
၁၀၆။	ဇီးဖြူကုန်းရေထိန်းတံခါး (တွံတေး)	၇၅၀၀
၁၀၇။	ဇီးတော (နွားထိုးကြီး)	၄၀၀၀
၁၀၈။	ကံကြီးကုန်း (ပြည်)	၁၄၀၀
၁၀၉။	ရဟိုင်းကွင်းရေလှောင်တမံ (ဂွ)	၁၅၀
၁၁၀။	ကွမ်းခြံကုန်း (ကွမ်းခြံကုန်း)	၂၁၄၀၀
၁၁၁။	သဲကောရေလှောင်တမံ (လက်ပံတန်း)	၁၂၀၀၀
၁၁၂။	သစ်တက်ကုန်း (မြစ်သား)	၅၀၀၀
၁၁၃။	ကြက်မောက်နှင့်လယ်တီရေထိန်းတမံ(မြိုင်)	၁၂၀၀
၁၁၄။	ပုန်းမကြည်ရေလှောင်တမံ (မလှိုင်)	၅၀၀
၁၁၅။	မြို့သာရေလှောင်တမံ (ငါန်းဇွန်)	၁၅၀၀
၁၁၆။	နန်ကသူရေလှောင်တမံ (အင်္ဂပူ)	၁၄၀၀၀
၁၁၇။	မိုးမခရေထိန်းတံခါး (တွံတေး)	၄၀၀၀၀
၁၁၈။	လေးတိုင်စင်ရေလှောင်တမံ (ရေနံချောင်း)	၁၀၀၀
၁၁၉။	ရန်ပယ်ရေလှောင်တမံ (တောင်တွင်းကြီး)	၁၀၀၀၀
၁၂၀။	ရှမ်းကိုင်းရေတံခါး (ဝေါ)	၂၅၀၀၀
၁၂၁။	သဖန်းဆိပ်ရေလှောင်တမံ (ကျွန်းလှ)	၅၀၀၀၀၀
၁၂၂။	ဝင်းဖန့်ရေလှောင်တမံ (မုဒုံ)	၁၃၀၀၀
၁၂၃။	စွန်ချောင်းရေလှောင်တမံ (မြို့သစ်)	၇၀၀၀
၁၂၄။	ပုလင်းရေလှောင်တမံ (မြို့သစ်)	၂၀၀၀
၁၂၅။	စလင်းရေလှောင်တမံ (စလင်း)	၃၃၀၀၀
၁၂၆။	ကျောက်တစ်လုံးရေကူ ရေလှောင်တမံ (တောင်သာ)	၂၀၀၀
၁၂၇။	ဆွာချောင်းရေလှောင်တမံ (ရေတာရှည်)	၃၅၀၀၀
၁၂၈။	လဂွမ်းပြင်ရေလှောင်တမံ (လှည်းကူး)	၂၂၀၀၀
၁၂၉။	ကျေးပင်အက်ရေလှောင်တမံ (ကန့်ဘလူ)	၈၀၀၀
၁၃၀။	သုံးဆယ်ရေလှောင်တမံ (သာယာဝတီ)	၅၀၀၀၀
၁၃၁။	ပိုင်ကျုံရေထိန်းတံခါး (ကဝ)	၃၀၀၀၀
၁၃၂။	လှိုင်နန်းဖရေထိန်းတမံ (ဒီမောဆို)	၂၁၅၀
၁၃၃။	ဘော်ဘင်ရေလှောင်တမံ (ကြို့ပင်ကောက်)	၃၀၀၀၀
၁၃၄။	ကံတင်ဘီးလင်းရေလှောင်တမံ (ပဲခူး)	၂၅၀၀၀
၁၃၅။	ဘိုင်းဒါးရေလှောင်တမံ (ဒိုက်ဦး)	၄၆၇၀၀
၁၃၆။	ဇိုက္ကရဲရေလှောင်တမံ (သထုံ)	၂၀၀၀၀
၁၃၇။	နဂါးရေလှောင်တမံ (ရေနံချောင်း)	၁၀၀၀
၁၃၈။	ဖောင်းကတောရေလှောင်တမံ (ငါန်းဇွန်)	၂၀၀၀
၁၃၉။	ကျင်းသာရေလှောင်တမံ (မလှိုင်)	၅၀၀
၁၄၀။	ဟင်းရွက်ရေလှောင်တမံ (အမ်း)	ရေပေးဝေရေး
၁၄၁။	ဆင်လမ်းရေလှောင်တမံ (ပြင်ဦးလွင်)	၅၀၀
၁၄၂။	တာဝရေထိန်းတံခါး (သနပ်ပင်)	၃၂၀၀၀
၁၄၃။	အလိုင်နီရေလှောင်တမံ (ပဲခူး)	၁၀၀၀၀
၁၄၄။	ကလီထော် (လှည်းကူး)	၉၀၀၀
၁၄၅။	ကောလိယ (ဒိုက်ဦး)	၂၄၅၀၀
၁၄၆။	ဂမုန်းရေလှောင်တမံ (အုတ်ဖို)	၁၅၀၀၀
၁၄၇။	မင်းလှရေလှောင်တမံ (အုတ်ဖို)	၁၅၀၀၀
၁၄၈။	စိန်ပန်းမြိုင်ရေလှောင်တမံ (လှိုင်းဘွဲ့)	၁၀၀
၁၄၉။	ရန်အောင်မြင်ရေလှောင်တမံ (လယ်ဝေး)	၃၀၀၀
၁၅၀။	နတ်သားတောရေလှောင်တမံ (ငါန်းဇွန်)	၁၅၀၀
၁၅၁။	ချောင်းမကြီး(မြို့လှ)ရေလှောင်တမံ	၃၀၀၀
၁၅၂။	သင်ပုန်းရေလှောင်တမံ (မလှိုင်)	၇၆၃၆
၁၅၃။	ဘွက်ကြီးရေလှောင်တမံ (အောင်လံ)	၁၀၀၀၀
၁၅၄။	မဟူရာရေလှောင်တမံ (လှည်းကူး)	ရေပေးဝေရေး
၁၅၅။	လက်ပန်ရေလှောင်တမံ (မြင်းမူ)	၂၅၀၀

နိုင်ငံစီးပွားဖွံ့ဖြိုးရေးအတွက် ဘဏ်များအရေးပါ တိုးတက်ပြောင်းလဲနေသောဘဏ်လုပ်ငန်းများမျက်ခြည်မပြတ်လေ့လာ

ရန်ကုန် ဒီဇင်ဘာ ၂၉

ဘဏ်များကြီးကြပ်ရေးကော်မတီ အထွေထွေဘဏ်လုပ်ငန်းသင်တန်း (အရာရှိ)အဆင့်သင်တန်းအမှတ်စဉ် (၂)ဆင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ၂နာရီတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်း တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာ ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းက သင်တန်းဆင်းအမှာစကားပြောကြားရာ၌ သင်တန်းတွင် သင်ကြားသည့် ဘာသာရပ်များသည် လုပ်ငန်းခွင်တွင် များစွာအသုံးဝင်သည့် ဘာသာရပ်များဖြစ်၍ လက်တွေ့အသုံးချသည့် နေရာတွင် အကျိုးကျေးဇူးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ဘဏ်လုပ်ငန်းကဏ္ဍကြီးဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်ရန်နှင့် ဘဏ်များ၏ရေရှည်လုပ်ငန်းတိုးတက်စေရန်သင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ်သွားရန်လိုကြောင်း၊ သင်ကြားသည့် ဘဏ်လုပ်ငန်း ဝန်ဆောင်မှုအမျိုးမျိုး၊ စာရင်းကိုင်နှင့် စာရင်းစစ်ဘာသာရပ်များနှင့် တရားမဝင် နည်းလမ်းဖြင့်ရရှိလာသည့် ငွေကြေးနှင့် ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေတို့ကို လက်တွေ့ဆောင်ရွက်ရာတွင် တိကျစွာလိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ ဘဏ်အရာရှိများအား လေ့ကျင့်သင်ကြားပေးနေခြင်းမှာ လူ့စွမ်းအားများ အရည်အချင်း ပြည့်ဝစေရန်နှင့် ဗဟုသုတပြည့်စုံစေရန်၊ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေရန်၊ ပြောင်းလဲနေသည့် ကမ္ဘာနှင့်ရင်ပေါင်တန်းလိုက်နိုင်ရန်ဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဘဏ်များ၏အခန်းကဏ္ဍသည် များစွာအရေးကြီးသည့် ကဏ္ဍတွင် ပါဝင်ပြီး ဘဏ်လုပ်ငန်းကြီးဖွံ့ဖြိုးတိုးတက်ရန် စွမ်းဆောင်ရည်ပြည့်ဝသည့် ဘဏ်ဝန်ထမ်းများလိုအပ်ကြောင်း၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားလာစေရန် သင်တန်းများဖွင့်လှစ်ပြီး သင်ကြားပို့ချပေးနေခြင်းဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့်လည်း အချိန်နှင့်အမျှ တိုးတက်ပြောင်းလဲနေသည့် ဘဏ်လုပ်ငန်းဘာသာရပ်ကို မျက်ခြည်မပြတ် တတ်အားသရွေ့ ဆက်လက်လေ့လာဆည်းပူးနေရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဘဏ်များကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက အမှာစကားပြောကြားပြီးနောက် ဝန်ကြီးက ထူးချွန်သင်တန်းသားများအား ဆုများ ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

လမ်း(၅၀)ဓမ္မာရုံ တရားစခန်းကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၉

ဗိုလ်တထောင်မြို့နယ် အမှတ်(၅) ရပ်ကွက် လမ်း ၅၀ (အောက်လမ်းသွယ်)ရှိ ဓမ္မိကဓမ္မာရုံ၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း အချိန်ပိုင်း နေ့တရားစခန်းကို ၂၀၀၄ ခုနှစ် ဇန်နဝါရီ၃ရက်မှ၇ရက်အထိ နေ့စဉ် မွန်းလွဲ ၁၂ နာရီခွဲမှ ၄ နာရီခွဲ အထိ ကျင်းပမည်ဖြစ်ရာ မိုးကုတ် ဝိပဿနာအဖွဲ့ချုပ် ဓမ္မကထိက ဆရာကြီး ဦးစိန်ဝက ပဋိစ္စသမုပ္ပာဒ် တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ တရားအားထုတ်လိုသူ ယောဂီများသည် နေ့စဉ် မွန်းလွဲ ၁၂ နာရီခွဲအရောက်လာရောက်ကြရန်နှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

ယဉ်ကျေးမှုဝန်ကြီးဗိုလ်ချုပ်ကြည်အောင်အား လာအိုပြန်ကြားရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီးတွေ့ဆုံ

ရန်ကုန် ဒီဇင်ဘာ ၂၉

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ကြည်အောင်အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြန်ကြားရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Phandouangchit Vongsa နှင့်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chanthavy Bodhisane လိုက်ပါလျက် ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းသို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။ (အပေါ်ပုံ)

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာသို့ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမြင့်သိန်းဆွေ၊ ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးညွှန့်ဟန်၊ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်း၊ ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဦးတင်စိုးတို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ဆောင်ရွက်ပြီး မြစ်ရေတင်လုပ်ငန်း၏ တိုင်းနှင့်ပြည်နယ်အလိုက် စာရင်းဇယားမှာ အောက်ပါအတိုင်းဖြစ်သည်
ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနဆောင်ရွက်ပြီး မြစ်ရေတင်လုပ်ငန်းများ

စဉ်	ပြည်နယ်/ တိုင်း	လျှပ်စစ်ရေတင်		ဒီဇယ်ရေတင်		စုစုပေါင်း	
		ဦးရေ	ဧက	ဦးရေ	ဧက	ဦးရေ	ဧက
၁။	ကချင်			၂	၈၅၀	၂	၈၅၀
၂။	ကယား	၁	၃၀၀၀			၁	၃၀၀၀
၃။	ကရင်	၁	၁၅၀၀			၁	၁၅၀၀
၄။	စစ်ကိုင်း	၉	၃၂၀၂၀	၃၉	၃၅၈၅၈	၄၈	၆၇၈၇၈
၅။	တနင်္သာရီ			၂	၂၀၀	၂	၂၀၀
၆။	ပဲခူး	၂၀	၃၀၈၀၀	၃၅	၂၁၅၃၂	၅၅	၅၂၄၃၂
၇။	မကွေး	၁၆	၆၂၇၈၆	၂၈	၉၃၁၅	၄၄	၇၂၁၀၁
၈။	မန္တလေး	၁၆	၂၀၅၉၃	၅၄	၂၃၆၉၇	၇၀	၄၄၂၉၀
၉။	မွန်			၄	၁၄၀၀	၄	၁၄၀၀
၁၀။	ရခိုင်			၁	၄၀၀	၁	၄၀၀
၁၁။	ရန်ကုန်	၇	၂၁၀၀၀	၈	၁၄၃၀	၁၅	၂၂၄၃၀
၁၂။	ဧရာဝတီ	၁၃	၄၉၂၅	၉	၁၀၇၀၀	၂၂	၁၅၆၂၇
	စုစုပေါင်း	၈၃	၁၇၆၆၂၆	၁၈၂	၁၀၅၄၈၂	၂၆၅	၂၈၂၁၀၈

■ *ကျောဖုံးမှ*

ရည်မှန်းချက်ငါးရပ်အနက်မှ မြို့တော်သူမြို့တော်သားများအတွက် ကျန်းမာရေးနှင့်ညီညွတ်သော သောက်သုံးရေများကို နေ့စဉ်လုံလောက်စွာ ဖြန့်ဝေနိုင်ရေးအတွက် ဂျိုးဖြူရေလှောင်ကန်၊ ဖူးကြီးရေလှောင်ကန်နှင့် လှော်ကားရေလှောင်ကန်များမှ အဓိက ဖြန့်ဝေလျက်ရှိသည်။ ငမိုးရိပ်ရေလှောင်ကန်မှလည်း ရေပေးနိုင်ရန်အတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ယခင်က ဂျိုးဖြူရေလှောင်ကန်မှ ရေအားအချင်း ၅၆ လက်မရှိသံမဏိပိုက်များဖြင့် ရန်ကုန်မြို့တော်သို့ တိုက်ရိုက်ပေးပို့သည်။ ဖူးကြီးရေလှောင်ကန်မှ ရေကိုအချင်း လက်မ ၆၀ ကြိုတင်အားဖြည့်ကွန်ကရစ်ပိုက်ဖြင့် လှော်ကားကန်သို့ ရေဖြည့်ပေးပြီး လှော်ကားကန်မှတစ်ဆင့် ရေတွန်းစက်များဖြင့် ရန်ကုန်မြို့တော်သို့ ရေပေးဝေလျက်ရှိသည်။

ဌာန(ရေနှင့်သန့်ရှင်းမှု)ဌာနမှူး ဦးသောင်းရင်နှင့် အဖွဲ့က စနစ်တကျတင်ပြဆောင်ရွက်လျက်ရှိသည်။

ထိုရလဒ်များကြောင့် ဂျိုးဖြူရေလှောင်ကန်၌ ယခင်နှစ်ကထက် ရေဂါလန် သန်း ၃၃၆၀၊ ဖူးကြီးရေလှောင်ကန်၌ ၃၂၄ သန်း၊ လှော်ကားရေလှောင်ကန်၌ သန်း ၁၂၀၀ ပိုမိုစုဆောင်းလာနိုင်သည်။

လှော်ကား၊ ဖူးကြီး၊ ဂျိုးဖြူရေလှောင်ကန်များအနက် ဂျိုးဖြူပိုက်လိုင်းကို တည်ဆောက်ခဲ့ရာတွင် ပဲခူးရိုးမပေါ်မှ ဖြတ်သန်းသွယ်ရသည့်အတွက် မလိုအပ်ပါဘဲ အနိမ့်အမြင့် များစွာ ရှိခဲ့သည်။ မှော်ဘီအနီးရှိ ဂျိုးဖြူပိုက်ဖြတ်သန်း ဆက်သွယ်ထားသော တောင်တန်းမှာ ပင်လယ်ရေမျက်နှာပြင်အထက် (RL) ၁၁၃ ပေ မြင့်ပြီး အထက်ပါ တောင်တန်းပေါ်တွင် အရှည်ပေပေါင်း ၅၀၀၀ အထိ သွယ်တန်းထားရသဖြင့် ရေဖြတ်သန်းစီးဆင်းမှုများ နှေးကွေးလျက်ရှိသည်။

မည့်အတွက်ကြောင့်လည်း မြောက်ဥက္ကလာ၊ တောင်ဥက္ကလာ၊ သဃ်န်းကျွန်း၊ သုဝဏ္ဏ၊ သာကေတမြို့နယ်များသို့ ရေအများဆုံး စီးဝင်မည်ဟု သိရှိရသည်။ အထက်ပါရေတွန်းစက်ရုံကို နေ့ညဆောင်ရွက်လျက်ရှိရာ စက်ရုံစတင်တည်ဆောက်သည့် ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်မှ စတင်ရေတွက်လျှင် ၂၀၀၄ ခုနှစ် မတ်လ ဒုတိယပတ်တွင် စက်ရုံစတင်လည်ပတ်နိုင်မည်ဖြစ်သည်။

အထက်ပါရေတွန်းစက်ရုံအပြင် ရန်ကင်းမြို့နယ်တွင်လည်း ရေတွန်းစက်ရုံသစ်တစ်လုံး တည်ဆောက်လျက်ရှိရာ ၂၀၀၄ ခုနှစ် မတ်လ နောက်ဆုံးပတ်တွင် စက်ရုံစတင်လည်ပတ်နိုင်မည်ဟု သိရသည်။ ရန်ကင်းရေတွန်းစက်ရုံ၏ အကျိုးကျေးဇူးကြောင့် တာမွေ၊ ဗိုလ်တထောင်၊ ပုဇွန်တောင်၊ ကျောက်တံတား၊ လသာ၊ လမ်းမတော် မြို့နယ်များတွင် ရေအားပိုမိုဖြန့်ဝေပေးသွားနိုင်မည်ဖြစ်သည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)က မှော်ဘီမြို့နယ် ပျော်ဘွယ်စုကျေးရွာအနီးတွင် ဂျိုးဖြူရေပိုက်လိုင်းအတွက် ရေတွန်းစက်အသစ်တည်ဆောက်ရန် လုပ်ငန်းများစတင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ ဓာတ်ပုံ–သန်းဆွေ (ပန်းဘဲတန်း)

အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)သည် ရန်ကုန်မြို့တော်သူမြို့တော်သားများရေခက်ခဲမှု မရှိရလေအောင် နေ့ည ၂၄ နာရီပတ်လုံး စဉ်ဆက်မပြတ်ကြိုးစားဆောင်ရွက်လျက်ရှိသည်။ ရန်ကုန်မြို့တော်နှင့်ဆင်ခြေဖုံးမြို့နယ်များ၊ မြို့သစ်များသို့ တစ်နေ့လျှင် ရေဂါလန် ၈၅ သန်းဖြန့်ဖြူးနေရာက ယခုအခါ ရေဂါလန် ငါးသန်းတိုးမြှင့်ဖြန့်ဝေနိုင်ခဲ့သည်။

ထိုကဲ့သို့ တိုးမြှင့်ဖြန့်ဝေနိုင်ရန် စီမံဆောင်ရွက်ခဲ့ရာတွင် ဖူးကြီးရေလှောင်ကန်သည် ရေဝင်ရေလဲကောင်းမွန်မှုများကြောင့် နှစ်စဉ် ရေလှောင်ပမာဏ ဂါလန်သန်း ၂၃၀၀၀ ထက်ပိုလျှံကာ တစ်နှစ်လျှင် အနည်းဆုံး ရက်ပေါင်း ၆၀ ခန့် မိုးရာသီတွင် ရေလျှံခဲ့သည်။ ရေလျှံရက် တစ်ရက်လျှင် ပျမ်းမျှရေဂါလန် သန်း ၃၀၀ အလဟဿဖြစ်ခဲ့သည်။

ဖူးကြီးရေလှောင်ကန်မှ လျှံထွက်နေသောရေများကို အကျိုးရှိစွာအသုံးပြုနိုင်ရန် အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)က ရန်ကုန်မြို့တော်သို့ ရေဖြန့်ဖြူးနေသော ဂျိုးဖြူပိုက်လိုင်းအတွင်းသို့ ဖူးကြီးရေလှောင်ကန်မှ ပိုလျှံရေများအား ပိုက်သစ်များဖြင့် သွယ်တန်း၍ ရေအားဖြည့်တင်းပေးခဲ့သည်။ မူလဂျိုးဖြူကန်ရှိရေများကို မထိခိုက်စေဘဲ ရန်ကုန်မြို့တော်သို့ ရေလွှတ်ချိန် လျှော့နည်းပေးနိုင်သဖြင့် ဂျိုးဖြူရေလှောင်ကန်၌ ရေစုဆောင်းချိန် ပိုမိုရရှိခဲ့သည်။ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက်ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့အင်ဂျင်နီယာ

အထက်ပါနေရာနှင့်မလှမ်းမကမ်းရှိ ပင်လယ်ရေမျက်နှာပြင်အထက် ၈၁ပေ အမြင့်ရှိ မှော်ဘီမြို့နယ် ပျော်ဘွယ်စုကျေးရွာအနီး၌ ရေတွန်းစက်ရုံတည်ဆောက်၍ လုပ်ငန်းများဆောင်ရွက်ပါက ဖူးကြီး၊ ဂျိုးဖြူရေလှောင်ကန်များ၏ ရေအားကို မထိခိုက်စေပါဘဲ တစ်နေ့လျှင် ရန်ကုန်မြို့တော်သို့ ပို့နေကျ ရေဂါလန် သန်း ၉၀ အပြင် ရေဂါလန် ၁၂ သန်းမှ ၁၅သန်းအထိ ပိုမိုပေးဝေနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ (၁၁၃ ပေ အမြင့်အား နှိမ့်ချရန်အတွက် ကုန်ကျငွေမှာ အလွန်များပြားနိုင်သည့်အတွက် မူရင်းအတိုင်း ထားရှိရခြင်းဖြစ်သည်။)

အထက်ပါတည်ဆောက်မည့် ရေတွန်းစက်ရုံ၌ ၁၈၄ ကီလိုဝပ် ရေတွန်းစက်သုံးလုံး တပ်ဆင်မည်ဖြစ်သည်။ ဂျိုးဖြူရေတွန်းစက်ရုံသည် တစ်နှစ်လျှင် နွေရာသီရေရှားပါးချိန် တစ်လခန့်သာ ရေတွန်းစက်လုပ်ငန်းရှိသည်။ နွေရာသီတစ်လခန့် စက်အသုံးပြုရသောအချိန်သည်လည်း မှော်ဘီအနီးရှိ ကုန်းမြင့်ကြောင့်ဖြစ်သည်။

အဆိုပါကုန်းမြင့်အနီးရှိ ပင်လယ်ရေမျက်နှာပြင်ထက် ၈၁ ပေအမြင့်ရှိ အနိမ့်ပိုင်း၌ ရေတွန်းစက်ဖြင့် ရေအားကို တွန်းပို့နိုင်ပါက ရန်ကုန်မြို့တော်တွင် တစ်နှစ်ပတ်လုံး ရေအဝင်များလာသဖြင့် ရေဝင်နည်းသော မြို့နယ်များတွင် အချိန်ပြည့်နီးပါး ရေရရှိနိုင်တော့မည်ဖြစ်သည်။

ဆက်လက်တင်ပြရလျှင် ရန်ကုန်မြို့တော်သို့ ရေဂါလန် ၁၂ သန်းမှ ၁၅ သန်းအထိ ရေပိုမိုရောက်ရှိလာ

အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)သည် ရန်ကုန်မြို့တော်သူမြို့တော်သားများ၏ ရေအခက်အခဲများကို အချိန်ပြည့် ဖြေရှင်းပေးရသောဌာနဖြစ်သည်နှင့်အညီ ရန်ကုန်မြို့တွင်းရှိ မြို့နယ်များ၊ ဆင်ခြေဖုံးမြို့နယ်များရှိ ရပ်ကွက်အချို့တွင် ရေအခက်အခဲဖြစ်နိုင်သဖြင့် အပိုင်းလိုက် ပိုက်များလဲလှယ်ခြင်း၊ ချေးဆေးခြင်းများ ဆောင်ရွက်ပေးနိုင်သဖြင့် ရေဖိအားကောင်းမွန်၍ ရေမျှတစွာရရှိရန်လည်း ဆောင်ရွက်ပေးသည်။

မြောက်ဥက္ကလာ၊ တောင်ဥက္ကလာ၊ သဃ်န်းကျွန်းနှင့် အချို့မြို့နယ်များရှိ ရပ်ကွက်အချို့တွင် မိမိအိမ်အရောက် ရေဆက်သွယ်မှုမရှိသေးသူများအတွက်လည်း လမ်းဘေးဝဲ/ယာစသည်များတွင် ရေပိုက်လိုင်းနှင့် ဆက်သွယ်၍ ကွန်ကရစ်ရေကန်များ၊ လက်တွန်းရေတုံကင်များကို တပ်ဆင်ပေးလျက်ရှိသည်။

ရန်ကုန်မြို့တော်တွင် မီးဘေးအန္တရာယ် ကာကွယ်ရန်အတွက် နှစ်ပေါင်းများစွာက ရှိခဲ့သည့် မြေအောက်ရေပိုက်များသည် ပျက်စီးခြင်း၊ ရေလုံလောက်စွာမရရှိခြင်းများ ရှိနေပါသည်။ ထို့ကြောင့် အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)သည် မီးသတ်ဦးစီးဌာနနှင့်ညှိနှိုင်း၍ မီးသတ်ဦးစီးဌာနက အလိုရှိသော အချက်အချာကျသည့် နေရာများတွင် ၂၄ နာရီပတ်လုံး ရေရနိုင်သော ရေဂုတ်တိုင်များ တည်ဆောက်ပေးခဲ့သည်။ အချို့နေရာများတွင် ရေစုပ်စက်အကူအညီမပါဘဲ ရေအားကို ဖွင့်လိုက်လျှင်

အမြင့်ပေ ၂၀၊၃၀ အထိ ရေအားတစ်ရှိန်ထိုးပန်းတက်သော ၁၆၀၀ ဆံ့မီးသတ်ကားတစ်စီးအား သုံးမိနစ်အတွင်း ရေဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်ထားသည်။

ရန်ကုန်မြို့တော်သို့ ငမိုးရိပ်ရေလှောင်ကန်မှလည်း ရေပေးဝေနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ ငမိုးရိပ်ရေလှောင်ကန်မှ လှော်ကား ရေလှောင်ကန်အထိ မိုင် ၃၀ အကွာအဝေးရှိရာ ယခု ၁၀ မိုင်အထိ ပိုက်လိုင်းများ ချထားပြီးဖြစ်သည်။ အထက်ပါ စီမံကိန်းပြီးစီးသွားပါက ရန်ကုန်မြို့တော်သို့ ရေဂါလန်သန်း ၉၀ ထပ်မံပေးဝေနိုင်မည်ဖြစ်သည့် အတွက် ပုလဲမြို့သစ်၊ မြောက်ဥက္ကလာ၊ တောင်ဥက္ကလာ၊ ဝေဘာဂီ၊ ရွှေပေါက်ကံ၊ ဒဂုံမြို့သစ်၊သဃ်န်းကျွန်း၊ သုဝဏ္ဏ၊ သာကေတမြို့နယ်များကိုပါ ရေများ ပိုမိုဖြန့်ဝေသွားနိုင်မည်ဖြစ်သည်။

လက်ရှိအားဖြင့် ရန်ကုန်မြို့တော်နှင့် မြို့တော်ပတ်ဝန်းကျင်ရှိ မြို့နယ်များသို့ နေ့စဉ်ရေဂါလန်သန်း ၉၀ ဖြန့်ဝေနေရာ မြို့တော်နေလူဦးရေငါးသန်းနှုန်းဖြင့် တွက်ချက်ပါက လူတစ်ဦးလျှင် ရေ ၁၈ ဂါလန်နှုန်း အသုံးပြုနိုင်သည်ဟု ယေဘုယျအားဖြင့် တွက်ချက်၍ရရှိသည်။ သို့ရာတွင် ရေခက်ခဲသည့်နေရာများတွင် ရေခက်ခဲပြီး ရေအလျှံပယ်ရှိသည့် နေရာများ၌ လူတစ်ဦးလျှင် ရေဂါလန်ပေါင်း မြောက်မြားစွာအသုံးပြုနေကြောင်း တွေ့ရှိနေရသည်။

ထို့ကြောင့် ရေအသုံးပြုသည့်၊ ရေသွယ်ထားသည့် အိမ်တိုင်း၊ အခန်းတိုင်းတွင် ရေမီတာအလုံအလောက် တပ်ဆင်သင့်သည်။ရေသုံးသမျှ မီတာတက်၍ သုံးစွဲသမျှ ငွေပေးချေရ သဖြင့် သုံးစွဲမှုကိုချိန်ဆလာနိုင်သည်။ ရေသုံးစွဲမှုချိန်ဆလာသည်နှင့်အမျှ ရေအဝင်နည်းနေသည့်နေရာများသို့ အလိုအလျောက် ရေဝင်လာပြီး ရေစီးဆင်းမှု မျှတလာမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ॥

ဒီဇင်ဘာ ၂၈ ရက်က ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင် ၂၀၀၃ ခုနှစ် ပညာတန်ဆောင်စာပေပြိုင်ပွဲတွင် အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ပထမဆုရရှိခဲ့သော ပဲခူးတိုင်း သာယာဝတီမြို့နယ် သုံးဆယ်မြို့ အခြေခံပညာအထက်တန်းကျောင်း ဆဋ္ဌမတန်းကျောင်းသား မောင်နေလင်းအောင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

အဆင့်မြင့်တန်းအမှတ်ပေးဘောလုံး ပြိုင်ပွဲဆက် ကာကွယ်ရေးအသင်းက တံခွန်အသင်းကိုအနိုင်ရ

ရန်ကုန် ဒီဇင်ဘာ ၂၉

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၃–၂၀၀၄ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ ကာကွယ်ရေးအသင်းက တံခွန်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ကာကွယ်ရေးအသင်းအတွက် ပထမဂိုးကို ၇၄ မိနစ်တွင် စန်းမောင်က သွင်းယူပြီး ဒုတိယဂိုးကို ၈၅ မိနစ်တွင် အောင်မိုးဦးက သွင်းယူပေးသည်။ တံခွန်အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၈၉ မိနစ်တွင် ကျော်သီဟက သွင်းယူသည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို ကာကွယ်ရေးအသင်းမှ မောင်မောင်အောင်က ရရှိသည်။

ယနေ့ပွဲမရှိ

ဒီဇင်ဘာ ၃၀ ရက်တွင် ပွဲမရှိဘဲ ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၅ ရက် ညနေ ၃ နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဘဏ္ဍာ/အခွန်အသင်းနှင့် တပ်မတော်(ကြည်း) အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၅ ခုနှစ် ပြာသိုလဆန်း ၈ ရက် (ဥပုသ်နေ့)
၃၀–၁၂–၂၀၀၃ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာ ဂါရိက ဆရာတော် ဘဒ္ဒန္တဦးဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၅။	ကဗျာပန်းဥယျာဉ်
၈:၁၀	၆။	နှောင်းခေတ်တေးပဒေသာ
၈:၂၀	၇။	သဖန်းဆိပ်ဘက်စုံရေလှောင်တမံ
၈:၃၀	၈။	International News
၈:၄၅	၉။	Grammar Made Easy
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everyday Use
၁၆:၄၀	၄။	တေးဂီတအစီအစဉ်
၁၆:၅၀	၅။	(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၁၇:၀၅	၆။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒအထူးပြုများ) (သင်္ချာ)
၁၇:၂၀	၇။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၁၇:၃၀	၈။	ခံစားနားဆင်တေးဇာတ်ဝင်
၁၇:၄၅	၉။	ဆိုကြမယ်၊ပျော်ကြမယ်
၁၈:၃၀	၁၀။	ညနေခင်းသတင်း
၁၉:၀၀	၁၁။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၂။	Milo Success in Soccer
၁၉:၁၀	၁၃။	"ရင်မှာစွဲထင်ဇာတ်လမ်းရုပ်ရှင်"
၁၉:၃၅	၁၄။	အချုပ်အခြာအာဏာခွန့်ရှည်ကြာခိုင်မာစေမှု တို့ရှေးရှု "စက်မှုခေတ်မှသည် ရွှေနိုင်ငံသစ်ဆီ"
၂၀:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	နိုင်ငံခြားဇာတ်လမ်းတွဲ " **တုံ့မယူလို** "(အပိုင်း–၈)
	၁၉။	မင်းကွန်းဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်းတရားတော်
	၂၀။	နောက်တစ်နေ့အစီအစဉ်
	၂၁။	အစီအစဉ်ပြီး၏။

● *ကျောဖုံးမှ*

ကျားသစ်လေး (ဒိုက်ဦး)၊ အားမာန် (ရွှေရိုးရာ)နှင့် ရွှေဆင် (ဘားအံ)တို့၏ ပွဲများအပြင် နေ့စဉ် အထူးငါးချီပွဲ၊ လေးချီပွဲနှင့် သုံးချီစိန်ခေါ်ပွဲများ ပါဝင်မည်ဟု သိရသည်။ ရုံဝင်ခမှာ ပထမနေ့ ရိုးရိုးတန်း ကျပ်နှစ်ထောင်၊ ကျပ်နှစ်ထောင့်ငါးရာဖြစ်ပြီး ဒုတိယနေ့တွင် ကျပ်နှစ်ထောင့်ငါးရာ၊ ကျပ်သုံးထောင်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဆေးခြောက်နှင့်ဘိန်းဖြူဖမ်းဆီးရမိ

ရန်ကုန် ဒီဇင်ဘာ ၂၉

နယ်မြေခံထောက်လှမ်းရေးတပ်မှ တပ်ဖွဲ့ဝင်များနှင့် ဘုရင့်နောင်ရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၃ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် သတင်းအရ မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက် ဇေယျာသုခလမ်းနေ အောင်သန်း၏နေအိမ်ကိုရှာဖွေရာ နေအိမ်အောက် မြေကြီးအတွင်းမြှုပ်ထားသော စဉ့်အိုးထဲမှ ဆေးခြောက် ၂၁သမ၇၉၂၃ ကီလိုနှင့်အတူ နေအိမ်တွင် ရောက်ရှိနေသူ မခင်မာနှင့် မနော်ရှန်မတီးတို့အား ဖမ်းဆီးရမိခဲ့သည်။

အလားတူ နယ်မြေခံထောက်လှမ်းရေးတပ်နှင့် မူးဆယ်မူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၈ ရက်တွင် သတင်းအရ မူဆယ်မြို့နယ် စယ်လန့်ကျေးရွာမြောက်ဘက် မူဆယ်–နမ့်ခမ်းသွား ကားလမ်းအနီးရှိ ကြံခင်း၌ စောင့်ဆိုင်းနေစဉ် ဘိန်းဖြူရောင်းချမည့် လုတောင်(ခ)မာဘောက်နှင့် မာလ(ခ)လဆန်တို့ ရောက်ရှိလာ၍ ဝိုင်းဝန်းပိတ်ဆို့ဖမ်းဆီးရာ လုတောင် (ခ)မာဘောက်မှာ ထွက်ပြေးသွားပြီး မာလ(ခ)လဆန်အား ဝင်းသယ်ဆောင်လာသည့် မြွေရေခွံအိတ်အတွင်း ဆပ်ပြာခွက် ၁၃၄ခွက်နှင့် ထည့်ထားသော ဘိန်းဖြူ ၂၁သမ၁၀၃ကီလို ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများနှင့် တရားခံများအား သက်ဆိုင်ရာရဲစခန်းများက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

30-12 (11).p65 1 3/24/05, 8:36 PM

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဝန်းကျင် တစ်နှစ်ပတ်လုံးစိမ်းလန်းစိုပြည်ရေး ဒေသတွင်းရှိ သဘာဝသယံဇာတအရင်းအမြစ်များ အကျိုးရှိစွာအသုံးချ

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်တိုင်းအတွင်း နွေစပါး ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်နှင့် စီးပွားဖြစ်သီးနှံများ အပြည့်အဝစိုက်ပျိုးရေး တိုင်း၊ ခရိုင်နှင့်မြို့နယ်စိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားစဉ်။ (ရန်ကုန်တိုင်း)

ရန်ကုန် ဒီဇင်ဘာ ၂၉

ရန်ကုန်တိုင်းအတွင်း နွေစပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်နှင့် စီးပွားဖြစ်သီးနှံများ အပြည့်အဝစိုက်ပျိုးရေး တိုင်း၊ ခရိုင်နှင့်မြို့နယ်စိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့ ညနေ၃နာရီက ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက် အမှာစကားပြောကြားသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများက သက်ဆိုင်ရာ မြို့နယ်များအလိုက် နွေစပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်နှင့် စီးပွားဖြစ်သီးနှံစိုက်ပျိုးပြီးစီးမှု၊ သီးထပ်စွမ်းအား တိုးမြှင့်ဆောင်ရွက်နိုင်ရန် ဖြည့်ဆည်းပေးရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

တင်ပြဆွေးနွေး

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများနှင့် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ရန်ကုန်တိုင်းအတွင်း နွေစပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ့ဟင်းသီးဟင်းရွက်နှင့် စီးပွားဖြစ်သီးနှံများ အပြည့်အဝ စိုက်ပျိုးနိုင်ရန် ဆည်ရေရရှိရေး ဆောင်ရွက်ထားမှု၊ ပင်မရေမြောင်းကြီးများနှင့် လျှပ်စစ်မြစ်ရေတင်စီမံကိန်းများမှ ရေမြောင်းကြီးများ ပြုပြင်ပေးထားမှု၊ ရေထိန်းတံခါးကြီးများ၊ ချောင်းပိတ်မြောင်းပိတ်လုပ်ငန်းများ ဖြည့်ဆည်းပေးထားမှု၊ အချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်ရန် လက်တွန်းထွန်စက်များ ဖြည့်ဆည်းပေးထားမှု၊ ရေစုပ်စက်၊ ရေတင်စက်များ ကူညီဖြည့်ဆည်းပေးထားမှု၊ အထူးအထွက်တိုးရေးနှင့် သီးထပ်စွမ်းအား မြှင့်မားရေးအတွက်အရည်အသွေးကောင်း အထူးအထွက်တိုးမျိုးများကို စိုက်ပျိုးနည်းစနစ်မှန်ကန်စွာဖြင့် စိုက်ပျိုးကြရေး ကူညီ ဖြည့်ဆည်းပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဝန်းကျင် မိုင်(၃၀)ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးအတွက် မိမိတို့ဒေသတွင် ရှိပြီးသား သဘာဝသယံဇာတအရင်းအမြစ်များကို အကျိုးရှိစွာ အသုံးချပြီး လုံ့လဝီရိယရှိစွာဖြင့် အားသွန်ခွန်စိုက် လုပ်ကိုင်ဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် စိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များက ရည်မှန်းချက်ပြည့်မီကျော်လွန်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း မှာကြားပြီး တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရဲချုပ်ဒိုင်းပြည်နယ်နှင့်တိုင်းဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲများကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၉

(၃၉)ကြိမ်မြောက် ရဲချုပ်ဒိုင်းပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာ၈ရက်မှစတင်၍ ဇုန်လေးဇုန်ခွဲ၍ ကျင်းပခဲ့ရာ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်သည်။ ပထမအဆင့် အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ရာတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)အောင်ပန်းမြို့ အားကစားကွင်း၌ ကျင်းပခဲ့သော ဇုန်(က)မှ စစ်ကိုင်းတိုင်းရဲတပ်ဖွဲ့အသင်းက အုပ်စုပထမ၊ ပဲခူးတိုင်း (အရှေ့ပိုင်း) ရဲတပ်ဖွဲ့အသင်းက အုပ်စုဒုတိယရရှိခဲ့သည်။

စစ်ကိုင်းတိုင်း ကသာမြို့ အားကစားကွင်း၌ ကျင်းပခဲ့သော ဇုန်(ခ)မှ မကွေးတိုင်းရဲတပ်ဖွဲ့အသင်းက အုပ်စုပထမ၊ မန္တလေးတိုင်းရဲတပ်ဖွဲ့အသင်းကအုပ်စုဒုတိယရရှိခဲ့သည်။ ပဲခူးတိုင်း ပဲခူးမြို့ အားကစားကွင်း၌ ကျင်းပခဲ့သော ဇုန်(ဂ)မှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်အသင်းက အုပ်စုပထမ၊ ဧရာဝတီတိုင်းရဲတပ်ဖွဲ့အသင်းက အုပ်စုဒုတိယရရှိခဲ့သည်။ ဧရာဝတီတိုင်း ကျုံပျော်မြို့ အားကစားကွင်း၌ ကျင်းပခဲ့သော ဇုန်(ဃ)မှ ရန်ကုန်တိုင်းရဲတပ်ဖွဲ့အသင်းက အုပ်စုပထမ၊ မွန်ပြည်နယ် ရဲတပ်ဖွဲ့အသင်းက အုပ်စုဒုတိယရရှိခဲ့သည်။

ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်များကို ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့ အားကစားကွင်းနှင့် ပဲခူးမြို့ အားကစားကွင်းများ၌ ဒီဇင်ဘာ ၂၄ ရက်နှင့် ၂၅ရက်တွင် ကျင်းပခဲ့သည်။ ဒုတိယအဆင့်ရှုံးထွက်ပွဲစဉ်များ ကျင်းပခဲ့ရာတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် အသင်းက မွန်ပြည်နယ် ရဲတပ်ဖွဲ့အသင်းကိုလည်းကောင်း၊ ဧရာဝတီတိုင်းရဲတပ်ဖွဲ့အသင်းက ရန်ကုန်တိုင်း ရဲတပ်ဖွဲ့အသင်းကို လည်းကောင်း၊ မန္တလေးတိုင်းရဲတပ်ဖွဲ့အသင်းက စစ်ကိုင်းတိုင်းရဲတပ်ဖွဲ့အသင်းကို လည်းကောင်း၊ ပဲခူးတိုင်းရဲတပ်ဖွဲ့အသင်းက မကွေးတိုင်းရဲတပ်ဖွဲ့အသင်းကိုလည်းကောင်း အနိုင်ရရှိကြသည်။

အကြိုဗိုလ်လုပွဲစဉ်များကို အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပမည်ဖြစ်ရာ ဒီဇင်ဘာ ၃၀ရက်တွင် ပထမအကြိုဗိုလ်လုပွဲအဖြစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အသင်းနှင့် မန္တလေးတိုင်းရဲတပ်ဖွဲ့အသင်း၊ ဒီဇင်ဘာ ၃၁ ရက်တွင် ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် ဧရာဝတီတိုင်းရဲတပ်ဖွဲ့အသင်းနှင့် ပဲခူးတိုင်းရဲတပ်ဖွဲ့အသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ ဗိုလ်လုပွဲကို ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အရောင်ချွတ်ပြီး ပျော့ဖတ်စက်ရုံစီမံကိန်း(သာပေါင်း)သည် မြန်မာပြည်၌ အကြီးဆုံးစက်ရုံဖြစ် မြို့ပြနှင့်အင်ဂျင်နီယာပိုင်းဆိုင်ရာလုပ်ငန်းများ အမှားကင်းစင်ရန်ညှိနှိုင်းဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၂၉

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဒီဇင်ဘာ၂၇ ရက် နံနက်၇ နာရီက ဧရာဝတီတိုင်း သာပေါင်းမြို့နယ် လှေကြီးတက်ကျေးရွာအနီးရှိ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း တစ်နေ့တန်၂၀၀ အရောင်ချွတ်ပြီး ပျော့ဖတ်စက်ရုံစီမံကိန်း (သာပေါင်း)သို့ ရောက်ရှိပြီး စက်ရုံတာဝန်ခံများ၊ ဝါးကုန်သည်များနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရွှေက စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများ၊ အင်ဂျင်နီယာပိုင်းဆိုင်ရာ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ဤစက်ရုံသည် မြန်မာပြည်တွင် အကြီးဆုံးစက်ရုံကြီးဖြစ်သည်နှင့်အညီ မြို့ပြဆိုင်ရာလုပ်ငန်းများနှင့် အင်ဂျင်နီယာပိုင်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ရာတွင် အမှားလုံးဝကင်းစင်စေရန်၊ အထပ်ထပ်အခါခါ လေ့လာသုံးသပ်ညှိနှိုင်း၍ ဆောင်ရွက်သွားရေး၊ စီမံကိန်းလုပ်ငန်းများကို လုပ်ငန်းစဉ်ဇယားနှင့်အညီစနစ်တကျ အချိန်ကိုက်ဆောင်ရွက်သွားရေး မှာကြားသည်။

ဝန်ကြီးက လုပ်ငန်းစဉ်ဇယားအရ ၂၀၀၄ ခုနှစ် နိုဝင်ဘာလတွင် လုပ်ငန်းများပြီးစီးမည်ဖြစ်သော်လည်း တစ်လစော၍ ၂၀၀၄ ခုနှစ် အောက်တိုဘာလအတွင်း ပြီးစီးရေးနှင့် စက်ရုံစော၍ ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးရန်မှာကြားပြီး တာဝန်ရှိသူများအား ဂုဏ်ပြုပန်းခြင်း ပေးအပ်သည်။

ထို့နောက် ဝန်ကြီးသည် စီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေး၍ Oil Storage & Pump House တည်ဆောက်မှု၊ ရေသန့်စင်စက် Water Purification Station တည်ဆောက်မှု၊ Clarifier Water Tank အမှတ်(၁)နှင့်(၂)တို့၏ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် Chipper House ဝါးကွင်းတည်ဆောက်မှု၊ Screlning and Washing House တည်ဆောက်မှု၊ ငဝန်မြစ်ကမ်းနံဘေး ဆိပ်ခံများ တည်ဆောက်ပြီးစီးမှု အခြေအနေ၊ ဝန်ချီစက်များ တပ်ဆင်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် တန် ၆၀ကျ သတင်းစာစက္ကူစက်ရုံ တည်ဆောက်မည့် မြေနေရာကို ကြည့်ရှုပြီး သာပေါင်းမြို့နယ် သစ်တောဦးစီးဌာနမှ ကျောက်ချောင်းကြီး ကြိုးဝိုင်းအမှတ် (၅၊၆)နှင့်(၇)တို့၌ စိုက်ပျိုးထားသည့် ဧက ၇၀၀၀ ရှိ စက်မှုကုန်ကြမ်း၊ဩရစ်ရှား၊ မန်ဂျီယန်း၊ ရေမနောနှင့် ယူကလစ်ပင်များ စိုက်ပျိုးထားမှုအခြေအနေနှင့် ကြီးထွားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် နံနက် ၁၁ နာရီခွဲတွင် ပုသိမ်မှန်စက်ရုံသို့ရောက်ရှိပြီး မှန်ထုတ်လုပ်မှုလုပ်ငန်းနှင့် ဖြတ်တောက်ခြင်းလုပ်ငန်းကိုလည်းကောင်း၊ ဖြန့်ဖြူးရန် ထုပ်ပိုးထားမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧရာဝတီတိုင်း သာပေါင်းမြို့နယ် လှေကြီးတက်ကျေးရွာအနီးရှိ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း တစ်နေ့တန်၂၀၀ အရောင်ချွတ်ပြီး ပျော့ဖတ်စက်ရုံ စီမံကိန်း (သာပေါင်း)ကို တွေ့မြင်ရစဉ်။

(စက်မှု-၁)



မြေသားလမ်းပြုပြင်ရန် ကွင်းဆင်းတိုင်းတာ

ရန်ကုန် ဒီဇင်ဘာ ၂၉

အထက်မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ကျေးလက်ဒေသမှထွက်ကုန်သီးနှံများ မြို့ပေါ်သို့ မြန်ဆန်စွာပို့ဆောင်နိုင်ရေး၊ ကျေးလက်စီးပွားရေးနှင့် လူနေမှုအဆင့်အတန်းများ မြင့်တင်နိုင်ရေးအတွက် စစ္စနို့ကျေးရွာ၊ ရေနံမကျေးရွာနှင့် ကန်ထုတ်ကျေးရွာ အရှည်၃၃ မိုင်ရှိသော မြေသားလမ်းကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးကျော်ဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းနိုင်၊ တာဝန်ခံအင်ဂျင်နီယာ ဦးနေမျိုးတို့ ဦးဆောင်၍ စစ္စနို့ကျေးရွာ၊ ရေနံမကျေးရွာနှင့် ကန်ထုတ်ကျေးရွာသို့ ဆက်သွယ်သော မြေသားလမ်းကိုပြုပြင်ရန် နိုဝင်ဘာ ၂၃ရက်က ကျေးရွာသူ ကျေးရွာသားများ၊ လမ်းဖြစ်မြောက်ရေးကော်မတီ၊ ဌာနဆိုင်ရာများ ကွင်းဆင်းတိုင်းတာ၍ ရာသီမရွေးသွားလာနိုင်ရေး စီမံဆောင်ရွက်ကြကြောင်းသိရသည်။ **(၀၇၆)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့လေကြောင်း၏ တိုးတက်ဖြစ်ထွန်းမှုများ

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို

ပို့ဆောင်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်လာသော အခြေအနေများနှင့် အညီ ပို့ဆောင်ရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိသည်။ ယင်းသို့ဆောင်ရွက်ရာတွင် ပို့ဆောင်ရေး ဝန်ကြီးဌာနလက်အောက်ရှိ မြန်မာ့လေကြောင်းနှင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ၁၉၈၈ ခုနှစ်မှ ၂၀၀၃ ခုနှစ်အတွင်း ဆောင်ရွက်ပေးသည့်လုပ်ငန်းများမှာ ဖော်ပြပါအတိုင်းဖြစ်သည်။ လေဆိပ်တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တိုးချဲ့ရေး စီမံကိန်း၊ ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်စီမံကိန်း၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၊ ပုဂံအပြည်ပြည်ဆိုင်ရာ လေဆိပ်စီမံကိန်းနှင့် အခြားပြည်တွင်းလေဆိပ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ကော့သောင်း လေဆိပ်

ပို့ဆောင်ဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် တနင်္သာရီတိုင်း ကော့သောင်းမြို့တွင် တည်ဆောက်ဖွင့်လှစ်ခဲ့သည့် ကော့သောင်းလေဆိပ်အဆောက်အအုံသစ်။

မြန်မာ့လေကြောင်း၏ ဖြစ်ထွန်းတိုးတက်မှုများ

နှစ်	ခရီးသည်ထောင်ပေါင်း	ဝင်ငွေကျပ်သန်း	အမြတ်ကျပ်သန်း
၁၉၈၉-၉၀	၃၆၁	၁၇၆ ·၆၂	၂ ·၇၈
၁၉၉၀-၉၁	၄၆၆	၂၇၇ ·၄၃	၉ ·၄၀
၁၉၉၁-၉၂	၅၀၃	၃၀၉ ·၄၈	၄၄ ·၆၄
၁၉၉၂-၉၃	၅၀၀	၃၁၈ ·၅၀	၆၀ ·၈၅
၁၉၉၃-၉၄	၅၃၆	၃၄၁ ·၄၂	၈၀ ·၆၈
၁၉၉၄-၉၅	၆၁၂	၄၇၂ ·၇၀	၁၄၉ ·၉၆
၁၉၉၅-၉၆	၆၃၇	၅၁၉ ·၄၄	၁၅၀ ·၆၄
၁၉၉၆-၉၇	၅၉၉	၅၈၈ ·၅၅	၂၀၃ ·၀၁
၁၉၉၇-၉၈	၄၃၀	၆၁၀ ·၄၈	၄၀၀ ·၇၃
၁၉၉၈-၉၉	၃၈၆	၁၄၄၃ ·၉၀	၉၉၈ ·၂၀
၁၉၉၉-၀၀	၄၀၀	၁၄၆၉ ·၈၉	၉၇၆ ·၀၀
၂၀၀၀-၀၁	၄၄၅	၁၆၂၃ ·၅၀	၁၀၀၄ ·၃၂
၂၀၀၁-၀၂	၄၇၉	၁၈၀၃ ·၁၁	၁၀၈၆ ·၉၈

လေယာဉ်နှင့်လေဆိပ်

စဉ်	အကြောင်းအရာ	၁၉၈၈	၂၀၀၃
၁။	လေယာဉ်စင်းရေ (မြန်မာ့လေကြောင်း)	၁၀	၁၃
၂။	လေယာဉ်စင်းရေ (ပုဂ္ဂလိက)	–	၅
၃။	ပြည်တွင်းလေဆိပ်ပေါင်း	၂၁	၂၇

အထက်မြန်မာပြည် မန္တလေးတိုင်း တံတားဦးမြို့နယ်တွင် မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်ကြီးကို ၁၇-၉-၂၀၀၀ ရက်နေ့က ဖွင့်လှစ်ပေးခဲ့သည်။ လေဆိပ်၏အကျယ်အဝန်းမှာ ၂၅၀၁၅ ဧကရှိသည်။ လေယာဉ်ပြေးလမ်းသည် အရှေ့တောင်အာရှတွင် အရှည်ဆုံး ဖြစ်ပြီး အလျားပေ ၁၄၀၀၀ နှင့် အနံပေ ၂၀၀ ရှိ ကွန်ကရစ်ခင်း လေယာဉ်ပြေးလမ်းဖြစ်သည်။

တာချီလိတ် လေဆိပ်သစ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်သို့ မြန်မာပြည်အရပ်ရပ်မှ လေကြောင်းခရီးဖြင့် အချိန်တိုအတွင်း လွယ်ကူချောမွေ့စွာ သွားလာနိုင်ရေးအတွက် တည်ဆောက်ပေးထားသော တာချီလိတ်လေဆိပ် အဆောက်အအုံသစ်ကိုတွေ့ရစဉ်။

၁၀ရက် တရားစခန်းပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၉

မော်လမြိုင်မြို့ မြိုင်သာယာ စွန်းလွန်းဂူ ဓမ္မအေးရိပ်သာ ကျောင်းတိုက်ကြီးတွင် ရေးမြို့နယ် အစင်ကျေးရွာ ဓမ္မဿောသက ကျောင်းတိုက်ကြီး၏ ဦးစီးနာယက ဆရာတော် ဘဒ္ဒန္တတိလောကနှင့် မော်လမြိုင်ကျောင်း တိုက်အုပ် ဦးပညာစက္ကတို့က နိဗ္ဗာန်ရောက်ကြောင်း တရားစဉ်များကို ပြာသိုလဆန်း ၁၂ ရက်(စနေနေ့)မှ ပြာသိုလပြည့်ကျော် ၆ ရက် (တနင်္လာနေ့) အထိ ၁၀ ရက် တိုင်တိုင် ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဘာသာစကားနှင့် ကွန်ပျူတာသင်တန်းများ ဖွင့်လှစ်မည်

ရန်ကုန် ဒီဇင်ဘာ ၂၉

Dynamic International Language Academyကဘွဲ့ရဘွဲ့ကြိုများ၊ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် လုပ်ငန်းခွင် ဝင်ရောက်လိုသူများအတွက် အင်္ဂလိပ်စာ Special Classes, Spoken English, Grammar, Vocabulary နှင့် IELTS, TOEFLသင်တန်းများ၊ ကလေးများအတွက် အင်္ဂလိပ်စာ ထူးချွန်စေရန် အတွက် (ရေး၊ဖတ်၊ပြော၊ သဒ္ဒါ) သင်တန်းများ၊ မူကြိုကလေးများ အတွက် အင်္ဂလိပ်၊ မြန်မာ (အရေး၊ အပြော)သင်တန်းနှင့် တရုတ် (ရေး၊ဖတ်၊ပြော) အခြေခံ သင်တန်းများကို လည်းကောင်း၊ ကွန်ပျူတာ သင်တန်းများကို တစ်ဦးချင်းသင်စနစ်ဖြင့် လည်းကောင်း လစဉ် လဆန်းတိုင်း အသစ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ထို့ပြင် ဘာသာရပ်တစ်ခုစီအလိုက် အိမ်တွင် သီးသန့်သင်ယူလိုသူများအတွက် သက်ဆိုင်ရာ ဆရာ ဆရာမများနှင့် ညှိနှိုင်းသင်ကြားပေးလျက်ရှိရာ စိတ်ဝင်စားသူများသည် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ၁၆လမ်း(ထက်) အမှတ် ၁၅၁ (မြေညီထပ်) ဖုန်း-၂၄၃၅၂၃ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။**(က-ပ)**

မောင်သာပြည့် ဝတ္ထုသစ်ဖြန့်ချိ

ရန်ကုန် ဒီဇင်ဘာ ၂၉

မောင်သာပြည့် ရေးသားသည့် မြားဆိပ်ပြယ်ပါစေသတည်း လုံးချင်းဝတ္ထုစာအုပ်ကို မြတ်မြတ်ချောစာပေ သိမ်ကြီးဈေး (စီ)ရုံ အဆောင် (၄) (ပထမထပ်) ရန်ကုန်မြို့ ဖုန်း-၃၇၁၈၀၀ (လိုင်းခွဲ) ၃၆၀၊ ၄၁၇၊ ၃၅၂ က ထုတ်ဝေဖြန့်ချိလိုက်သည်။

(အပေါ်ပုံ) (က-ပ)

လက်ထပ်မင်္ဂလာ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ
ဦးသန့်ဇင်(တရားသူကြီး၊ ငြိမ်း)နှင့် ဒေါ်တင်တင်လှ
တို့၏သား

မောင်ကျော်လွင်မိုး

B.Sc(Physics), M.Sc(IT) Part II, UWE, Bristol

နှင့်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ
ဦးဖေသန်းဦး(ညွှန်ကြားရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)နှင့် ဒေါ်မြင့်မြင့်အေး
တို့၏သမီး

မတင်မိုးအေးဦး

B.A (History), DBA, Ottawa, Canada, MBA

တို့၏

၂၇-၁၂-၂၀၀၃ Grand Plaza Park Royal Hotel တွင် ကျင်းပခဲ့သော လက်ထပ်မင်္ဂလာ ဧည့်ခံပွဲသို့ ကိုယ်တိုင်ကြွရောက်အားပေးချီးမြှင့်ခဲ့သော နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်နှင့်ဇနီး ဒေါ်စံယုံ၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ ဒုတိယဝန်ကြီးဦးကျော်သူနှင့်ဇနီး၊ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော တရားသူကြီးချုပ် ဦးအောင်တိုးနှင့်ဇနီး ဒေါ်အေးကြည်၊ မင်္ဂလာလက်ဆောင်မွန်များ ပေးပို့ချီးမြှင့်ပါသော ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့်ဇနီး ဒေါ်ကြည်ကြည်အုန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ညွှန့်တင်နှင့်ဇနီး ဒေါ်ခင်မျိုးဦး၊ ပြည်ထဲရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်နှင့်ဇနီး ဒေါ်ခင်လှလှ၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ ကြွရောက် အားပေးချီးမြှင့်ကြသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ ၂၇-၁၂-၂၀၀၃ နေ့ည Dusit Inya Lake Hotel တွင် ကျင်းပသော မင်္ဂလာ ညစာစားပွဲသို့ ကြွရောက်အားပေးခဲ့ကြသော နှစ်ဖက်သောမိတ်ဆွေအပေါင်းအသင်းများနှင့်တကွ ဤမင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးခဲ့ကြသော မိတ်ဆွေများ အားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ကျော်လွင်မိုး-တင်မိုးအေးဦး။

မင်္ဂလာဦးဆုတောင်း

တူလေး ကိုမိုးနှင့် တူမလေး မမိုးတို့၏ ၂၇-၁၂-၂၀၀၃ ပျော်ရွှင်ကြည်နူးဖွယ်ရာ မင်္ဂလာဦးမှသည် ငွေရတု၊ ရွှေရတု၊ စိန်ရတုသို့တိုင်-

အန်တီလေး သက်သက်နွယ်။



အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်၊ ၁၁၄လမ်း၊ အမှတ်၉နေ ဦးချစ်ဝင်း(ခ) ဦးသိန်းဝင်းနှင့် ဒေါ်မြမြတို့၏ သားဖြစ်သူ မောင်နန္ဒာအောင်ဝင်း [၁၂/မဂတ(နိုင်) ၀၀၃၂၈၇] ကိုင်ဆောင်သူသည် မိဘနှင့် မိသားစုများအား စိတ်ဆင်းရဲမှုဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့သဖြင့် ၂၉-၁၂-၂၀၀၃ ရက်မှစပြီး သားအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်လိုက်ပြီ ဖြစ်ပါ၍ နောက်နောင်တွင် ၎င်းနှင့် ပတ်သက်ပြီး မည်သည့်ကိစ္စမျှ မိဘနှင့် မိသားစုများက လုံးဝ(လုံးဝ) တာဝန်မယူပါကြောင်းအသိပေးကြေညာအပ်ပါသည်။ မေးမြန်းစုံစမ်းခြင်းသည်းခံပါ။

ဦးချစ်ဝင်း(ခ)ဦးသိန်းဝင်း-
ဒေါ်မြမြ။

ဒါတွေကိုသိဖို့လိုတယ်

- ❖ မြောက်တိုင်းလည်း မမြောက်နဲ့
- ❖ ခြောက်တိုင်းလည်း မကြောက်နဲ့
- ❖ ချော့တိုင်းလည်း မပျော့နဲ့

ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗောဓိရိပ်သာလမ်း၊ အမှတ်(၂၀)နေ
ဦးတင့်လွင်(ခ)ဦးကြောင်စုံ-ဒေါ်ဆီး တို့၏သားထွေး

မောင်စိုးစိုးလွင် B.Sc(Chemistry)

Executive Director,Lwin & Swan Trading Co.,Ltd.

နှင့်

မြိတ်မြို့၊ တတိုင်းစုရပ်၊ ပုလဲလမ်း၊ အမှတ်(၈)နှင့်
ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ အမှတ်(၈၃)နေ
(ဦးခွေးငယ်)-ဒေါ်ဖိတ်လွမ် တို့၏သမီးထွေး

မအေးအေးမွန် B.Sc(Physics) (Hons)

တို့၏ ၂၈-၁၂-၂၀၀၃ ရက်တွင် Sedona Hotel၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးသော အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်နှင့်ဇနီး ဒေါ်မိုးမိုးမြင့်အားလည်းကောင်း၊ မင်္ဂလာရွှေဆွဲကြိုး ဆင်မြန်းချီးမြှင့်ပေးသော ကာကွယ်ရေးဝန်ကြီးဌာန ဗိုလ်ချုပ်လှအောင်သိန်းနှင့်ဇနီး ဒေါ်အေမီခိုင်အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးအားလည်းကောင်း၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့်ဇနီး ဒေါ်ခင်အေးအားလည်းကောင်း၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၏ ဇနီး ဒေါက်တာဒေါ်ခင်ဆန်းနွယ်အားလည်းကောင်း၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် ဇနီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၁၀-၁၂-၂၀၀၃ ရက်တွင် ဗဟိုတရားရုံးချုပ်၌ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော တရားရုံးချုပ်တရားသူကြီး ဦးအောင်တိုးအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးကြသော ဦးကျော်စိုးဦးနှင့် မလဲ့လဲ့ဝင်း၊ တေးသီချင်းများနှင့် ဧည့်ခံဖျော်ဖြေပေးသော Lazy Clubအဖွဲ့၊ ပန်းအလှဆင်ပေးသော Eternal၊ မိတ်ကပ်နှင့်ဆံပင်အလှပြုပြင်ပေးသော အောင်အောင်၊ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပေးသော ကိုထင်လင်း (Golden Arrow)နှင့် ကိုမြဝင်း(Rays)၊ ဗီဒီယိုရိုက်ကူးပေးသော စိုင်းဘုန်းထူးနှင့်အဖွဲ့၊ ၂၈-၁၂-၂၀၀၃ ရက်ည Sedona Hotel Pool Side၌ ကျင်းပပြုလုပ်သည့် မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ကြသော လူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှဝိုင်းဝန်းကူညီကြသူများ၊ Sedona Hotelမှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်စိုးစိုးလွင်-မအေးအေးမွန်။

မြရွှေညွန့် ဓမ္မသုခရိပ်သာ ရေစက်ချမင်္ဂလာကျင်းပ

ကသာ ဒီဇင်ဘာ ၁၈

ကသာမြို့ မြောက်ကျောင်းဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ဆောက်လုပ်ခဲ့သော မြရွှေညွန့် ဓမ္မသုခရိပ်သာ ရေစက်ချ မင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၇ ရက်က မြောက်ကျောင်းရိပ်သာသစ်တွင်ကျင်းပရာ မြောက်ကျောင်း ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တ အဂ္ဂဓမ္မနှင့် မြို့ပေါ်ရှိကျောင်းထိုင်ဆရာတော်များ ကြွရောက်တော်မူကြသည်။

လှူဒါန်း

အခမ်းအနားတွင် ကျပ်သိန်း၈၀ကျော် အကုန်အကျခံကာ ဆောက်လုပ်လှူဒါန်းခဲ့သော ဓမ္မသုခရိပ်သာ အလှူရှင် မန္တလေးမြို့ ထင်းဝင်းရပ်နေ မြရွှေညွန့်မော်တော်ပိုင် ဦးညွန့်တင်–ဒေါ်ငွေရီ သား မောင်ညွန့်လွင်ဦး၊ သမီး မမော်မော်လွင် မိသားစုက ကြွရောက်လာသော ဆရာတော်များအား ဆွမ်းဆက်ကပ်ပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းသည်။ (က–ပ)

အမြို့မြို့ အနယ်နယ် သတင်းများ

ဒီဇင်ဘာ ၁၇ ရက်က နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို အိမ်မဲမြို့ အထက၌ ကျင်းပရာ ဧရာဝတီတိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးဘိုရွှေက ကျောင်းသူ၊ ကျောင်းသားများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျောင်းအုပ်ဆရာမကြီး နော်အဲမလိုင်းထံ ပေးအပ်စဉ်။

(မြို့နယ် ပြန်/ဆက်)

တိုင်းရင်းဆေးဆင့်ပွားသင်တန်းဖွင့်ပွဲ ပြည်နယ်ရဲတပ်ဖွဲ့သင်တန်းကျောင်း၌ ကျင်းပ

လွိုင်ကော် ဒီဇင်ဘာ ၁၈

မြန်မာနိုင်ငံရဲတပ်ဖွဲ့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ တိုင်းရင်းဆေးဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၁ရက်နံနက်က ကယားပြည်နယ် ရဲတပ်ဖွဲ့သင်တန်းကျောင်းခန်းမတွင် ကျင်းပရာ ကယားပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှု ကော်မတီနာယက ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးမြင့်ဦး၏ဇနီး ဒေါ်ခိုင်သက်မွန် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ကယားပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသိမ်းစိုးနှင့်ဇနီး ဒေါ်တင်တင်ဝင်း၊ ပြည်နယ်နှင့် မြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေး အသင်း အမှုဆောင်များ၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်မိသားစု သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းရင်းဆေး ကုဌာနဒုတိယတိုင်းရင်းဆေးမှူးဒေါ်ဆင့်ဆင့်အေးက တိုင်းရင်းဆေးဆင့်ပွား သင်တန်းနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။ **(ဝဖဖ)**

ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၃–၂၀၀၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် အမှတ်(၉)လမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းကို ဒီဇင်ဘာ ၃ ရက်က အမှုဆောင်အရာရှိ ဦးတင်ဌေးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးသန်းထွန်းဝင်း တို့က အနီးကပ် ကြီးကြပ်ဆောင်ရွက် စဉ်။

(က–ပ)

သင်ကြားပေး

ဆီဆိုင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ အိမ်ရှင်မများအတွက် ဘဝတစ်သက်တာ သင်ခန်းစာ၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ အကြောင်း ဆင့်ပွား သင်တန်းအမှတ်စဉ်(၈) ဖွင့်ပွဲကို ဒီဇင်ဘာ ၁၀ရက်က ဆီဆိုင်မြို့နယ် လွယ်ပွတ်ကျေးရွာ၌ ကျင်းပရာ ရုပ်ပုံကားချပ်များဖြင့် သင်တန်းဆရာမများက သင်ကြားပြသပေးစဉ်။

(ဝ၄၈)

မြင့်မြတ်သူအမြန်ယာဉ်ငယ်အသင်း လိုင်းသစ်ဖွင့်လှစ်

ကျောက်ဆည် ဒီဇင်ဘာ ၂၀

ကျောက်ဆည်ခရိုင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဝန်ထမ်းသက်သာရန်ပုံငွေအဖြစ် ကျောက်ဆည်–ကျောက်ဆောက်ကုန်း–မန္တလေးပြေးဆွဲမည့် မြင့်မြတ်သူအမြန်ယာဉ်ငယ်အသင်းလိုင်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၂ရက် နံနက်က ကျောက်ဆည်ခရိုင် အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနရုံးရှေ့တွင် ကျင်းပသည်။

နေ့စဉ်အချိန်မှန်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်ဝင်းဦးက မြင့်မြတ်သူ အမြန်ယာဉ်ငယ်အသင်းလိုင်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ အဆိုပါအမြန်ယာဉ်ငယ်အသင်းတွင် ဟိုင်းလပ်မော်တော်ယာဉ် ၁၅စီးနှင့် ဒိုင်နာမော်တော်ယာဉ် ငါးစီးတို့ဖြင့် နေ့စဉ်အချိန်မှန် ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ဒီဇင်ဘာ ၆ ရက်က ခန္တီးမြို့ သန့်ရှင်းသာယာ လှပရေးအတွက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှမိုးနှင့် ဝန်ထမ်းများ ခန္တီးမြို့ ချင်းတွင်း မြစ်ဆိပ်ကမ်း ဝန်းကျင်၊ ကမ်းနား လမ်းတစ်လျှောက်တွင် ပန်းအလှပင်များ စိုက်ပျိုးခြင်း လုပ်ငန်းကို စုပေါင်း ဆောင်ရွက်ကြစဉ်။

(ခရိုင် ပြန်/ဆက်)

နယ်လှည့် စာကြည့်တိုက် လုပ်ငန်းဆောင်ရွက်

ရမည်းသင်း ဒီဇင်ဘာ ၁၉

ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူများ အသိပညာ ဗဟုသုတ တိုးပွားရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးတို့အတွက် ကျေးလက်ဒေသများသို့ ကွင်းဆင်းကာ နယ်လှည့်စာကြည့်တိုက်များ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိရာ ဒီဇင်ဘာ၁၇ ရက်က ဆူးတပ်ကျေးရွာ၌ လည်းကောင်း၊ ၁၈ရက်က အုပ်ဖိုကျေးရွာ၌ လည်းကောင်း နယ်လှည့်စာကြည့်တိုက်များ ဖွင့်လှစ်ခဲ့သည်။

အဆိုပါကျေးရွာများ၌ ကိုယ့်အားကိုယ်ကိုးကျေးလက်စာကြည့်တိုက်ဖွင့်လှစ်ရေး၊ ရုပ်မြင်သံကြား နေ့စဉ်ကြည့်ရှုရေးနှင့် မြန်မာ့အသံရေဒီယို အစီအစဉ်များ နားထောင်ရေးတို့ကို စည်းရုံးဟောပြောကြသည်။

(ခရိုင်ပြန်/ဆက်)

ဝက်ကုန်း–မံဖာ ကျေးလက်လမ်း စည်ပင်အဖွဲ့ အမှုဆောင်အရာရှိစစ်ဆေး

ဖန်းမော် ဒီဇင်ဘာ ၁၀

ဖန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်သူနှင့် အငယ်တန်းအင်ဂျင်နီယာ(၂)ဦးကျော်ဆွေတို့သည် ဒီဇင်ဘာ ၂ ရက်တွင် မြို့နယ်အတွင်းရှိ ဝက်ကုန်း–မံဖာကျေးလက်လမ်းကို မြေထိုးစက်ဖြင့် ဆောင်ရွက်ခြင်းကိုလည်းကောင်း၊ ဒီဇင်ဘာ ၃ ရက်တွင် မြို့ပြသာယာလှပရေးအတွက် ဗိုလ်ချုပ်လမ်းရှိ လမ်းလယ်ပန်းခုံများအတွင်း မြေဆွေးများ ထည့်သွင်းခြင်း လုပ်ငန်းများကိုလည်းကောင်း ကွင်းဆင်းဆောင်ရွက်ကာ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။ **(မြို့နယ် စည်ပင်)**

မြန်မာ့အသံ

၃၁–၁၂–၂၀၀၃ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၀၇:၀၀ မင်းကွန်းဆရာတော်ကြီး၏ ပုဗ္ဗဏှသုတ်တရားတော်

နေ့လယ်ပိုင်း

- ၁၁:၁၅ ဆွေးနွေးခန်း (ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး)
- ၁၁:၃၀ သောတရှင်အတွက် ပြန်ကြားချက်
- ၁၂:၀၀ မြန်မာ့အနုသဘင် (ဆရာကြီးဦးဂုဏ်ဘဏ်)
- ၁၂:၂၅ သူ့အတွေးနှင့်သူ့အရေး (အသက် ၃၀ ကျော်လျှင်–ကံချွန်)
- ၁၃:၀၀ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုယဉ်ကျေးမှုအနုပညာ (နှင်းဖွဲ့တွေကြားက အလံတော်–ဒေါ်စောမုံညင်း)

ညနေပိုင်း

- ၁၆:၁၅ ဆွေးနွေးခန်း (ကျန်းမာရေးဆိုင်ရာ ဆွေးနွေးခန်း)
- ၁၆:၃၀ လွတ်လပ်ရေးနှင့်တေးဂီတ
- ၁၇:၁၅ Asean Japan Exchange Year 2003 Prog
- ၁၇:၃၀ ခံတွင်းမြိန်စရာသူ့လက်ရာ (ပဲတောင့်ရှည်ဟင်း၊ ဓီးဖြူသီးထောင်း၊ ငါးပိကောင်ကင်)
- ၁၇:၄၅ သူ့လက်သံလက်စွမ်းပြ (မဟာရန်ကုန် သီရိမောင်မောင် ဆိုင်းလက်သံ)
- ၁၈:၄၀ စာအုပ်စာပေလူ့မိတ်ဆွေ (၁)ပဋ္ဌာန်းဉယျာဉ် မြတ်စာစဉ် တရားတော်(ဘဒ္ဒန္တပဏ္ဍိတ) (၂)ယုံချင်ယုံမယုံချင်နေ (တတိယတွဲ) (မောင်သိန်းလွင်–ရွှေဟသ်ာစာပေ)
- ၁၉:၁၅ သံသာချိုအေးနှစ်ဟောင်းတေး (မေတ္တာလက်ဆောင်ရတေးစီးရီး)
- ၂၀:၃၀ လပတ်မိုးလေဝသခန့်မှန်းချက်

ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယက အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းဆေးကုသမှုကြည့်ရှုအားပေး

ရန်ကုန် ဒီဇင်ဘာ ၂၉

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေးသည် ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနမှူး ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာလှမြင့်၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးချစ်ညွန့်၊ ကြည့်မြင်တိုင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဝင်းနှင့် တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ၂၇ရက် နံနက်စနာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ကြည့်မြင်တိုင် အနောက်ဘက်ကမ်းရှိ စက်ဆန်းရပ်ကွက်သို့ရောက်ရှိကြရာ ကြည့်မြင်တိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက်ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေးနှင့် အဖွဲ့ဝင်များသည် စက်ဆန်းရပ်ကွက်ရှိ ကျေးလက် ကျန်းမာရေးဌာနနှင့် အမှတ်(၇)မူလတန်းကျောင်းတို့တွင် ယာယီဆေးကုခန်းဖွင့်လှစ်၍ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းဆေးကုသနေမှုများကို လှည့်လည် ကြည့်ရှုအားပေးပြီး လူနာများကို အားပေးစကားပြောကြားသည်။

ဆေးကုသပေး

စက်ဆန်းရပ်ကွက်ရှိ ကျေးလက်ကျန်းမာရေးဌာနနှင့် အမှတ်(၇)မူလတန်း လွန်ကျောင်းတို့တွင်ယာယီဆေးကုခန်းဖွင့်လှစ်၍ အထွေထွေရောဂါကုဆရာဝန်ကြီး ဒေါက်တာခင်ခင်သက်၊ကလေးအထူးကု ဆရာဝန်ကြီး ဒေါက်တာရဲမြင့်ကျော်၊ ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာအောင်ဇော်မျိုး၊ သားဖွားနှင့်မီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်ချိုချို၊ အရိုး၊ အကြောအထူးကုဆရာဝန်ကြီး ဒေါက်တာနွယ်နွယ်သိန်း၊ နား၊ နှာခေါင်းနှင့် လည်ချောင်းအထူးကုဆရာဝန်ကြီးဒေါက်တာသန်းသန်းဌေး၊မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာခိုင်ခိုင်ခ၊ ရန်ကုန်အနောက်ပိုင်းဆေးရုံကြီးမှ လက်ထောက်ဆေးရုံအုပ် ဒေါက်တာ မေသူသန်းရွှေနှင့် ဆရာဝန်များ၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ တိုင်းရင်းဆေးသမားတော်များကကြည့်မြင်တိုင်မြို့နယ် အနောက်ဘက်ကမ်းရှိ ရပ်ကွက်၊ ကျေးရွာများမှ လူနာပေါင်း ၆၂၀တို့ကို စစ်ဆေးပြီး ဆေးကုသပေးကြသည်။

ယင်းနောက် ကြည့်မြင်တိုင်တစ်ဖက်ကမ်းရှိ ရပ်ကွက်ကိုးရပ်ကွက်မှ အသက်၆၀နှင့်အထက် အဘိုး အဘွား ၃၀ တို့အား စာကြည့်မျက်မှန်၊ အလှူငွေ၊ တိုင်းရင်းဆေးနှင့် မျက်နှာသုတ်ပဝါများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ကြည့်မြင်တိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် တွေ့ဆုံပွဲအခမ်းအနားကို စက်ဆန်းရပ်ကွက်အမှတ်(၇)မူလတန်းလွန်ကျောင်း ကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကြည့်မြင်တိုင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဝင်းက စက်ဆန်း၊ အောက်ရုံနှင့် အလတ်ချောင်းရပ်ကွက်တို့ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးဆိုင်ရာ အချက်အလက်များကို တင်ပြသည်။

ထို့နောက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရာသက်ပန်အသင်းဝင်အဆိုပြုလွှာ အစောင်၃၂၀ကိုကြည့်မြင်တိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်နီဝင်းက ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာလှမြင့်ထံ ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ယင်းနောက် စက်ဆန်းရပ်ကွက် ကျေးလက်ကျန်းမာရေးဌာနအတွက် မီးစက်တစ်လုံးကို ကြည့်မြင်တိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်နီဝင်းက စက်ဆန်းရပ်ကွက် ကျေးလက်ကျန်းမာရေးမှူး ဦးတင်အောင်သို့ ပေးအပ်လှူဒါန်းသည်။

(သတင်းစဉ်)



လှူဒါန်း

ဒီဇင်ဘာ ၂၄ ရက်က သာကေတမြို့နယ် ၇/အနောက်ရပ်ကွက်ရှိ အောင်စကြာမိုးကုတ်ကျောင်းတွင် အောင်စကြာဆရာတော်၏(၇၆)နှစ်ပြည့် ဝိဇာတမင်္ဂလာနှင့် ရှင်အပါးတစ်ထောင်ပူဇော်ပွဲ၌ ပဓာနဆရာတော် ဘဒ္ဒန္တ ဝိမလဗုဒ္ဓိထံ အလှူငွေလှူဒါန်းပူဇော်စဉ်။ (၃၀၂)

ဆုထူးပန် အဘိဓမ္မာ ညဝါ အထူးသင်တန်း ဖွင့်လှစ်မည်

ရန်ကုန် ဒီဇင်ဘာ ၂၉

တတိယအကြိမ်မြောက် နွေရာသီ ဆုထူးပန်အဘိဓမ္မာညဝါအထူးသင်တန်းကို ရန်ကုန်မြို့ တာမွေမြို့နယ် အမှတ်(၁၅)နတ်မောက်ရိပ်သာလမ်း မျက်စိ အထူးကုဆေးရုံအနီး ဆုထူးပန်ပရိယတ္တိ စာသင်တိုက်၌ နယ်လှည့် အဘိဓမ္မာ ညဝါ သင်တန်းနည်းပြ အရှင်နန္ဒာစရိယကအမရပူရ တောင်မြို့ညဝါနည်းများဖြင့် စာမေးပွဲဖြေဆိုကြမည့် ရဟန်း၊ ရှင်၊ လူ၊ သီလရှင်များနှင့် တက္ကဗဟုသုတ လေ့လာလိုသူတို့အတွက်၁၃၆၆ ခုနှစ် ကဆုန်လဆန်း၉ ရက်မှ နယုန်လပြည့်ကျော်၇ရက်အထိ(၂၀၀၄ ခုနှစ် ဧပြီ၂၇ရက်မှ ဇွန် ၉ရက်အထိ)နေ့စဉ် မွန်းလွဲ ၁နာရီတွင် ပဋ္ဌာန်းကျမ်း၊ မွန်းလွဲ ၂ နာရီခွဲတွင်အထက်ယမိုက် ငါးကျမ်းနှင့် ညနေ ၄နာရီတွင် အောက်ယမိုက် ငါးကျမ်းတို့ကိုသင်တန်းသုံးကျမ်းစာအုပ်များ အခမဲ့ပေးလှူပြီးဓမ္မဒါနကုသိုလ်အဖြစ်ပို့ချပေးမည်ဖြစ်ရာ ဖုန်း ၀၁-၅၄၅၉၈၀ သို့ ကြိုတင်ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဒီဇင်ဘာ ၂၉

Thirty-One International Ltd. နှင့် Thirty-One Industries Ltd. တို့၏ နှစ်ပတ်လည်အစည်းအဝေးကို ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၃ရက်(စနေနေ့) မွန်းလွဲ၁နာရီတွင် အမှတ်၆၅ လေးထောင့်ကန်လမ်း မာန်အောင်ရပ်ကွက် တာမွေမြို့နယ်(မထသ)ရုံးချုပ် အစည်းအဝေးခန်းမတွင် ကျင်းပမည်ဖြစ်ရာ ၎င်းအသင်းအဖွဲ့နှင့်ပတ်သက်သူအားလုံးအား မပျက်မကွက်တက်ရောက်ကြရန် အလုပ်အမှုဆောင်အဖွဲ့က ဖိတ်ကြားပြီး ဖုန်း-၆၁၀၀၇၄၊ ၅၇၉၁၀၀၊ ၆၆၅၇၆၀၊ ၀၉ ၅၀ ၁၃၀၉၅ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က-ပ)

ရန်ကင်းမြို့နယ် ရွှေပြည်ဟိန်း ကျန်းမာရေးယာဉ် အလှူတော်အတွက် ကျောက်မြောင်း မီးသတ်ရှေ့ ဗီပါခွဲသံပြား ပြုပြင်ရောင်းဝယ်ရေး မိသားစု ဦးခင်လှိုင်-ဒေါ်စန်းမာလာတို့က သားကြီးနှင့်သားငယ်တို့၏ မွေးနေ့ကုသိုလ်အဖြစ် အလှူငွေကျပ်တစ်သိန်းကို ဒီဇင်ဘာ ၂၇ရက်က ဆရာတော် အရှင်ခေမာသီရိ လက်ာရထံ လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်စဉ်။

(၁၁၅)

ဆုထူးပန်ဆရာတော်နှင့် သာသနာပြုခရီးထုတ်ဝေ

ရန်ကုန် ဒီဇင်ဘာ ၂၉

သန်လျင်မြို့ အောင်ချမ်းသာ ၃ ရပ်ကွက် ပဒေသရာဇာလမ်း ဆုထူးပန်ဝါးတော မြတ်မွန် ဝေဠုဝန်ဓမ္မရိပ်သာကျောင်းဝင်းအတွင်း၌ ဆောက်လုပ်ပြီးစီးသွားသော အတုလဂုဏ်ရည်သိမ်ကျောင်းတော်ကြီး သိမ်သမုတ်ပွဲ၊ သိမ်ရေစက်ချပွဲ၊သိမ်အောင်ပွဲအထိမ်းအမှတ်အဖြစ် ဆုထူးပန် ဆရာတော်နှင့် သာသနာပြုခရီးစာအုပ် ထုတ်ဝေထားသည်။

အရှင်ကဝိန္ဒ(ရဝေစိုး)သန်လျင်ဆုထူးပန်မှ ရေးသားပူဇော်ထားရာ သစ္စာမဏ္ဍိုင် ပိဋကတ်စာပေ၊ ရွှေတိဂုံတောင်ဘက်မုခ်က တစ်ပြည်လုံးသို့ ဖြန့်ချိသည်။ **(အပေါ်ပုံ)** (က-ပ)

ဒီဇင်ဘာ၅ ရက်ကတွံတေး မြို့နယ် ပျော်ဘွယ်ကြီးအထက မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲ၌ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်ဝင်းက တက္ကသိုလ်ဝင်တန်းသိပ္ပံဘာသာတွဲနှင့် ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သော မမြတ်စုဟန်အား ဆုချီးမြှင့်စဉ်။ (က-ပ)

မှော်ဘီမြို့နယ် ဆပ်သွားတောကျေးရွာအုပ်စုအတွင်း နိုင်ငံသား အရည်အချင်း ပြည့်မီသူများနိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဒီဇင်ဘာ ၂၀ရက်က အထက(၂)ကျောင်းခန်းမ၌ကျင်းပရာ မှော်ဘီမြို့နယ် ဦးစီးဌာနမှူး ဦးအုန်းလွင်ကနိုင်ငံသားကတ်ပြား ပေးအပ်စဉ်။ (က-ပ)

ဗီဒီယိုနှင့်ပတ်သက်သည့်လုပ်ငန်းလုပ်ကိုင်သူများသည် ရုပ်မြင်သံကြားနှင့်ဗီဒီယိုဥပဒေနှင့်အညီလိုက်နာလုပ်ကိုင်ရန် သတိပေးနှိုးဆော်ချက်

၁။ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ၏ အခန်း(၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်တွင် ဗီဒီယိုနှင့်ပတ်သက်၍ အောက်ပါအတိုင်း အဓိပ္ပာယ်သက်ရောက်ကြောင်း ဖော်ပြထားပါသည်။

(က) ဗီဒီယိုဆိုသည်မှာ ရုပ်မြင်သံကြားဆိုင်ရာ နည်းပညာတစ်ရပ်ရပ်ဖြင့် ရုပ်ငြိမ်ကိုဖြစ်စေ၊ ရုပ်ပုံလှုပ်ရှားခြင်းကို ဖြစ်စေ၊ ရုပ်ပုံနှင့်အသံကို ဖြစ်စေ ထွက်ပေါ်ခြင်းကိုဆိုသည်။

(ခ) ဗီဒီယိုတိပ်ခွေဆိုသည်မှာ ရုပ်ပုံနှင့်အသံကို ရိုက်ကူးထည့်သွင်းထားသော တိပ်ခွေ၊ လေဆာပြား သို့မဟုတ် အလားတူပစ္စည်းကိရိယာကိုဆိုသည်။ ယင်းစကားရပ်တွင် ဗီဒီယိုရိုက်ကူးချက်နှင့် ဗီဒီယိုကူးယူချက်များလည်း ပါဝင်သည်။

(ဂ) ဗီဒီယိုလုပ်ငန်းလိုင်စင်ဆိုသည်မှာ ဤဥပဒေအရ ဗီဒီယိုလုပ်ငန်းအမျိုးအစားတစ်ခုခုအတွက် ထုတ်ပေးသည့်လိုင်စင်ကို ဆိုသည်။

၂။ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ"ဥပဒေပုဒ်မ ၃၂ (က) အရ လုပ်ငန်းလိုင်စင်မရှိဘဲ စီးပွားရေးအလို့ငှာ ဗီဒီယိုလုပ်ငန်းလုပ်ကိုင်ခြင်းကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် (၃)နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံး ဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့် တိုက်ရိုက်သက်ဆိုင်သော ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဖြစ်ကြောင်း" အခန်း(၉) ပြစ်မှုနှင့်ပြစ်ဒဏ်များတွင် ဖော်ပြထားပြီးဖြစ်သဖြင့် အောက်ဖော်ပြပါ ဗီဒီယိုလုပ်ငန်းတစ်ခုခုကို စီးပွားရေးအလို့ငှာ လုပ်ကိုင်လိုသူသည် ဗီဒီယိုလုပ်ငန်းလိုင်စင်လျှောက်ထား၍ လုပ်ငန်းလိုင်စင်ရရှိမှသာ လုပ်ကိုင်ရမည်ဖြစ်ပါသည်။

(က) ဗီဒီယိုထုတ်လုပ်ခြင်းလုပ်ငန်း
(ခ) ဗီဒီယိုရိုက်ကူးခြင်းလုပ်ငန်း
(ဂ) ဗီဒီယိုတည်းဖြတ်ခြင်းလုပ်ငန်း
(ဃ) ဗီဒီယိုတိပ်ခွေကူးယူခြင်းလုပ်ငန်း
(င) ဗီဒီယိုတိပ်ခွေဖြန့်ချိခြင်းလုပ်ငန်း(လက်လီ သို့မဟုတ် လက်ကားရောင်းချခြင်းပါ ပါဝင်သည်။)
(စ) ဗီဒီယိုတိပ်ခွေငှားရမ်းခြင်းလုပ်ငန်း
(ဆ) ဗီဒီယိုပြသခြင်းလုပ်ငန်း (ကာရာအိုကေသီဆိုခြင်းလုပ်ငန်းများပါ ပါဝင်ပါသည်။)

၃။ ဗီဒီယိုလုပ်ငန်းတစ်ခုခုကို စီးပွားရေးအရ လုပ်ကိုင်သောသူများသည် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ အခန်း (၉) ပြစ်မှုနှင့် ပြစ်ဒဏ်များတွင် "ဥပဒေပုဒ်မ ၃၂(ခ)၊ ၃၃ (ခ) အရ အောက်ပါပြစ်မှုတစ်ရပ်ရပ် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် (၃)နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့် တိုက်ရိုက်သက်ဆိုင်သော ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဖြစ်ကြောင်း" ဖော်ပြထားပြီးဖြစ်ပါသည်။

(က) ဤဥပဒေအရ ကင်းလွတ်ခွင့်ပြုသောကိစ္စရပ်မှအပ ဗီဒီယိုဆင်ဆာလက်မှတ်နှင့် ခွင့်ပြုအမှတ်စဉ်ပါရှိသော ဗီဒီယိုဆင်ဆာလက်မှတ်အသေးမပါရှိသည့် ဗီဒီယိုတိပ်ခွေကို ကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ငှားရမ်းခြင်း သို့မဟုတ် ပြသခြင်း၊

(ခ) ဗီဒီယိုထုတ်လုပ်ခြင်း သို့မဟုတ် ဗီဒီယိုတိပ်ခွေဖြန့်ချိခြင်း လုပ်ငန်းလိုင်စင်ရရှိသူ၏ ခွင့်ပြုချက်မရရှိဘဲ ဗီဒီယိုဆင်ဆာလက်မှတ်ရရှိပြီးသော ဗီဒီယိုတိပ်ခွေကို စီးပွားရေးအလို့ငှာ ကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ငှားရမ်းခြင်း သို့မဟုတ် ပြသခြင်း။

၄။ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပါ အထက်ဖော်ပြပါ တားမြစ်ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်းနှင့် ဗီဒီယိုလုပ်ငန်းကို အကြောင်းပြု၍ ပေါ်ပေါက်လာသည့်မသမာမှုများ များပြားလာသည့်အတွက်ကြောင့် ဗီဒီယိုနှင့်ပတ်သက်သည့် လုပ်ငန်းလုပ်ကိုင်သူများသည် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာလုပ်ကိုင်ရန်နှင့် လိုက်နာလုပ်ကိုင်ခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိပါက ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်ပါသည်။

ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးဗဟိုကော်မတီ

ရန် ကင်း စင် တာ ဈေး ပင်း မော

၂၀၀၄ ခုနှစ် နှစ်သစ်အကြို ဈေးရောင်းပွဲတော်

– ဒီဇင်ဘာ ၃၀ ရက်တွင် အထူးအစီအစဉ်များဖြင့် ည ၁၂:၀၀ နာရီထိ ဖွင့်ပါမည်။

နှစ်သစ်အကြို ကြည်နူးပျော်ရွှင်စွာ ဈေးဝယ်ဖို့ ရန်ကင်းစင်တာကို လာခဲ့ပါ။

ရှားခဲအထက(ကျောင်းခွဲ)၏ မြတ်ဆရာပူဇော်ပွဲ

ကျောင်းသား ကျောင်းသူဟောင်းများမှ အသက်(၅၅)နှစ်ပြည့်ပြီး ဆရာ ဆရာမများအား ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို ၁၁–၁–၂၀၀၄ (တနင်္ဂနွေနေ့) နံနက် ၀၉:၀၀ နာရီတွင် ကျင်းပမည် ဖြစ်ပါ၍ ဦးသန်းလွင် (ကျောင်းအုပ်ကြီး)၊ ဦးသာအောင် ၀၄၄–၇၀၀၃၁–၅၈ ဗိုလ်ကြီးအောင်နိုင်မင်း ၀၁–၅၁၀၈၀၈ တို့ထံတွင် ဆက်သွယ်လှူဒါန်းနိုင်ပါသည်။



ဩင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုခဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅

သထုံခရိုင်တရားရုံး

၂၀၀၃ ခုနှစ် တရားမကြီးမှုအမှတ် ၄၉

ဒေါ်ရီ နှင့် ဒေါ်မိမိခိုင်(ဘ)ဦးထွန်းမြင့် ဆန်ရောင်း၊ ကုလားသင်္ချိုင်းလမ်း၊ ရွှေဥသြပိုင်း၊ ကံ့ကော်ရပ်၊ ကျိုက်ထိုမြို့

တရားလို **တရားပြိုင်များ**

ဒေါ်မိမိခိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဒေါ်ရီက ရောင်းချငွေတန်ဖိုး၏ နှစ်ဆဖြစ်သော ငွေကျပ် ၁၂၀၀၀၀၀ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်(၁၃၆၅ ခုနှစ် ပြာသိုလဆုတ် ၉ ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ဩင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့်၊ သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာသွင်းလိုလျှင် အမှုဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၁၈ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဦးသိန်းဟန်
ဒုတိယခရိုင်တရားသူကြီး

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား

ချိပ်ပိတ်တင်ဒါ (Sealed Tender) များ ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (Sealed Tender)များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	13(T) 2/MR(E) 2003-2004	(1) Hand Held Tamping Motor	24-Nos
		(2) Generating Set 3.5 KVA	6-Sets

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် – ၂၂–၁–၂၀၀၄(ကြာသပတေးနေ့) မွန်းတည့်၁၂:၀၀နာရီ
ချိပ်ပိတ်တင်ဒါဖွင့်ဖောက်မည့်ရက် နှင့်အချိန် – ၂၂–၁–၂၀၀၄(ကြာသပတေးနေ့) မွန်းလွဲ၂:၀၀နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၂–၁၂–၂၀၀၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့် ၅၁လမ်းထောင့်၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့
ဖုန်း–၂၉၁၉၈၂၊၂၀၁၅၅၅–လိုင်းခွဲ– ၆၀၂၊၆၀၅၊၆၁၂

အနေကဇာတင်

ဒီဇင်ဘာ ၁၉ ရက်က ဆင်ပေါင်ဝဲမြို့ ဘုရားငါးဆူ ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပရာ ဆရာတော်၊ သံဃာတော်များက ဘုရားအနေကဇာတင်တော်မူကြပြီး အသံမစဲပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ကြစဉ်။ (၃၈၅)

အမြို့မြို့ အနယ်နယ် သတင်းများ

သန့်ရှင်းရေးလုပ်ငန်းများ မလှိုင်မြို့၌ စုပေါင်းဆောင်ရွက်

မလှိုင် ဒီဇင်ဘာ ၁၅

မလှိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများသည် မြို့သန့်ရှင်းရေးလုပ်ငန်းများကို ဒီဇင်ဘာ ၆ ရက်က မြို့တွင်း လမ်းမဝဲ/ယာဘေးတစ်လျှောက်၌ စုပေါင်းဆောင်ရွက်ကြသည်။

အဆိုပါ သန့်ရှင်းရေး လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာသို့ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးတင်အောင်သန်းနှင့်တာဝန်ခံ အင်ဂျင်နီယာ ဦးမြငြိမ်းတို့က အနီးကပ် ကြီးကြပ်၍ လမ်းဘေး ဝဲ/ယာ တစ်လျှောက်ရှိ ချုံနွယ်နှင့် မြက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းအတွင်း အမှိုက်များ ဆယ်ယူခြင်း စသည့် မြို့သန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

အလားတူ ဒီဇင်ဘာ ၁ ရက် နံနက်ပိုင်းက မြို့တွင်းလမ်းများနှင့် မြို့နယ် ခန်းမရှေ့ပတ်ဝန်းကျင်၌ မြို့သန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။ (၄၁၉)

မြောက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးမင်းနိုင်နှင့်အဖွဲ့ ဒီဇင်ဘာ ၁၀ရက်က ဝေသာလီ–ပေါက်တောပြင်လမ်းဘေးဝဲယာတွင် စိုက်ပျိုးထားသော အရိပ်ရပင်များ၊ ပန်းအလှပင်များအား ချုံနွယ်များ ရှင်းလင်းမှုကို ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (က–ပ)

ပြင်ဦးလွင်ခရိုင် ပြည်သူ့ဆေးရုံကြီးသို့ လုပ်ငန်းသုံးပစ္စည်းလေးမျိုးလှူဒါန်း

ပြင်ဦးလွင် ဒီဇင်ဘာ ၂၀

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် ပြည်သူ့ဆေးရုံကြီးတွင် အသုံးပြုရန်အတွက် ငွေကျပ် လေးဆယ့်ငါးသိန်းတန်ဖိုးရှိ ဆေးရုံအရေးပေါ်လုပ်ငန်းသုံးပစ္စည်း လေးမျိုးလှူဒါန်းပွဲကို ဒီဇင်ဘာ ၁၉ရက်က ပြည်သူ့ဆေးရုံကြီးအစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဦးဝမ်းမောင်၊မန္တလေးတိုင်း ကျန်းမာရေးဦးစီးအရာရှိ ဒေါက်တာ ဦးသန်းထွန်းဦး၊ ပြင်ဦးလွင်ခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်သွင်၊ ခရိုင်သမားတော်ကြီး ဒေါက်တာအောင်ဆန်းဦး၊ ဆရာဝန်နှင့်ဆရာမများ၊ ပြင်ဦးလွင်မြို့နေ အလှူရှင် စိုးစံ လေ့ကျင့်ရေးစခန်းမှ ဗိုလ်မှူးမောင်လတ် (ငြိမ်း)နှင့်ဇနီး ဒေါ်နန်းယဉ်ယဉ် မိသားစုတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ အလှူရှင်ဗိုလ်မှူးမောင်လတ်(ငြိမ်း)ကလှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ငွေကျပ်၄၅သိန်းတန်ဖိုးရှိ ဆေးရုံလုပ်ငန်းသုံး ပစ္စည်း လေးမျိုးပေးအပ်လှူဒါန်းရာ **(အောက်ပုံ)** ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာဦးဝမ်းမောင်က လက်ခံယူ၍ ကျေးဇူးတင်စကား ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(က–ပ)**

အရာတော်မြို့နယ်၌ ၂၇ ခုမြောက် ကျေးလက်စာကြည့်တိုက်ဖွင့်

အရာတော် ဒီဇင်ဘာ ၂၀

မုံရွာခရိုင် အရာတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ နေရာခင်းကျေးရွာအုပ်စု ဟသ်ာကျေးရွာ၌ ဒီဇင်ဘာ ၁၀ ရက်က မင်းရာဇာ ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်ကို ၂၇ ခုမြောက်အဖြစ် ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲတွင် မင်းရာဇာ ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်ကို မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ကြည်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဦးစန်းလွင်ဦးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးချစ်တိုးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် စာအုပ်အလှူရှင် ၁၀ ဦးတို့က ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံ စာအုပ်များ ပေးအပ်လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**



တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်အမှတ်စဉ်(၅)
တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံအမှတ်စဉ်(၂)
ဝင်ခွင့်စာမေးပွဲဖြေဆိုမည့်စာစစ်ဌာနပြောင်းလဲခြင်း

ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် အမှတ်စဉ်(၅) တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံအမှတ်စဉ်(၂) ဝင်ခွင့်စာမေးပွဲကျင်းပမည့်စာစစ်ဌာနအား အ. ထ. က (၂)မင်္ဂလာဒုံ၊ အောင်ဆန်းသူရိယလှသောင်း ကျောင်း(အစား) ရန်ကင်းပညာရေးကောလိပ်တွင်ဖြေဆိုရန်အောက်ပါအတိုင်း ပြင်ဆင်ကြောင်း ကြေညာအပ်ပါသည်-

(က) တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်အမှတ်စဉ်(၅)

(၁) အင်္ဂလိပ်စာ- ၁-၁-၂၀၀၄ရက်နေ့ ၀၉၀၀ အချိန်မှ ၁၁၀၀ အချိန်ထိ။
ရန်ကင်းပညာရေးကောလိပ်

(၂) ဇီဝဗေဒ - ၁-၁-၂၀၀၄ ရက်နေ့ ၁၄၀၀ အချိန်မှ ၁၆၀၀ အချိန်ထိ။
ရန်ကင်းပညာရေးကောလိပ်

(ခ) တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံအမှတ်စဉ်(၂)

(၁) အင်္ဂလိပ်စာ- ၂-၁-၂၀၀၄ ရက်နေ့ ၀၉၀၀ အချိန်မှ ၁၁၀၀ အချိန်ထိ။
ရန်ကင်းပညာရေးကောလိပ်

(၂) သင်္ချာ - ၂-၁-၂၀၀၄ ရက်နေ့ ၁၄၀၀ အချိန်မှ ၁၆၀၀ အချိန်ထိ။
ရန်ကင်းပညာရေးကောလိပ်

ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ဘုရင့်နောင်ပွဲရုံတန်း၊ အောင်သပြေလမ်း အမှတ် ၈/၄၁နေ ဦးသန်းလွင် ၁၂/တမန(နိုင်) ၀၆၃၈၈၈က အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အား မူပိုင်အဖြစ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားပြီး ဖြစ်ပါသည်။



အထက်ပါ မြို့မဆင်ဖြူတော်ကုန်အမှတ်တံဆိပ်ဖြင့် ငရုတ်သီးမှုန့်၊ နနွင်းမှုန့်၊ မဆလာနှင့် အမှုန့်မျိုးစုံကို အရွယ်အစားအမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ထည့်သွင်း အသုံးပြု၍ အောက်ပါ လက်လီ/လက်ကား ဆိုင်များတွင် ဖြန့်ဖြူးရောင်းချလျက် ရှိနေပါသည်။
၁။ အမှတ် (၁၂၂/၁၂၄)၊ သမိန်ဗရမ်းလမ်း၊ တာမွေမြို့နယ်၊ ဖုန်း-၀၁-၅၅၄၆၉၂၊ ၅၄၀၂၁၉။
၂။ အမှတ် (၈/၄၁)၊ အောင်သပြေလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်၊ ဖုန်း-၀၁-၆၈၀၀၉၇၊ ၆၈၂၇၉၃၊ ၀၉-၉၉-၂၃၇၈၈။ ၀၉ ၅၀၀ ၃၉၀၈
၃။ ဆိုင်အမှတ် (၅၃၉/၅၄၀) သောင်ပင်လေးပလာဇာ (မြေအောက်ထပ်) လမ်းမတော်မြို့နယ်၊ ဖုန်း-၀၁-၂၁၁၂၃၃ (လိုင်းခွဲ-၃၃၇)၀၉-၉၉-၂၅၅၄၃။

ဗဟိုအစားအသောက်နှင့် ဆေးဝါး ကြီးကြပ်ကွပ်ကဲရေးဌာနခွင့်ပြုချက် အမှတ် စ၉/၀၃၀၀၂/ထလ

အထက်ဖော်ပြပါ ပင်ရင်းအရောင်းဆိုင်များနှင့်အတူ ယခုအခါ ရန်ကုန်မြို့နှင့် မြန်မာနိုင်ငံမြို့ရွာအနှံ့သို့ မြို့မဆင်ဖြူတော်အမှတ်တံဆိပ်ပါ အရောင်းကားများဖြင့် မြို့မဆင်ဖြူတော်အမှတ် တံဆိပ်ပါရင်ထိုးနှင့် တီရှပ်တူညီဝတ်စုံဝန်ထမ်းများက အထက်ဖော်ပြပါ မြို့မဆင်ဖြူတော် အမှတ်တံဆိပ် ငရုတ်သီးမှုန့်၊နနွင်းမှုန့်၊ မဆလာနှင့် အမှုန့်မျိုးစုံကို လက်လီ၊လက်ကားဖြန့်ဖြူး ရောင်းချလျက်ရှိနေပါသည်။

ကျေးဇူးရှင် စားသုံးသူပြည်သူအပေါင်း အတုအပဘေးမှ ကင်းလွတ်ပြီး အစစ်အမှန် ရွေးချယ်ဝယ်ယူအားပေးနိုင်ကြစေရန်နှင့် ဈေးနှုန်းမှန်ကန်စေရန်အတွက် ဝယ်ယူအားပေးသူများအပေါ် မြို့မဆင်ဖြူတော်တံဆိပ်ပါ ပြေစာများ လက်ခံရယူအားပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

မြို့မဆင်ဖြူတော်ကုန်အမှတ်တံဆိပ်ဖြင့် ငရုတ်သီးမှုန့်၊ နနွင်းမှုန့်၊ မဆလာမှုန့်မျိုးစုံများကို ဝယ်ယူအားပေးကြသူ စားသုံးသူအပေါင်းအား မြို့မဆင်ဖြူတော်မိသားစုမှ လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိနေပါသည်။

ယခုအခါ ရန်ကုန်မြို့အရပ်ရပ်တွင် မြို့မဆင်ဖြူတော် ကုန်အမှတ်တံဆိပ်ဟုပြောဆိုပြီး တံဆိပ်အမှတ်အသား လုံးဝမရှိပါဘဲ လာရောက်၍ အချိန်ပိုင်းခန့်လက်တလောခဏတာ ရောင်းချမှုများရှိနေကြောင်း သိရှိရပါသည်။ ထိုကဲ့သို့ရောင်းချနေကြောင်း ပြည့်ပြည့်စုံစုံ အကြောင်းကြားပေးခြင်း၊ ကြိုတင်သတင်းပေးခြင်းနှင့် စုံစမ်းပေးသူမည်သူမဆို မြို့မဆင်ဖြူတော်မိသားစုမှ ထိုက်တန်စွာကျေးဇူးပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အထက်ပါ မြို့မဆင်ဖြူတော် ကုန်အမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ မှိုင်းမ်တုပ၊ ထင်ယောင်ထင်မှား ပြောဆိုရောင်းချခြင်း မပြုလုပ်ကြပါရန်နှင့် ပြုလုပ်ပါက ပါဝင်ပတ်သက်သူအားလုံးကို တည်ဆဲတရားဥပဒေများနှင့်အညီ ပြစ်မှုကြောင်း၊ တရားမကြောင်းတို့အရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ

ဦးတင်မျိုးညွန့်
အထက်တန်းရှေ့နေ

ဦးအောင်နိုင်
တရားရုံးချုပ်ရှေ့နေ

အမှတ် ၃၅၊ မြေညီထပ်၊ ၃၅လမ်း၊ ရန်ကုန်မြို့

ဝမ်းနည်းကြေကွဲခြင်း
ယူလေးကျူး(ခ)ဒေါ်အေးရွှေ
အသက် (၅၈)နှစ်

ဦးလေဝှက်(ခ)ဦးစိုးမြင့် (ပုလဲဒန်အိုး)၏ ဇနီး၊ သူငယ်ချင်းကိုအောင်မင်းထွန်း-မငွေငွေမြင့်တို့၏ မွေးသမိခင် ဒေါ်အေးရွှေသည် ၂၄-၁၂-၂၀၀၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ငယ်သူငယ်ချင်းတစ်စု။

မင်္ဂလာဦး ဆုတောင်း

တူလေး **မောင်တင်ကိုလှိုင်** B.Sc(Math) နှင့် တစ်ဦးတည်းသော တူမလေး **မမေသူဝင်းထွန်း(ခ)စုငယ်** Final Year (Eco.) တို့၏ မင်္ဂလာဦးမှသည် နောင်နှစ်ပေါင်းများစွာတိုင် ဘဝခရီးကို သာယာပျော်ရွှင်စွာ အတူလျှောက်လှမ်းနိုင်ပါစေ။

အန်တီစူး မအေးမြတ်မူ (ယုဇနစူပါမားကတ်)
အန်တီတူး မအေးမြတ်သူ (ယုဇနစင်တာ)

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
ရန်ကုန်တိုင်းတရားရုံး
၂၀၀၃ ခုနှစ် တရားမကြီးမှုအမှတ် ၁၀၃၂

ဦးသိန်းရွှေ
အမှတ် ၇၅-ဒီ၊ ရွှေဘိုလမ်းသွယ်၊ နှင့် ဗိုလ်ချို (၂)ရပ်ကွက်၊ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

တရားလို

၁။ **ဒေါ်အေးအေးမြင့်**
အမှတ် ၁၈၁၊ ၄ လွှာ(ဘယ်)၊ ၄၇ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
၂။ **ဒေါ်အမာညို**
အမှတ် ၇၄၊ပတ္တမြားလမ်း၊ ၁၀ ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်

တရားပြိုင်များ

ဗိုလ်တထောင်မြို့နယ်၊ ၄၇ လမ်း၊ အမှတ် ၁၈၁၊ ၄လွှာ(ဘယ်)နေ ဒေါ်အေးအေးမြင့်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၁၀ရပ်ကွက်၊ ပတ္တမြားလမ်း၊ အမှတ် ၇၄ နေ ဒေါ်အမာညို (ယခုလိပ်စာမသိသူများ)သိစေရမည်။

သင်တို့အပေါ် တရားလိုက လင်မယားကွာရှင်းပြတ်စဲစေလိုမှုနှင့် လင်မယားနှစ်ဦးပိုင် ပစ္စည်းများအားလုံးရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် အမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၁၂ ရက် (၁၃၆၅ ခုနှစ် ပြာသိုလဆုတ် ၆ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များထုတ်နုတ်၍ တစ်ဖက်သတ် စစ်ဆေးဆောင်ရွက်မည်ဖြစ်ကြောင်း အကြောင်းကြားပါသည်။ ၎င်းအပြင် ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်သွင်းပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် ဤတိုင်းတရားရုံးတံဆိပ် ရိုက်နှိပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

လှဝင်း
တွဲဖက်တိုင်းတရားသူကြီး(၈)
ရန်ကုန်တိုင်းတရားရုံး

အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်ုပ်တို့၏သားဖြစ်သူ ဒေါက်တာအောင်ဆန်းနိုင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁၂/ရကန(နိုင်)၀၂၇၃၆၆သည် မိဘများ သဘောမတူသော ကိစ္စများကို မိမိဆန္ဒအလျောက် ပြုမူသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာလိုက်ပါသည်။

ဦးစောညွန့်-ဒေါ်တင်အုံး
အမှတ် ၄၉၂၊ မဟာဗန္ဓုလလမ်း
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

ထိမ်းမြားမင်္ဂလာ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ
ဦးကြီးညွန့်(Chairman, Kingstar Enterprise Ltd.)- ဒေါ်အုန်းပို
(ငွေဆင်ရိုင်း၊ မန္တလေးဖိနပ်ဖြန့်ချိရေး)
တို့၏သားကြီး
မောင်လှိုင်သူရ B.Sc (Chemistry)
(Director, Kingstar Enterprise Ltd.)တာဝန်ခံ၊ ကျွဲကူးမြေပေါ်လွန်းကျင်း (မြိတ်)
နှင့်
ရန်ကုန်မြို့၊ ရွှေတောင်ကုန်းရိပ်သာနေ
သုခမ္မမဏိဇောတရေ ဦးမောင်လှ[Chairman, Tanintharyi Fisheries Co.,Ltd. & Chairman, International Fisheries(Tanintharyi) Ltd.]-ဒေါ်ရှုလှိုင်
တို့၏ သမီးလတ်
မဇင်မာ B.Sc (Botany)

တို့၏ ၂၈-၁၂-၂၀၀၃ ရက်တွင် Sedona Hotel ၌ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်ဇနီး ဒေါ်ခင်လေးမြင့်အား လည်းကောင်း၊ မေတ္တာဖြင့် မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်သော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး တင်အေးနှင့်ဇနီး ဒေါ်ကြည်ကြည်အုန်းအား လည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းချီးမြှင့်ပေးသော ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်နှင့်ဇနီးဒေါ်သက်သက်ဆွေအား လည်းကောင်း၊ တက်ရောက်ချီးမြှင့်ပေးသော ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၏ ဇနီးဒေါ်ခင်သက်ဌေး အားလည်းကောင်း၊ မေတ္တာဖြင့်မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်သော အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့်ဇနီး ဒေါ်ဝေဝေခိုင်၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်အုန်းမြင့်နှင့်ဇနီးဒေါ်နုနုဆွေတို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးကြသော အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့်ဇနီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဇနီးများ၊ ဆွေမျိုး မိတ်သင်္ဂဟများအား လည်းကောင်း၊ ၂၅-၁၂-၂၀၀၃ ရက် Summit Parkview Hotel ၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးကြသော ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးနှင့်ဇနီး ဒေါ်ခင်မာအား လည်းကောင်း၊ မင်္ဂလာအသိသက်သေအဖြစ် လက်မှတ်ရေးထိုးပေးကြသော တပ်မတော်ဆေးရုံကြီး ပါမောက္ခဗိုလ်မှူးချုပ်သန်းစိန်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲမှူးချုပ်သိန်းတင့် တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားနှင့် မော်ကွန်းတင်လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးကြသော ဦးကျော်စိုးဦးနှင့် ဦးဝင်းတင်၊ မင်္ဂလာပန်းကြဲပေးသော မစုလေးညို၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် လက်ထပ်လက်စွပ်ကိုင်ဆောင်ပေးသော ညီမငယ်ပြည့်ဝေဖြိုး၊ သတို့သား သတို့သမီးအရန်အဖြစ် ဆောင်ရွက်ပေးသော မောင်လွင်မောင်ဦးနှင့် မောင်ထူးမြတ်အောင်၊ မအိဝေဖြိုး၊ မခက်ခက်ချော၊ အခါတော် တေးသီချင်းသီဆိုပေးသော တေးသံရှင် စိမ်းမိုမို၊ The Aces တေးဂီတအဖွဲ့၊ ပန်းအလှဆင်ပေးသောနီနီပွိုင့်၊ မိတ်ကပ်နှင့် ဆံပင်အလှဆင်ပေးသော ညီညီမောင်၊ မင်္ဂလာဝတ်စုံဖန်တီးပေးသော ကိုမြင့်စိုး၊ ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးပေးသော စိုင်းဘုန်းထူးနှင့်အဖွဲ့၊ ၂၇-၁၂-၂၀၀၃ ရက် ပဏ္ဍိတာရာမကျောင်းတိုက် မင်္ဂလာဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ပေးသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၂၈-၁၂-၂၀၀၃ ရက်ည Royal Garden Hotel ၌ ကျင်းပပြုလုပ်သည့် မင်္ဂလာညစာစားပွဲတွင် ကြွရောက်ချီးမြှင့်ပေးကြသော လူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများ၊ လူကိုယ်တိုင် မလာရောက်နိုင်သော်လည်း မေတ္တာဖြင့် မင်္ဂလာလက်ဆောင်ပေးပို့အသိအမှတ်ပြုကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ Sedona Hotel နှင့် Summit Parkview Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်လှိုင်သူရ-မဇင်မာ။





ကျေးဇူးဆပ်ပါမည်

ကျော်စွာမြင့်၏ 4 ticket (CDC-48524) ပျောက်ဆုံးသွားပါ၍ ဆက်သွယ်ပေးပါရန်။

ဖုန်း-၀၉-၅၀-၁၈၇၃၆

ဦးတင်(ခ)ဦးအေးမိ
(မိုးကုတ်မြို့)
အသက်(၉၆)နှစ်

မိုးကုတ်မြို့၊ အောင်တန်းရပ်နေ ဒေါ်စက်ဟုန်၊ ရွှေဘိုမြို့နေ ဒေါ်တင်တင်တို့၏အစ်ကို၊ မန္တလေးမြို့၊ ဒါးတန်းရပ်၊ ၈၄ လမ်း၊ ၂၃ x ၂၄ လမ်းကြားနေ ဦးပိန်သေး-ဒေါ်တင်အေး၊ ရန်ကုန်မြို့၊ ဘုရားလမ်းနေ ဦးအောင်ကျော်-ဒေါ်ခင်ငွေးရီ၊ မိုးကုတ်မြို့၊ အောင်တန်းရပ်နေ ဦးတီ၊ ဆရာမ ဒေါ်စန်းစန်းဝင်း (အထပြ)၊ ဒေါ်ညိုညိုဝင်းတို့၏ ဖခင်သည် ၂၈-၁၂-၂၀၀၃ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်ပါသဖြင့် ၃၀-၁၂-၂၀၀၃ရက် (အင်္ဂါနေ့)တွင် မိုးကုတ်မြို့ ဗမ္မန်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်ကျင်မြိုင်
(ကဒပ္ပနကျေးရွာ)
အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ၁၇ လမ်း၊ အမှတ် ၁၆ နေ (ဦးနီ)၏ဇနီး၊ ၁၂၆၊ ၁၉ လမ်းနေ ဒေါ်ကျင်ဝိုင်-(ဦးချန်ဝမ်)တို့၏အစ်မ၊ မန္တလေးမြို့နေ ဦးရွှေ-ဒေါ်စန်းစန်းအေး၊ ၁၆ လမ်းနေ (ဦးတင်ဝင်း)-ဒေါ်မြမြဝင်း၊ မန္တလေးမြို့နေ ဦးသောင်းဝင်း-ဒေါ်တင်တင်ကြီး၊ ၁၅ လမ်းနေ ဒေါ်ရီရီမြင့်၊ ဦးတင်အောင်စိုး-မခိုင်တို့၏မိခင်၊ မြေး ၁၆ ယောက်၊ မြစ်ငါးယောက်တို့၏အဘွားသည် ၁၇ လမ်းနေအိမ်၌ ၂၉-၁၂-၂၀၀၃ရက် နံနက် ၂:၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၃၁-၁၂-၂၀၀၃ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင်နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးဘိုးအောင်
(B.A,˚B.L)
လွှတ်လပ်ရေးမော်ကွန်းဝင်ဒုတိယဆင့်
အသက်(၇၈)နှစ်

အမှတ်၇၅၊ ဗားကရာလမ်း၊ အိုးဘိုရပ်ကွက်၊ကြည့်မြင်တိုင်၊ ရန်ကုန်မြို့နေ (ဦးဘအို-ဒေါ်လုချို)တို့၏သား၊ဒေါ်တင်ရွှေ(ဒေါ်ခမ္မနန္ဒီ)၊ (ဦးထွန်းရွှေ)-ဒေါ်ခင်သက်တင်တို့၏ညီ/မောင်၊(ဦးရန်အေး)-ဒေါ်တင်မေ၊ ဦးမင်းဆွေ-ဒေါ်ခင်နှင်းဆွေတို့၏အစ်ကိုသည် ၂၈-၁၂-၂၀၀၃ရက်(တနင်္ဂနွေနေ့)နံနက်၄း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀-၁၂-၂၀၀၃ ရက်(အင်္ဂါနေ့)မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူညီအစ်ကိုမောင်နှမများ။

ရွှေတောင်မြို့နယ်အသင်း(ရန်ကုန်)
ဦးတင်မြ
(အမှုဆောင်)
အသက်(၇၃)နှစ်

ရွှေတောင်မြို့၊ တည်ကုန်းရပ်နေ (အမိန့်တော်ရရှေ့နေ ဦးသင်းကြိုင်-ဒေါ်မြစိန်)တို့၏သားထွေး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁ ရပ်ကွက်)၊ ၈ လမ်း၊ အမှတ် ၉၇/၁ နေ (ဦးကျော်ဦး-ဒေါ်သိန်းနု)တို့၏ သားသမက်၊ ဦးသန်းညွန့်-(ဒေါ်ခင်မြမြ)၊ ဦးမောင်မောင်-ဒေါ်သောင်းညွန့်တို့၏ညီ၊ ဒေါ်သန်းသန်းစိုး၏ခင်ပွန်းသည် အထက်ပါနေအိမ်၌ ၂၈-၁၂-၂၀၀၃ရက် နံနက် ၃:၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀-၁၂-၂၀၀၃ရက် (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ရာ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ပါမည်။) အမှုဆောင်အဖွဲ့။

ပုလောမြို့နယ်အသင်း(ရန်ကုန်)
ဦးလှစိန်
အသင်းဝင်အမှတ်(၁၈၄၀)
အသက်(၆၅)နှစ်

ပုလောမြို့နယ်၊ ပလကျေးရွာနေ သားဖွားဆရာမ နော်ဘိုးသာ၏ ခင်ပွန်း ဦးလှစိန်သည် ၂၉-၁၂-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၃၁-၁၂-၂၀၀၃ရက် မွန်းလွဲ ၁ နာရီတွင် ပလကျေးရွာနေအိမ်မှ ပလရွာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ အမှုဆောင်အဖွဲ့။

ရဟန်း၊သိမ်၊ကျောင်း၊ တန်ဆောင်းဒါယကာကြီး
ဦးထွန်းဉာဏ်(ခ) လင်ထုံဉာဏ်
(ဟသ်ာတမြို့)
အသက်(၉၇)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ် ရန်ရှင်းလမ်း၊ တိုက် ၃၆၀၊ အခန်း ၁၈ နေ[ဦးစိန်ဝင်း(ခ)ဦးမင်းယုနိုင်]-ဒေါ်လွမ်းဟာ(ခ)ဒေါ်မြင့်မြင့်ဝင်းတို့၏ ဖခင်၊ ဒေါက်တာမင်းစိုးအောင်၊ ကိုအောင်ဆန်းဝင်း-မစန်းယုမော်၊မခင်ခင်မော်(MPA) မော် အပ်ချုပ်ဆိုင်၊ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းရိပ်သာနေ မဂ္ဂသောဘာ (မခင်သင်းမော်)၊ ကိုဝင်းအောင်-မဝင်းဝင်းမော်၊ ကိုရဲမင်းထွန်း-မစိုးစိုးမော်၊ မခိုင်ခိုင်မော်(မြန်မာဂူရှူးလက်ရွေးစင်)၊ မောင်မင်းသူရိန်စိုး(GTI)၊မကေသီမော် (တနှစ်၊ အင်္ဂလိပ်၊ ဒဂုံ)တို့၏အဘိုး၊ မြစ်လေးယောက်တို့၏ အဘေးသည် ၂၈-၁၂-၂၀၀၃ ရက် (တနင်္ဂနွေနေ့) နံနက် ၁၂:၂၅ နာရီတွင် ကွယ်လွန်ပါ၍ ၃၀-၁၂-၂၀၀၃ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်၍ ဂူသွင်းမြှုပ်နှံမည်ဖြစ်ပါကြောင်း။ (ရန်ကင်း နေအိမ်မှကားများ နံနက် ၉:၄၅ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမြေးတစ်စု။

ဦးညွန့်သိန်း(ခ)ထိန်ဟုတ်
(မော်လမြိုင်)
အသက်(၇၆)နှစ်

ရန်ကုန်တိုင်း၊တာမွေမြို့နယ်၊မေတ္တာညွန့်၊ စက်မှုရပ်ကွက်၊ စက်မှု(၄)လမ်း၊ အိမ်အမှတ် ဃ/ ၂၁ နေ (ဦးထားဝါး-ဒေါ်လှကျင်)၏သား၊ (ဒေါ်ထွေး)၏ခင်ပွန်း၊ ဒေါ်မြတ်မြတ်မိုး-ဦးဌေးလွင်၊ ဒေါ်မြတ်မြတ်ထွေး - (ဦးထွန်းဦးလှ)၊ ဦးသိန်းဝင်း-(ဒေါ်ခင်ဖြူဖြူ)၊ ဦးသန်းဝင်း-ဒေါ်သန်းရွှေ၊ (ဦးအောင်ဝင်း)၊ ဒေါ်သွယ်သွယ်ဝင်း-ဦးချစ်ထွန်း၊ ဒေါ်သက်သက်ဝင်း-ဦးဝင်းညွန့်၊ ဦးမျိုးသူဝင်း-ဒေါ်ညို၊ဒေါ်ဝါဝါဝင်း-ဦးတင်လင်းနိုင်၊ ဦးစောထွန်းဝင်း-ဒေါ်သီသီအောင်၊ ဦးအောင်မြင်တို့၏ဖခင်၊ မြေး ၂၈ ယောက်၊ မြစ် လေးယောက်တို့၏အဘိုးသည် ၂၉-၁၂-၂၀၀၃ရက် နံနက် ၈:၁၀ နာရီတွင်ကွယ်လွန်သွားပါ၍ ၃၁-၁၂-၂၀၀၃ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁ နာရီတွင် ကျည်စုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [တောင်ဒဂုံမြို့နယ်၊ (၅၅)ရပ်ကွက်၊ရွှေသဇင် ၂ လမ်း၊အမှတ် ၄၁၁/ခ နေ အိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု။

ဦးလှခိုင်
အုပ်ချုပ်ရေးအရာရှိ(ငြိမ်း)
(မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်း၊ ချောက်မြို့)
အသက်(၇၁)နှစ်

ရန်ကုန်တိုင်း၊အလုံမြို့နယ်၊ သစ်တောဝင်း၊ သစ်မာရပ်ကွက်၊ အမှတ် ၁၈ နေ (ဒေါ်သောင်းကြည်)၏ခင်ပွန်း၊ ဦးမင်းဆွေ(မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း)၊ဦးကျော်သူ(မြန်မာ့သစ်လုပ်ငန်း)၊ မခင်သီတာ(မြန်မာ့သစ်လုပ်ငန်း)၊ မခင်နီလာ(မြန်မာ့သစ်လုပ်ငန်း)တို့၏ဖခင်၊ ဦးလှမြိုင်-ဒေါ်ကြွေကြွေ(ချောက်)၊(ဦးစိန်လှိုင်)-ဒေါ်စောလှိုင်(ချောက်)တို့၏ ညီ/မောင်၊ ဦးစန်းဝင်း-ဒေါ်မြတ်မြတ်ကြည်(မန်းရေနံမြေ)၊ ဦးခင်ထွေး-ဒေါ်သောင်းသောင်း(ချောက်)၊ ဦးထိန်လင်း-ဒေါ်သိန်းကြည်တို့၏အစ်ကိုသည် ၂၉-၁၂-၂၀၀၃ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၃၁-၁၂-၂၀၀၃ ရက် မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ပြုံးပြုံးရီ
(B.A. Ed, B.Ed)
အထပြ၊ (ငြိမ်း)
(လက်ပံတန်း)
အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၅)ရပ်ကွက်၊ ဘိုးရာဇာလမ်း၊ အမှတ် ၁၀၇၂ နေ ဦးဝင်းလှိုင် (မြို့နယ်ပညာရေးမှူး၊ ငြိမ်း)၏ဇနီး၊ ဦးဝင်းဝဏ္ဏဝင်း (Golden Farn Co., Ltd.)-ဒေါ်မြင့်မြင့်ခိုင်၊ ဦးသိန်းထိုက်-ဒေါ်တင်မော်လှိုင်တို့၏မိခင်၊ မောင်ဝင်းသုဝဏ်၊ မောင်ဉာဏ်လင်းထိုက်တို့၏အဘွားသည် ၂၈-၁၂- ၂၀၀၃ရက် (တနင်္ဂနွေနေ့) ည ၁၁ နာရီတွင် သျှင်ပါကူဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၃၀-၁၂-၂၀၀၃ ရက် မွန်းလွဲ ၂ နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးတင်ရွှေ (ပခုက္ကူ)
(ရေကြောင်းမှူးချုပ်၊ငြိမ်း)
ရေကြောင်းပို့ဆောင်ရေးကော်ပိုရေးရှင်း
အသက်(၈၇)နှစ်

ပခုက္ကူမြို့ (ဦးသာ-ဒေါ်သိန်းခင်)တို့၏သား၊(ဒေါ်ခင်ကြည်)၏ခင်ပွန်း၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကျောက်ကုန်းလမ်းမ၊ အမှတ် ၁၂(ခ) နေ ဦးအောင်နိုင်(ညွှန်မှူး၊ တရားရုံးချုပ်၊ ငြိမ်း)-ဒေါ်ကြည်ကြည်ရွှေ (ကုန်သွယ်ရေး၊ ငြိမ်း)၊ ဗိုလ်မှူးခင်မောင်ရွှေ(တပ်မတော်ရေ၊ ငြိမ်း)-ဒေါ်စန်းဝင်း(စက်မှုတက္ကသိုလ်၊ငြိမ်း)၊ဦးကျော်စွာကြည် (Uniteam Co.)-ဒေါ်သီတာရွှေ၊ ဒေါ်ဥမ္မာရွှေတို့၏ဖခင်၊ ကိုစိုင်းအောင်ကျော် - မသဲ့နိုင်ဦး (မြို့တော်စည်ပင်)၊ဗိုလ်ကြီးကျော်သီဟ-မစိုးစန္ဒာနိုင် (မန္တလာဝင်းကုမ္ပဏီ)၊ မောင်ဝဏ္ဏကျော်စွာ၊ မောင်ထက်မင်းအောင်၊ မမို့မို့ကျော်စွာတို့၏ အဘိုးသည် ၂၈-၁၂-၂၀၀၃ရက် (တနင်္ဂနွေနေ့) ည ၁၀:၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀-၁၂-၂၀၀၃ရက် (အင်္ဂါနေ့) ညနေ ၃:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃-၁-၂၀၀၄ရက် (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးဝင်းဒင်(ခ)ဦးသိန်းမြင့်
(ထားဝယ်)
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ငြိမ်း)
အသက်(၇၇)နှစ်

ထားဝယ်မြို့၊ ကျောက်မော်ရပ် (ဦးဝင်း-ဒေါ်လင်း)တို့၏သားကြီး၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် ၄၄၊ ငါးလွှာ၊ မဟာဗန္ဓုလလမ်း၊ ရေကျော်နေ ဒေါ်မြင့်မြင့်ဝင်း၏ခင်ပွန်း၊ ဦးကိုကို(ရန်ကုန်တိုင်း၊ အထွေထွေစီးပွားရေး သမဝါယမအသင်းစုချုပ်လီမိတက်) - ဒေါ်အေးအေးဝင်း (အထက-၄၊ ဗိုလ်တထောင်)၊ ဦးဝင်းနိုင်ဦး-ဒေါ်ဌေးဌေးဝင်း(စိုက်/မွေး)၊ ဦးစိုးညွန့်(စိုက်ပျိုးရေး)-ဒေါ်လေးလေးဝင်း၊ ဦးတင်ထွန်း(ကညန)-ဒေါ်ထွေးထွေးဝင်း(ကညန)၊ဦးဆန်နီဝင်းဒင်-ဒေါ်အေးအေးဖြူ၊ ဦးထွန်းထွန်းဝင်း(၁-ဈေး၊ သာကေတ)-ဒေါ်နွယ်နွယ်အေးတို့၏ ဖခင်ကြီး၊ မြေးကိုးယောက်တို့၏ အဘိုးသည် ၂၈-၁၂-၂၀၀၃ ရက် (တနင်္ဂနွေနေ့) နံနက် ၇:၁၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁၂-၂၀၀၃ ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးစောလေတန်ဖိုး(ခ) ဦးဘလှ (အင်းစိန်)
အသက်(၇၁)နှစ်

အင်းစိန်မြို့နယ်၊နံ့သာကုန်းရပ်ကွက်၊ ဇီးအုံကုန်းလမ်း၊ အိမ်အမှတ် ၁၀၂/A နေ (ဦးလိုင်နယ်ဖိုး-ဒေါ်လော်ရာမွေး)တို့၏စတုတ္ထသား၊ (ဒေါ်အယ်လာမင်း)၏ခင်ပွန်း၊ နော်ရှဖိုး-ဦးစိုးမြင့်၊ စောမတ်ဖိုး-ရှားရီဖော၊စောလုကာဖိုး-နော်ဂရေစ့်၊ နော်တင်တင်အေး-ဦးသန်းဇော်၊ နော်စမ်းစမ်းအေး-စောမြစိန်တို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၂၈-၁၂-၂၀၀၃ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂:၁၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃၀-၁၂-၂၀၀၃ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ဇီးအုံကုန်းဘုရားရှိခိုးကျောင်းတွင် ဝတ်ပြုဆုတောင်းခြင်းပြု၍ ထိန်ပင်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ကိုဝင်းတင်(ခ)ကိုဘဝင်း
B.Sc (Chemistry)
မော်လမြိုင်တက္ကသိုလ်
မြိတ်မြို့
အသက်(၃၄)နှစ်

မြိတ်မြို့၊ အလယ်ကျွန်းရပ်၊ မင်္ဂလာလမ်း၊ အမှတ် ၆၂ နေ ဦးမောင်လုံ-ဒေါ်ရီတင်တို့၏သား၊ မမြင့်မြင့်သီ၊ ကိုဘမြင့်-မစန်းစန်းရီ၊ မခင်မြင့်တို့၏မောင်၊ မခင်မူ၊မောင်သန်းစိုး၊မနွယ်နီထွန်းတို့၏ အစ်ကို၊ မချိုဇင်ဦး (ဒုနှစ်၊ ရက္ခဗေဒ)၊ မသဥ္ဇာဆင့်(အလက-၁၊ မြိတ်)တို့၏ ဦးလေးသည် ၂၅-၁၂-၂၀၀၃ရက် (ကြာသပတေးနေ့)နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇-၁၂-၂၀၀၃ ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် မြိတ်မြို့ တပ်ပြင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်နှင်းရွှေ
အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကလေးရပ်ကွက်၊ ထီးတန်းအိမ်ရာ၊ တိုက်အမှတ် ၁၂၅/၁၃၅၊ အခန်းအမှတ် ၂၀၂/B၊ ခြောက်လွှာနေ (ဦးဝင်းရှိန်-ဒေါ်သက်စု)တို့၏သမီး၊ (ဦးစိန်)၏ဇနီး၊ (ဦးဟင်ပီ-ဒေါ်ပု)၊ (ဦးလိမ္မော်-ဒေါ်နှင်းမြ)၊(ဦးဘဦး-ဒေါ်နှင်းမေ)၊ [ဦးဟင်တက်(ခ)ဦးလှသွင် - ဒေါ်တင်ကြည်]တို့၏ညီမ၊ (ဦးစု-ဒေါ်အမာ)တို့၏ အစ်မ၊ ဦးတက်ဝင်း(ခ)ကိုကောက်-ဒေါ်အေးအေးမူ၊ ဦးသိန်းစိုး-ဒေါ်အေးမြင့်တို့၏ မိခင်၊ မောင်အောင်စည်သူ-မဆွေဆွေထွန်း၊ မလဲ့ဝေလှိုင်၊ မနွေးနွေးဝင်း၊ မောင်ကျော်ခိုင်တို့၏အဘွားသည် ၂၈-၁၂-၂၀၀၃ရက် (တနင်္ဂနွေနေ့) ညနေ ၅:၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀-၁၂-၂၀၀၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းအမ
ဒေါ်မမလေး
အသက်(၈၀)

မန္တလေးမြို့နေ (ဦးခင်မောင်လေး-ဒေါ်သီလှ)တို့၏သမီး၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် ၂၂၊ ၁၂၄ လမ်းနေ (ဦးမူတူး-ဒေါ်စောနု)တို့၏သမီးချွေးမ၊ (ဦးဘလှ)၏ဇနီး၊ (ဦးလှဖေ)-ဒေါ်ဝင်းမြင့်၊ ဒေါ်မာဂျာရီ၊ (ဒေါ်မလေး)၊(ဒေါ်တင်ဥ)တို့၏အစ်မကြီး၊ ဦးဌေးလှ - ဒေါ်ခင်အုန်းမြင့်(ခ)ဘိုမ၊ ဦးတင်အောင်လှ - ဒေါ်ခင်လေးလှိုင်၊ (ဦးစိန်မြင့်)-ဒေါ်သန်းသန်းရီ၊ ဦးကြီးမြင့်၊ (ဦးစိုးတင့်)၊ ဒေါ်သီဂီ၊ ဦးဝင်းမောင်-ဒေါ်လဲ့လဲ့ဝင်းတို့၏မိခင်၊ မြေး ၁၁ ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၂၉-၁၂-၂၀၀၃ရက်(တနင်္လာနေ့)တွင်ကွယ်လွန်သွားပါ၍ ၃၁-၁၂-၂၀၀၃ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂:၄၅ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒုတိယဗိုလ်မှူးကြီး အေးကို (ငြိမ်း)
(မန္တလေး)
ဗိုလ်သင်တန်းအပတ်စဉ်(၂၄)
အသက်(၆၇)နှစ်

မန္တလေးမြို့နေ (ဦးကျောက်စိမ်း-ဒေါ်သိန်းပို)တို့၏သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ပြည်ထောင်စုရိပ်သာ၊ တိုက် ၁၀၊ အခန်း(A)နေ ဒေါ်သန်းညွန့်၏ခင်ပွန်း၊ ကိုသန့်စင်-မအေးအေးလှိုင်၊ ကိုမျိုးအေး-မအေးညွန့်ဌေး၊ ကိုရဲမင်း-မညွန့်ညွန့်ဝင်း၊ ကိုသူရကို-မလေးနွယ်နီဝင်း၊ ဗိုလ်မှူးဝင်းဇော်ဌေး-မသီဂီကို၊ မရွှေစင်ကိုတို့၏ဖခင်၊ မေမြန်မာ၊ သုဟံသာ၊ ကောင်းဟန်စံ၊ ခင်မေကို၊ စည်သူဇော်၊ ကြယ်စင်၊ လဝန်းမေသူတို့၏ ဘိုးဘိုးကြီးသည် ၂၈-၁၂-၂၀၀၃ရက်(တနင်္ဂနွေနေ့) နံနက် ၃:၃၅ နာရီတွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁၂-၂၀၀၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမ
ဒေါ်စိန်စိန်လေး(ခ) ဒေါ်ကုလားမကြီး(ခ) Tina Nyan
(အောင်ချမ်းသာ မော်တော်ကားပစ္စည်းဆိုင်)
အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ် ၃၃၅ နေ (ဦးမောင်ဉာဏ်-ဒေါ်ကျင်ညွန့်)တို့၏ တတိယသမီး၊ မန္တလေးမြို့၊ မဟာမင်းထင်တိုက်၊ မြရတနာတိုက်ကျောင်း ဆရာတော်ဦးကောဝိဒ၏သမီးတပည့်၊ (ဦးသိန်းတန်)-ဒေါ်နီ၊(ဦးလှအောင်)-ဒေါ်ဖြူတို့၏ညီမ၊ ဦးသိန်းလှ-ဒေါ်တာတာ၊ ဦးစိန်မင်း(တရားရုံးချုပ်ရှေ့နေ)-ဒေါ်ဝင်းဝင်းမြိုင်၊ ဦးခင်မောင်စိုး-ဒေါ်မေမေခင်တို့၏ အစ်မ၊ မတင်တင်ရီ၊ ကိုမောင်ချို-မသန်းသန်းဦးတို့၏မွေးစားမိခင်၊ ထူးထက်အောင်၏အဘွားသည် ၂၈-၁၂-၂၀၀၃ ရက် (တနင်္ဂနွေနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၂-၂၀၀၃ ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်း၊သိမ်၊ကျောင်း၊ တန်ဆောင်းဒါယကာကြီး
ဦးထွန်းဉာဏ်(ခ) လင်ထုံဉာဏ်
(ဟသ်ာတမြို့)
အသက်(၉၇)နှစ်

ပဲခူး၊ ညောင်ဝိုင်းရပ်(ဦးစံလင်း-ဒေါ်ရွှေဖုန်း)တို့၏သား၊ ရန်ကုန်မြို့၊ ၁၂၅၊ ၃၁ လမ်းနေ(ဒေါ်နှင်းရီ)၏ခင်ပွန်း၊ ဦးမောင်မောင်ဆွေ-(ဒေါ်ကျင်ထွေး)၊ ဒေါ်လှမြင့်၊ [ဦးစိန်ဝင်း(ခ)ဦးမင်းယုနိုင်]-ဒေါ်လွမ်းဟာ(ခ)ဒေါ်မြင့်မြင့်ဝင်း၊ ဦးဝင်းမောင်-ဒေါ်မြရီတို့၏ ဖခင်ကြီး၊ မြေး ၁၇ ယောက်၊ မြစ်လေးယောက်တို့၏ အဘိုးသည် ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ် ရန်ရှင်းလမ်း၊ တိုက် ၃၆၀၊ အခန်း ၁၈ နေအိမ်၌ ၂၈-၁၂-၂၀၀၃ ရက်(တနင်္ဂနွေနေ့) နံနက် ၁၂:၂၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀-၁၂-၂၀၀၃ ရက် (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်၍ ဂူသွင်းမြှုပ်နှံမည် ဖြစ်ပါကြောင်း။ (ရန်ကင်း နေအိမ်မှကားများ နံနက် ၉:၄၅ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးဘိုးအောင်
(B.A,˚B.L)
လွှတ်လပ်ရေးမော်ကွန်းဝင်ဒုတိယဆင့်
အသက်(၇၈)နှစ်

အမှတ်၇၅၊ ဗားကရာလမ်း၊ အိုးဘိုရပ်ကွက်၊ကြည့်မြင်တိုင်၊ ရန်ကုန်မြို့နေ (ဦးဘအို-ဒေါ်လှချို)တို့၏သား၊ ဒေါ်ခင်ကြည်ကြည်(အထက်တန်းကျောင်းအုပ်ဆရာမကြီး၊ငြိမ်း)၏ခင်ပွန်း၊ ဦးခင်ဇော်-ဒေါ်နွယ်နွယ်အောင်(အမက-၁၀၊လှိုင်)၊ ကိုအောင်သူ(Aung Kaung Myat Co.,Ltd.)-မသွယ်သွယ်အောင်(ရှေးဟောင်းသုတေသန)တို့၏ဖခင်၊မောင်အောင်ပြည့်ဖြိုး(T.T.C)၊မပိုးမြတ်လွန်းသူ(အမက-၂၊ဗဟန်း)တို့၏အဘိုးသည် ၂၈-၁၂-၂၀၀၃ရက်(တနင်္ဂနွေနေ့)နံနက်၄:၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀-၁၂-၂၀၀၃ရက်(အင်္ဂါနေ့)မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးလဘန်ဂမ်
(မြစ်ကြီးနားမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်)
အသက်(၇၂)နှစ်

ဗန်းမော်မြို့၊ စီအင်ရွာနေ (ဦးလဘန်တူး-ဒေါ်ဆွမ်လွတ်ရွှယ်)တို့၏သား၊ (ဒေါ်နန်ဇိန်းကိုင်လိန်)၏ခင်ပွန်း၊ ဒေါ်လဘန်ဘောက်မိုင်-(ဦးကိုလေး)၊ ဗိုလ်မှူးလဘန်ဂရောင်-ဒေါ်ဂျေးနီ၊ ဒေါ်လဘန်ရွှယ်ဂျီး-ဦးမနန်နော်ဆိုင်း၊ ဦးလဘန်လဂျာ-ဒေါ်နန်ဇိန်းလုထွယ်တို့၏ ဖခင်၊ မြေး ၁၅ ယောက်တို့၏ အဘိုးသည် ၂၆-၁၂-၂၀၀၃ ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၃၁-၁၂-၂၀၀၃ ရက် နံနက် ၉:၃၀နာရီတွင် ရေဝေးသုသာန်ခရစ်ယာန်သချိုင်း၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နံနက် ၈:၃၀ နာရီတွင် တိုက် ၁၄၊ မြေနုလမ်း၊စမ်းချောင်းနေအိမ်မှကားများ ထွက်ခွာပါမည်။)ကျန်ရစ်သူမိသားစု။

ဒေါ်ထားထားအေး
အလပြ(ငြိမ်း)၊အထက(၄)အလုံ
အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်း၊ မအူပင်လမ်း၊ အမှတ် ၄၁ နေ(ဦးတီတီ-ဒေါ်ခင်ခင်)တို့၏သမီးကြီး၊ သုဝဏ္ဏ၊တိုက် ၂၀၇၊ အခန်း ၂၊ ချယ်ရီလမ်းနေ ဦးဌေးကြူ၏ဇနီး၊ဦးအောင်စိုး-ဒေါ်ခင်သူဇာ(ES4E)၊ ဦးမောင်မောင်သော်-ဒေါ်စီစီအေး၊ ဦးမောင်မောင်ကျော်-ဒေါ်သန်းသန်းအေး(ဒုရဲအုပ်)တို့၏အစ်မကြီး၊ ကိုမောင်မောင်သန့်ဇင်(SMPetroleum Trading, Singapore)-မဝင့်ပြုံးနိုင်၊ မစန္ဒီကြူတို့၏ မိခင်၊ မောင်သစ်လင်းစိုး (Uniteam)၊ မောင်အောင်ပြည့်ဖြိုး (Uniteam)-မခင်မျိုးလွင်၊ မစုလှိုင်စိုး၊ ဗိုလ်ညီညီအောင်စိုး၊ မောင်ထွန်းလင်းသော်၊ မဝင်းမင်းသော်၊ ဗိုလ်လောင်းဖြိုး မောင်မောင်ကျော်တို့၏ကြီးတော်သည် ၂၈-၁၂-၂၀၀၃ ရက်တွင် ကွယ်လွန်သွားပါ၍ ၃၀-၁၂-၂၀၀၃ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (သုဝဏ္ဏနေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ဉာဏဝံသ
(နယ်လှည့်ဓမ္မကထိက)
စေတီပြင် ပုဏ္ဏားကျွန်းမြို့နယ်
သက်တော်(၃၆)နှစ်၊ သိက္ခာတော်(၁၇)ဝါ

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ကျောင်းတက်လမ်းရပ်ကွက်၊ ဒက္ခောင်းကျောင်းတိုက်၌ သီတင်းသုံးတော်မူသော ဘဒ္ဒန္တဉာဏဝံသ (နယ်လှည့် ဓမ္မကထိက)ဆရာတော်သည် ၁၃၆၅ခုနှစ် ပြာသိုလဆန်း ၅ ရက် (၂၇-၁၂-၂၀၀၃ရက်) စနေနေ့ ညနေ ၅ နာရီတွင် မင်းပြားမြို့ ပြည်သူ့ဆေးရုံ၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ (၂၈-၁၂-၂၀၀၃ရက်) တနင်္ဂနွေနေ့တွင် မိမိသီတင်းသုံးတော်မူရာ စစ်တွေမြို့ ဒက္ခောင်းကျောင်းတိုက်သို့ ပြန်လည်သယ်ဆောင်ယူလာပြီးဖြစ်သောကြောင့် ၎င်းဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၅ ခုနှစ် ပြာသိုလပြည့်ကျော် ၅ရက်(၁၁-၁-၂၀၀၄ရက်)တနင်္ဂနွေနေ့တွင် အဂ္ဂိမအဂ္ဂိစျာပနပူဇာပွဲသဘင်ကို စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ပါသောကြောင့် ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ဒက္ခောင်းကျောင်းတိုက် ဒါယကာ၊ဒါယိကာမများ။

ဒေါ်မြသိန်း
(သပြုကျေးရွာ၊ မနုဖြူမြို့)
အသက်(၈၄)နှစ်

ရန်ကုန်တိုင်း၊ ဒလမြို့နယ်၊ အုံ့ကြီးအနောက်ရပ်ကွက်၊ ဦးဥတ္တမ ၄ လမ်း၊ အမှတ် ၅၄၀ နေ ဦးဘထွေး-ဒေါ်မယ်တင်တို့၏သမီး၊ (ဦးထွန်းစိန်)၏ဇနီး၊ ဦးမောင်မောင်(အငြိမ်းစား၊ ထလတ-၆)-ဒေါ်မြင့်မြင့်စိန်၊ ဦးကံမြင့်-ဒေါ်ခင်မမ၊ (ဦးမောင်မောင်လေး)၊ ဒေါ်ခင်မမလေး၊ဦးမောင်မောင်မြင့်(အမှတ်-၆/ခ သစ်စက်ဝါးတစ်ရာ)၊ဦးဇော်မင်း(မြို့တော်စည်ပင်)-ဒေါ်ခင်မေရီတို့၏မိခင်၊ဦးတင်ထွဋ်အောင်(ဒုတိယစုံစမ်းရေးမှူး၊ စစစ၊ ပဲခူးတိုင်း)-ဒေါ်အေးသူဇာ၊ မရတနာထိုက်(Final Year Bot˚၊ အရှေ့ပိုင်းတက္ကသိုလ်)၊ မစုသန္တာဇော်(1st Year Law၊ အရှေ့ပိုင်းတက္ကသိုလ်)၊ မောင်သက်ထွန်းဇော်(IVအမက-၅၊ ဒလမြို့)တို့၏အဘွား၊ မသိမ်မွေ့အောင်၏ ဘွားဘွားကြီးသည် ၂၉-၁၂-၂၀၀၃ရက် နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၃၁-၁၂-၂၀၀၃ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် အုံ့ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ဆွေဆွေအေး
အသက်(၅၁)နှစ်

ဖျာပုံမြို့၊ ၇ လမ်းနေ (ရဲမှူးအေးကို)-ဒေါ်သိန်းသိန်းကြည်တို့၏ သမီးကြီး၊ စစ်တွေမြို့၊ လမ်းမတော်ရပ်ကွက်နေ (ဦးအောင်စံထွန်း)- ဒေါ်စိုးသိန်းဖြူတို့၏ ချွေးမ၊ဒေါ်ခင်သီတာအေး(အထက-၁၊ ရွှေပြည်သာ)၊ဦးဉာဏ်လင်းအေး(PMG Co.,Ltd.)၊ရဲအုပ်ခင်နီလာအေး(မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊အင်းစိန်)၊ ကိုကိုမိုးအေး(တပ်မတော်-ရေ)၊ ကိုကိုမြတ်အေး၊ ကိုကိုငြိမ်းအေးတို့၏ အစ်မကြီး၊ ရန်ကုန်တိုင်း၊ အလုံမြို့နယ်၊ မနော်ဟရီဝန်ထမ်းအိမ်ရာ၊ တိုက်(B)၊ အခန်းအမှတ် ၂၀၄ နေ ဦးကျော်ဝင်း(ဦးစီးအရာရှိ၊ လူမှုဝန်ထမ်းဦးစီးဌာန)၏ဇနီး၊ မလဲ့ရည်ဝင်း(အထက-၁၊ အင်းစိန်)၊ မောင်ကျော်သက်အောင်(အထက-၂၊ အလုံ)တို့၏မိခင်သည် ၂၉-၁၂-၂၀၀၃ ရက် (တနင်္လာနေ့) နံနက် ၉ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၁၂-၂၀၀၃ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
Lia. Zel Don Hau
(ဟာဝေရှန်)
B.A, B.Ed
အထပြ(ကာယ)ဟားခါးမြို့
အသက်(၃၈)နှစ်

ကလေးမြို့၊ပင်လုံရပ်ကွက်၊ ဆိပ်ကမ်းသာလမ်းနေ (Pa Thang Khan Lian-Nu Cing Khan Mang)-Nu Nuam Za Ciinတို့၏သမီးကြီး၊ Pa Nang Lian Mung- Nu Man Lun Niang၊ Nu Dim Khan Lun-ဦးဇော်ဝင်း၊ Tg.Neng Zam Thang၊ Tg. Khual Khan Suan (B.Sc, Math G.T.I-MP)၊ Tg. Kham Suan Kim (2nd Year Geo၊ ကလေးတက္ကသိုလ်)၊ Tg. Hau Lian Nangတို့၏အစ်မ၊ Tg. Lian Muan Thawng၊ Tg. Khup Suan Khai၊ Lia Ciin Muan Cing၊ Lia Man Lun Dim တို့၏အဒေါ်သည် ၂၈-၁၂-၂၀၀၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂:၄၅ နာရီတွင် အထက်ပါနေအိမ်၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃၀-၁၂-၂၀၀၃ရက် (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ကလေးမြို့ ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးကိုကိုကြီး (ဦးကောသလ္လ)
ကကြီးသုံးလုံး
(ကန်တော့ခံသက်ကြီးစာပေ ပညာရှင်)
အသက်(၈၉)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊အရှေ့မြင်းပြိုင်ကွင်းလမ်း၊ အမှတ် ၉/င နေ(အငြိမ်းစားပညာဝန်ထောက် ဦးဘိုးစိုး-ဒေါ်စောရီ)တို့၏ဒုတိယသား၊ဒေါ်လှရင်၏ခင်ပွန်း၊ ဦးအောင်မြင့် (အောင်မြန်မာ သ/မ လီမိတက်)၊ဦးသိန်းအောင်(နိုင်ငံခြားငွေ)၊ ဒေါ်စုစုကြီး၊ ဒေါ်ခင်ခင်ကြီး၊ ဒေါ်လှလှကြီး၊ဒေါက်တာစိန်စိန်ကြီး(မွေး/ကုဦးစီး၊ ရန်ကုန်တိုင်း)-ဗိုလ်ကြီးစိုးထွန်း(ငြိမ်း)တို့၏ဖခင်၊ မောင်နိုင်ဦး၊မလှိုင်လှိုင်ကြီး-မောင်ဉာဏ်လင်းဝင်း၊မောင်နေဇင်လတ်၊ မောင်ကျော်အောင်ထွန်း၊မောင်မင်းစိုးမိုးတို့၏အဘိုးသည် ၂၈-၁၂-၂၀၀၃ရက် (တနင်္ဂနွေနေ့) ည ၁၀:၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၂၉-၁၂-၂၀၀၃ရက် (တနင်္လာနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၃-၁-၂၀၀၄ရက်(စနေနေ့)နံနက် ၇ နာရီတွင် အထက်ပါနေအိမ်၌ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးဝင်းစိန်
[လ/ထအင်ဂျင်နီယာ(စက်မှု)ငြိမ်း]
အသက်(၇၄)နှစ်

ရန်ကုန်တိုင်း၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၉)ရပ်ကွက်၊ အောင်သစ္စာလမ်း၊ အမှတ် ၃၆၄ နေ ဒေါ်တင်၏ခင်ပွန်း၊ ဦးမြင့်စိုး(စက်မောင်းယန္တရား)-ဒေါ်ခင်သန်းမြင့်၊ဦးမြင့်ဇော်(UNDP-Project)-ဒေါ်သန်းသန်းညွန့်၊ ဒေါ်မြင့်မြင့်ဝင်း၊ ဦးမြင့်ကျော် (2nd Eng: Uniteam Co.,Ltd.)-ဒေါ်သန္တာလှိုင်(ဌာနခွဲမှူး၊ရေနံဓာတု)၊ဒေါ်မိမိလေး(မူ/ပြ၊ အမက-၁၊ ဒဂုံမြောက်ပိုင်း)၊ ဒေါ်ဝင်းဝင်းရီ(ကထိက၊အရှေ့တိုင်းပညာဌာန၊ ဒဂုံတက္ကသိုလ်)တို့၏ဖခင်၊ မြေး ခုနစ်ယောက်တို့၏ အဘိုးသည် ၂၈-၁၂-၂၀၀၃ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၃၀-၁၂-၂၀၀၃ရက် ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃:၁၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာ
ကိုသော်မင်း
(ON ဘက္ကထရီပလိပ်ပြား)
အသက်(၄၀)

ရန်ကုန်မြို့၊လှိုင်မြို့နယ်၊(၁၆)ရပ်ကွက်၊ မာလာမြိုင် ၈ လမ်း၊ အမှတ် ၇၀ နေ (ဦးဟန်စိန်-ဒေါ်ပု)တို့၏မြေး၊ (ဦးသိန်းမြင့်-ဒေါ်တင်ရီ)တို့၏သားဦး၊ (ဦးလှခိုင်)၊ ဦးတင်ဝင်း-ဒေါ်သန်းရီတို့၏တူ၊ ဒုတိယဗိုလ်မှူးကြီးလှဟန်(ငြိမ်း)- ဒေါ်ခင်ချိုမြင့်၊ ဦးမင်းသန်းထိုက်-ဒေါ်စိုးစိုးမြင့်၊ ဦးစံတိုးအောင်-ဒေါ်ထွေးထွေးမြင့်တို့၏အစ်ကို၊ မမှုမှုမြင့်၏ခင်ပွန်း၊ မောင်ကိုကိုဆက်-မသီရိစိုး၊ မောင်ဥက္ကာမင်း (အလက-၆၊လှိုင်)၊ မောင်မင်းခန့် (အလက-၆၊လှိုင်)တို့၏ဖခင်၊ တူ တူမ ခုနစ်ယောက်တို့၏ဘကြီးသည်၂၉-၁၂-၂၀၀၃ရက် (တနင်္လာနေ့) နံနက် ၇:၅၀ နာရီတွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၃၁-၁၂-၂၀၀၃ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

30-12 (19).p65 1 3/24/05, 8:37 PM

ရန်ကုန်မြို့တော်နေ မြို့တော်သူမြို့တော်သားများ သောက်သုံးရေဖူလုံရမည် အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)က စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်နေ

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ သတင်းထောက်သန်းဆွေ(ပန်းဘဲတန်း)

ရန်ကုန် ဒီဇင်ဘာ ၂၉

“ရန်ကုန်မြို့တော်နေ မြို့တော်သူမြို့တော်သားများသောက်သုံးရေ ဖူလုံရမည်”ဟူသော ဆောင်ပုဒ်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)၏ ဆောင်ပုဒ်ဖြစ်သည်။

ဆောင်ပုဒ်နှင့်အညီ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)သည် ဌာန၏လုပ်ငန်းတာဝန်များကို ပီပြင်စွာဆောင်ရွက်နိုင်ရန်အတွက် ရည်မှန်းချက်ငါးရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ■

ဖူးကြီးရေလှောင်ကန်ကြီးအတွင်း ပတ်ဝန်းကျင် ရေဝေရေလဲကောင်းမွန်မှုကြောင့် ရေများပြည့်လျှံနေသည်ကို ဤသို့ သာမောဖွယ်တွေ့ရသည်။ **ဓာတ်ပုံ–သန်းဆွေ(ပန်းဘဲတန်း)**

အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)က ရန်ကုန်တိုင်းမီးသတ်ဦးစီးဌာနက အသုံးပြုရန် အချက်အချာကျ၍ လိုအပ်သောနေရာများတွင် ၂၄နာရီပတ်လုံး ရေရယူနိုင်သော ရေယူငုတ်တိုင်များကို ထားရှိပေးသည်။

ဓာတ်ပုံ–သန်းဆွေ(ပန်းဘဲတန်း)

ကမ္ဘာတစ်လွှားထူးထူးခြားခြား

ကမ္ဘာ့သံလိုက်စက်ကွင်းလေ့လာမည်

ကမ္ဘာ့သံလိုက်စက်ကွင်းကို နှိုက်နှိုက်ချွတ်ချွတ် စူးစမ်းလေ့လာရန် ရည်ရွယ်သော တရုတ်အီးယူ၏ ကြယ်စင်နှစ်ထပ်ပူးတွဲစီမံကိန်းတွင် ပထမဆုံးလွှတ်တင်မည့် ဂြိုဟ်တုကို ဓါတ်ပုံတွင် ပါသည့်အတိုင်း အပြီးသတ်ပြင်ဆင်မှုများလုပ်ခဲ့ကြသည်။



(အေအက်ဖ်ပီ)

လေထီးခုန်ပြိုင်ပွဲ

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကိုးရက်ကြာ ကျင်းပသည့် လေထီးခုန်ပြိုင်ပွဲ၌ အာရှ၊ ဥရောပနှင့် အမေရိကန်ပြည်ထောင်စုတို့မှ လေထီးခုန်သမား ၅၃ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ အောက်ပုံမှာ ကွာလာလမ်ပူမြို့ရှိ ပီထရိုနပ်စ် မိုးမျှော်အမြွှာမျှော်စင်ပေါ်မှနေ၍ ဖလော်ရီဒါပြည်နယ်မှ လေထီးခုန်သမား ဘာစတာဂီလက်ပီ လေထီးဖြင့် ခုန်ဆင်းလာပုံ ဖြစ်သည်။

ယင်းလေထီးခုန်ပြိုင်ပွဲဝင်သူများကို ခုန်ဆင်းသည့်ကြာမြင့်ချိန်၊ လေထီးစဖွင့်ချိန်၊ မြေပြင်ရှိသတ်မှတ်နေရာကို အတိအကျ ဆင်းသက်နိုင်မှုနှင့် လေထဲတွင် ကျွမ်းထိုးကစားနိုင်မှုတို့အပေါ် ကြည့်ပြီး အမှတ်ပေးဆုံးဖြတ်သည်။ **(အေပီ)**



အဆင့်မြင့် နည်းပညာပြပွဲ

တရုတ်ပြည် ဘေဂျင်း၌ ကျင်းပသောအဆင့်မြင့်နည်းပညာပြပွဲ၌ တရုတ်ကိုယ်ဟန်ပြမယ်များက စက်ရုပ်လူသားများသဖွယ် ဖျော်ဖြေတင်ဆက်ကြစဉ်။ **(ဝဲပုံ)**

(ဓာတ်ပုံ–အေအက်ဖ်ပီ)

(၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါးနှင့် မှတ်တမ်းဓာတ်ပုံ

“ယခုအခါ ဆည်တမံများမှ ရေများအလျှံပယ် ရရှိနေပါပြီ။ ၎င်းမှာ နိုင်ငံတော်နှင့် ပြည်သူတို့၏ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်မှု၏ အကျိုးရလဒ်ကောင်းများ ဖြစ်ပါတော့သည်”

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး **“ဆည်တမံလုပ်ငန်းများမှသည် သီးနှံစိုက်ပျိုး အထွက်တိုးစေမည်”**ကို စာမျက်နှာ (၈ နှင့် ၉)တွင် ဖော်ပြထားပါသည်။ **(မြန်မာ့အလင်း)**

မြန်မာ့ရိုးရာလက်ဝှေ့ချန်ပီယံဗိုလ်လုပွဲ ဇန်နဝါရီ ၁၀ရက်နှင့်၁၁ရက်တွင် သုဝဏ္ဏ၌ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၉

မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်က ကြီးမှူးပြီး ဇန်နဝါရီ ၁၀ ရက်နှင့် ၁၁ ရက်များတွင် သုဝဏ္ဏပိုက်ကျော်ခြင်းအားကစားရုံ၌ မြန်မာ့ရိုးရာလက်ဝှေ့ဗိုလ်လုပွဲ ကျင်းပမည်ဖြစ်သည်။

လက်ဝှေ့ပွဲတွင် မြန်မာပြည် လက်ရှိရိုးရာလက်ဝှေ့ချန်ပီယံ ရွှေဆိုင်း(မြိုင်ကြီးငူ)ကို ယခင်လက်ဝှေ့ချန်ပီယံဟောင်း ဝမ်ချိုင်းက စိန်ခေါ်ထိုးသတ်မည့်ပွဲလည်း အဓိကပါဝင်မည်ဖြစ်သည်။

ပထမနေ့ အခြားပွဲစဉ်များမှာ လက်ဝှေ့လောက၌ နာမည်တစ်ရှိန်ထိုး ကြီးလာသော မြောင်းမြသားကျော်တင်(KLN)နှင့် အေးဗိုစိန်(လယ်/ဆည်)၊ ကျော်တင်၏ညီ ကျော်ဆန်း(တိုင်း/ပြည်နယ်)ငွေတံဆိပ်ရှင်နှင့် တိုင်း/ပြည်နယ် ရွှေတံဆိပ်ရ ခွန်မောင်ကြူး(တောင်ငူ)၊ လူလေး(ဘားအံ)နှင့် မဂျစ်(မော်လမြိုင်)၊ သားစစ်နိုင်(တွံတေး)နှင့် နေဇော်(ရွှေရိုးရာ)၊မင်းထွန်းလေး(ရွှေရိုးရာ)နှင့် ရာဇာ(ဒိုက်ဦး)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

ဒုတိယနေ့ပွဲတွင် စိန်ခေါ်သူဝမ်ချိုင်းနှင့် ချန်ပီယံရွှေဆိုင်း၊ စောဇော်လွင်(KLN)နှင့် တိုင်း/ပြည်နယ်ရွှေတံဆိပ်ရ နောင်စု(လယ်/ဆည်)၊ အနောက်တိုင်းလက်ဝှေ့လောကမှ စောဇရော(KLN)နှင့် တိုင်း/ပြည်နယ် ရွှေတံဆိပ်ရှင် စောအုန်းမြင့်(လယ်/ဆည်)၊ ဖွဲမာန်(ရွှေရိုးရာ)နှင့်

စာမျက်နှာ ၁၁ ကော်လံ ၅ ●

စိန်ခေါ်သူ ချန်ပီယံဟောင်း ဝမ်ချိုင်း(မြဝတီ)။ (က-ပ)

မြန်မာပြည်လက်ရှိချန်ပီယံရွှေဆိုင်း(မြိုင်ကြီးငူ)။ (က-ပ)

ယနေ့ထုတ်စောင်ရေ ၂၀၂၄၉၁